# ကြေးမုံ

၁၉၅၇ မေ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 *The* **Mirror Daily**

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၀ ရက် တနင်္ဂနွေနေ့၊ 17, Sunday April 2016 (၈၅၃၄)


## ဒီနှစ်သစ်နဲ့ နောင်လာမယ့်နှစ်များဟာ ပိုမိုမြင့်မားတဲ့အဆင့်တစ်ခုဆီသို့ တက်လှမ်းနိုင်မည်



**နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်လွှာ**
**၁၇-၄-၂၀၁၆**

**နိုင်ငံတော်သူ နိုင်ငံသားများ ခင်ဗျား၊**

နှစ်သစ်မင်္ဂလာ အခါသမယမှာ နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြီးခဲ့တဲ့ရက်များအတွင်း မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပြီး ဒီကနေ့ကစတင်ကာ မင်္ဂလာရှိသော နှစ်သစ်ကို ဝင်ရောက်ကြတော့မှာဖြစ်ပါတယ်။

ထူးမြတ်တဲ့ဒီလိုနေ့ရက်မှာ နိုင်ငံသူ နိုင်ငံသားများကို ဦးစွာ ပထမပြောကြားလိုတာကတော့ ကျေးဇူးစကားပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲကြီးမှာ ပြည်သူတစ်ရပ်လုံး တစ်ခဲနက် ထောက်ခံဆန္ဒမဲပေးခဲ့ကြတဲ့အတွက် ကျွန်တော်တို့အစိုးရအဖွဲ့ အနေနဲ့ နိုင်ငံ့တာဝန်များကို လွှဲပြောင်းရယူနိုင်ခဲ့တာဖြစ်ပြီး ကျွန်တော်ကိုယ်တိုင်လည်း အခုလို နှစ်သစ်ကူးနှုတ်ခွန်းဆက် စကားပြောကြားခွင့်ရတာဖြစ်လို့ မဲဆန္ဒရှင် ပြည်သူလူထုကြီးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

နှစ်သစ်ကူးကာလမှာ နိုင်ငံသားအများပြည်သူ နှစ်ထောင်းအားရရှိစေဖို့အတွက် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊နိုင်ငံရေးနဲ့ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရတဲ့ ကျောင်းသား ကျောင်းသူများ လွတ်မြောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများမှာ ပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့ နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကာ သူတို့အသီးသီးကျခံနေရတဲ့ ပြစ်ဒဏ်များ၊ စွဲဆိုထားတဲ့အမှုတွေက လွတ်မြောက်စေဖို့ ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာ လတ်တလောကိစ္စရပ်များအတွက် ဖြေရှင်းဆောင်ရွက်တာဖြစ်ပြီး ရှေ့အဖို့မှာလည်း နိုင်ငံရေးအပါအဝင် မိမိတို့ရဲ့ ယုံကြည်ချက်များအတွက် ဥပဒေစည်းမျဉ်းများနဲ့အညီ ကျင့်သုံးဆောင်ရွက်ကြသူတို့ အကျဉ်းချခံရခြင်းဘေးက ကင်းဝေးစေဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုဆိုရင် ဒီနှစ်သစ်နဲ့ နောင်လာမယ့်နှစ်များဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးမှာ ပိုမိုမြင့်မားတဲ့ အဆင့်တစ်ခုဆီသို့ တက်လှမ်းနိုင်စေဖို့ အခွင့်အလမ်းများစွာ သယ်ဆောင်လာမှာဖြစ်ကြောင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဘယ်ဘက်မျက်လုံး ခွဲစိတ်ကုသမှု အောင်မြင်

**နေပြည်တော် ဧပြီ ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သင်္ကြန်အတက်နေ့ဖြစ်သော ယနေ့ နံနက် ၉ နာရီခန့်တွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး၌ ဘယ်ဘက်မျက်လုံးအား အတွင်းတိမ်ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် ခွဲစိတ်ကုသမှု အောင်မြင်စွာပြီးစီးခဲ့ကြောင်း အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၏ လူမှုကွန်ရက် စာမျက်နှာတွင် ဖော်ပြထားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အနေဖြင့် ဧပြီ ၉ ရက် နံနက်ပိုင်းက ညာဘက်မျက်လုံး ခွဲစိတ်ကုသမှု အောင်မြင်စွာပြုလုပ်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် ဘယ်ဘက် မျက်လုံးအတွင်းတိမ်ကို ထပ်မံ၍ ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ခွဲစိတ်မှုပြုလုပ်ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မျက်လုံးအား ရက်အနည်းငယ် အနားပေးရမည် ဖြစ်ကြောင်း အထူးကု ဆရာဝန်ကြီးများက အကြံပြုထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှစ်သစ်ကူးမိန့်ခွန်းပြောကြားမည်

**နေပြည်တော် ဧပြီ ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် နှစ်သစ်ကူးမိန့်ခွန်းကို ဧပြီ ၁၈ ရက် နံနက် ၇ နာရီ၊ မွန်းလွဲ ၃ နာရီနှင့် ည ၈ နာရီ သတင်းအပြီးတို့တွင် MRTV NEWs Channel နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## အကျဉ်းသား ၈၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၃/၂၀၁၆
၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း**

နှစ်သစ်ကူးအခါသမယတွင် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်သူလူထုနှလုံးစိတ်ဝမ်းငြိမ်းချမ်းစေရေးတို့ကို ဦးတည်သောအားဖြင့် အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား ၈၃ ဦးကို ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် မြန်မာနှစ်ဆန်း ၁ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ရက်) နေ့မှစ၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**





ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ပိတ်ပွဲအခမ်းအနား ကျင်းပမှုမြင်ကွင်း။ (သတင်းစဉ်)


## ထွန်းရွှေဝါဆေးတိုက် နှစ်သစ်ကူးမင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူမိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်အတူ စီးပွားဉစ္စာများ ဒီရေအလားတိုးတက်ပါစေကြောင်း ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# ရွှေတောင်ကုန်းသာသနာ့ရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ပျံလွန်တော်မူ



**ရန်ကုန် မေ ၁၆**

ရန်ကုန်မြို့ ရွှေတောင်ကြားရပ်ကွက် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာ ဘိဝံသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ကြီး သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါသည် ယနေ့ မြန်မာစံတော်ချိန် ၇ နာရီ ၃၅ မိနစ်(ဒေသစံတော်ချိန် ၈ နာရီ ၀၅ မိနစ်)တွင် ဗန်ကောက်မြို့ ဘန်မူဂရတ်ဆေးရုံကြီး (BUM RUN GRAD HOSPITAL)တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရသည်။

ဆရာတော်ကြီးသည် ရင်ကျပ်သည့်ဝေဒနာဖြင့် ရန်ကုန်အာရှတော်ဝင်ဆေးရုံတွင် ယခုနှစ် မတ် ၁၇ ရက်မှ မေ ၈ ရက်အထိ လည်းကောင်း၊ ရန်ကုန်ဆေးရုံကြီးတွင် မေ ၈ ရက်မှ ၁၀ ရက်အထိ လည်းကောင်း ဆေးကုသမှုခံယူခဲ့ပြီး ဗန်ကောက်မြို့ ဘန်မူဂရတ်ဆေးရုံသို့ မေ ၁၀ ရက်တွင် ပြောင်းလဲပို့ဆောင်ကုသခဲ့သည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ရန်ကုန်မြို့သို့ မေ ၁၇ ရက်တွင် လေကြောင်းခရီးဖြင့် ပင့်ဆောင်လာပြီး ရွှေတောင်ကြားရပ်ကွက် ရွှေတောင်ကုန်းကျောင်းတိုက်တွင် ခေတ္တထားရှိမည်ဖြစ်သည်။ အန္တိမစျာပနကို မေ ၂၀ ရက်တွင် ကျင်းပရန် စီစဉ်ထားပြီး ကျင်းပမည့်နေရာကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း (သို့မဟုတ်) ပဲခူးမြို့ ဆယ်မိုင်ကုန်းရှိ ပဏ္ဍိတာရာမကျောင်းတွင် ပြုလုပ်ရန် ညှိနှိုင်းစီစဉ်လျက်ရှိကြောင်း သိရသည်။

(M.g Cs)

ကြေးမုံ

# နှစ်သစ် စနစ်သစ် ခေတ်သစ်ဆီသို့

နှစ်တစ်နှစ်ကူးပြန်ပြီ။

နှစ်ဟောင်းက အညစ်အကြေးများ၊ မကောင်းမှုများ၊ အမုန်းတရားများကို နှစ်ဟောင်းမှာပဲ ထားရစ်ခဲ့ကာ မွန်မြတ်သန့်စင်မှုများ၊ ဖြူစင်နိုးကြားမှုများ၊ ချစ်ခြင်းမေတ္တာတရားများ ထုံမွမ်းကာ ကုသိုလ်တရားနှင့် ပြည့်စုံသောနှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်တောင်းလိုက်ပါသည်။

သည်နှစ်သစ်က မြန်မာပြည်သူလူထုအတွက် လွန်စွာမှထူးခြားလေးနက်သော အားတက်ဖွယ်ဖြစ်သော မျှော်လင့်ချက်တို့ လင်းပွင့်သော မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသော နှစ်သစ်ဖြစ်ပါ၏။

ပြည်သူလူထု ရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရသစ်၊ ထို့နောက် ပြည်သူ့ကိုယ်စားလှယ်အများစု တက်တက်ကြွကြွ လှုပ်ရှားတာဝန်ယူနေသော လွှတ်တော်များနှင့်အတူ နိုင်ငံပြန်လည်ထူထောင်ရေး အစီအစဉ်သစ်များ၊ လုပ်ငန်းစဉ်သစ်များ စတင်ဆောင်ရွက်နေကြသည်များကလည်း ယခုနှစ်သစ်အတွက် မင်္ဂလာကျက်သရေပြည့်ဝနေစေသည်များ ဖြစ်ပေသည်။

သဘာဝရင်းမြစ် သယံဇာတများ ပေါကြွယ်ဝကာ ပျော်ရွှင်တတ်သော စိတ်ထားကောင်းမွန်သည့် ပြည်သူများနှင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်သည်ကား ယခုအခါ အကောင်းဘက်သို့ တဖြည်းဖြည်းချင်း ရောက်ရှိလာနေပြီ ဖြစ်ပါသည်။

တည်ငြိမ်သော နိုင်ငံရေး၊ မျှတတိုးတက်သော စီးပွားရေး၊ တန်းတူညီသော လူမှုရေး၊ ယဉ်ကျေးမှုတို့သည် မကြာလှသည့် ကာလအတွင်းမှာ ရောက်ရှိလာတော့မည်ဟု ပြည်သူတို့မှာ မျှော်လင့်ယုံကြည်ခွင့် ရှိနေကြပြီ ဖြစ်ပါသည်။

ယခုလို မင်္ဂလာရှိသော နှစ်သစ်အခါသမယတွင် မိမိတို့၏ ယုံကြည်ချက်ကြောင့် အကျဉ်းကျခဲ့ကြသော နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်လာမည်ဟုလည်း ပြည်သူတို့က မျှော်လင့်နေကြပြီဖြစ်ပါသည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တစ်ခါကပြောခဲ့ဖူးသလို အကျဉ်းထောင်တစ်ခုမှာ နိုင်ငံရေးအကျဉ်းသားတစ်ဦး ရှိနေသည်ဆိုလျှင်ပင် များပြားလွန်းလှပြီဟုဆိုခဲ့သည့်အတိုင်း နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးသည်လည်း မဝေးတော့ပြီဟု ထင်မြင်မိပါသည်။

တည်ငြိမ်အေးချမ်းကာ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတော်ဖြစ်ရေး ထူထောင်သည်ဆိုသည်မှာ နေ့ချင်းညချင်း ပြီးစီးနိုင်မည်မဟုတ်သည်ကို ပြည်သူတို့က နားလည်သဘောပေါက်ပြီးဖြစ်သလို၊ အစိုးရအဖွဲ့သစ်ကို ပြည်သူ့အင်အားနှင့် အားပေးထောက်ခံကာ ဝိုင်းဝန်းဆောင်ရွက်သွားမည်ဟုလည်း ပြင်ဆင်နေကြပါပြီ။

နှစ်ပေါင်းများစွာ ယိုယွင်းခဲ့သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် အဓိကကျသော ဒီမိုကရေစီတောင့်တင်းခိုင်မာရေး၊ စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ တိုင်းရင်းသားများနှင့် ချစ်ကြည်စွာ တန်းတူညီမျှ ဆက်ဆံနိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုထူထောင်နိုင်ရေး၊ တည်ကြည်မှန်ကန်သည့် အခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးနှင့် ပြည်သူပြည်သားအပေါင်း၏ အခြေခံ စားဝတ်နေရေးတို့ ပြေလည်ကာ လူချင်းတူတူ၊ သူချင်းမျှမျှရပ်တည်နိုင်ကြရေးတို့အတွက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရအဖွဲ့တို့နှင့်အတူ မြန်မာပြည်သူတို့ အတူတကွပူးပေါင်းကာ အောင်မြင်အောင် လက်တွဲဆောင်ရွက်နိုင်ပါစေသတည်း။ ။

# ရန်ကုန်မြို့တော် မဟာသင်္ကြန် ဗဟိုမဏ္ဍာပ်ပိတ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၆**

ရန်ကုန်မြို့တော်မဟာသင်္ကြန် ဗဟိုမဏ္ဍာပ်ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားကို သင်္ကြန်အတက်နေ့ ညနေ ၅ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားကာ ပိတ်သိမ်းပေးသည်။

ထို့နောက် ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေကြပြီး ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ပိတ်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယနေ့ သင်္ကြန်အတက်နေ့ ညနေပိုင်းမှ ညပိုင်းအထိ ရန်ကုန်မြို့တော်မဟာသင်္ကြန်ဗဟိုမဏ္ဍာပ်တွင် ယိမ်းအဖွဲ့များ၊ ရုပ်ရှင်ဂီတ သဘင်အဖွဲ့များနှင့် သံချပ်အဖွဲ့များက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

■

# ငလျင်နောက်ဆက်တွဲထပ်မံဖြစ်ပွားနိုင်သော အခြေအနေများအတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ကြိုတင်စီမံထားရှိ

**နေပြည်တော် မေ ၁၆**

ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဆောင်ရွက်ရန်ကိစ္စရပ်များအား အထူးအလေးထားဆောင်ရွက်ရန်နှင့် ဆေးရုံများတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော အရေးပေါ်ဆေးရုံစောင့်ရှောက်မှု စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မေ ၁၃ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်နှင့်နောက်ဆက်တွဲပြဿနာများ ထပ်မံဖြစ်ပွားနိုင်သော ငလျင်အခြေအနေများအတွက် ကျန်းမာရေးဝန်ကြီးဌာနက ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျပြုလုပ်ထားရှိဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဆေးရုံ၊ ဆေးခန်းများသည် အန္တရာယ်ရှိနိုင်သော အဆောက်အအုံများတွင်ရှိနေပါက ရုံး၊ ဌာန ဝန်ထမ်းများနှင့် လူနာများအား အန္တရာယ်ကင်းစွာ လုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် ဆေးကုသပေးနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေး၊ ဆေးကုသမှုလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး ကြိုတင်စီစဉ်ထားကြောင်းသိရသည်။

(သတင်းစဉ်)



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# မြန်မာ့သင်္ကြန် အတာကူးကာလမှာ ဒေါသကိုနုတ်၍ မေတ္တာဖြင့် ဆက်နိုင်ကြပါစေ

**အောက်စ်ဖို့ဒ်ဆရာတော် ပါမောက္ခဒေါက်တာခမ္မသာမိ**

မြန်မာ့သင်္ကြန် နှစ်သစ်ကူးကာလသည် မြန်မာပြက္ခဒိန်တွင် အရေးအကြီးဆုံး ပွဲတော်ကာလဖြစ်သည်ဟု ယူဆရပါမည်။ အခြားပွဲတော်များထက် လူပါဝင်ဆင်နွှဲမှုပိုများပြီး ရုံး/အလုပ်ပိတ်ချိန်လည်း ပိုရသည်။ သမိုင်းကြောင်းအရ ဗုဒ္ဓဘာသာနှင့် သီးခြားပတ်သက်၍ ပေါ်ပေါက်လာခြင်းမဟုတ်သော်လည်း သင်္ကြန်ပွဲတော်အပြင် သင်္ကြန်ရက်တွက်ချက်ရန်အသုံးပြုသော ပြက္ခဒိန်စနစ်သည် ထေရဝါဒ ဗုဒ္ဓဘာသာယဉ်ကျေးမှုအတွင်း နက်ရှိုင်းစွာသက်ရောက်မှုရှိပါသည်။ ဝါဝင်၊ ဝါကျွတ်၊ ဥပုသ်နေ့၊ ဝါထပ်လ၊ တန်ဆောင်တိုင်၊ တပေါင်းပွဲတော် အစရှိသော အရေးပါသောရက်များကို သင်္ကြန်ရက်နှင့်အတူ မြန်မာပြက္ခဒိန် စနစ်တစ်ခုတည်းက တွက်ချက်ပေးသည်။

မြန်မာပြက္ခဒိန်သည် အိန္ဒိယနိုင်ငံ၌ ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးခဲ့သော ပြက္ခဒိန်စနစ်အပေါ် အခြေခံထားသည်။ ယခုအခါ နေလနှစ်ခုစလုံး အခြေပြုတွက်ချက်သောကြောင့် နေလပြက္ခဒိန်စနစ်(Lunisolar calendar) ကိုသိကြသည်။ ရှေးခေတ်ကသူရိယသိဒ္ဓန္တစနစ်မှတစ်ဆင့် ဝေဒန္တဇောတိသျ စနစ်သို့ ပြောင်းလဲတိုးတက်လာကာ ဂုတ္တမင်းဆက်(အေဒီ ၃၂၀-၅၅၀)အတွင်း အထွတ်အထိပ်သို့ရောက်ခဲ့သောစနစ်ဖြစ်သည်ဟု ပညာရှင်များက ယူဆကြသည်။ ဂုတ္တမင်းဆက်သည် အနုပညာ၊ စာပေနှင့် အတွေးအခေါ် ဆက်လက်မြင့်မားသော ခေတ်တစ်ခေတ်ဖြစ်သည်။ ဤပြက္ခဒိန်စနစ်ကို ယခုအခါ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နီပေါနိုင်ငံ၊ သီရိလင်္ကာ နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့၌လည်း အသုံးပြုလျက်ရှိသေးသည်။ အိန္ဒိယနိုင်ငံ၌ ဒေသတစ်ခုနှင့်တစ်ခု ရက်အနည်းငယ်ခြားသည်မှလွဲ၍ ထိုနိုင်ငံများအားလုံးတို့၌ ပြည်ထောင်စုမြန်မာနိုင်ငံကဲ့သို့ပင် သင်္ကြန်နှစ်သစ်ကူး ခလေ့များ ယနေ့တိုင်ရှိနေပါသေးသည်။

ကိုးကွယ်မှုဘာသာအရဆိုလျှင်လည်း ဘာသာတော်တော်များများက သင်္ကြန်ကာလကို အထွတ်အမြတ်အဖြစ် အသိအမှတ်ပြုကြသည်။ ဗုဒ္ဓဘာသာ၌ သင်္ကြန်အခါဝယ်လူကြီးသူမများကို ကန်တော့တောင်းပန်ခြင်း၊ အချင်းချင်းအပြစ်ခွင့်လွှတ်ခြင်း၊ မိသားစုအချိန်ပိုမိုပေးခြင်း၊ တရားဘာဝနာ စီးဖြန်းခြင်း၊ ဒုလ္လဘရဟန်း/ရှင်ပြု၊ သီလရှင်ဝတ်ခြင်း၊ အလှူပေးခြင်း၊ ဥပုသ်စောင့်ခြင်းများကျယ်ကျယ်ပြန့်ပြန့်ပြုကြသည်။ ဟိန္ဒူဘာသာဝင်များအတွက် ယမုံနာ ဆဟတ္ထပွဲတော်နှင့် မေသ သင်္ကြန္တနှစ်သစ်ကြိုဆိုရေးပွဲတော်၊ ရာမနဝမီ ပွဲတော်များရှိကြ၏။ ဟောလီ နှစ်သစ်ကူးသည် အိန္ဒိယနိုင်ငံ၏ အချို့ဒေသများ၌ ရက်အနည်းငယ်စော၏။ ဂျိန်းဘာသာဝင်များအတွက် မူကား ၂၀၁၆ ခုနှစ်၌ နှစ်သစ်နဝပါဒဟောလီ ဥပုသ်ကိုးရက်သည် ဧပြီ ၁၃ ရက်နေ့၌ စတင်သည်။ ဆစ်ခ်ဘာသာဝင်များအတွက်လည်း ဤအချိန်သည် ဝေသာခီနှစ်သစ်အခါသမယပင် ဖြစ်ပေသည်။ နှစ်တော်တော်များ၌ ခရစ်ယာန်ဘာသာဝင်များသည်ပင်လျှင် ခရစ်တော်ပြန်လည်ရှင်သန်သောနေ့(Easter)နှင့် ဥပုသ်လ(lent)တို့သည် သင်္ကြန်နှင့် မရှေးမနှောင်းပင် ကျရောက်တတ်သည်။

သင်္ကြန်သည် လူအများအချင်းချင်း နားလည်စေရေးအတွက် တည်ရှိသော ခလေ့ပွဲတော်ဖြစ်ပေသည်။ မြန်မာသင်္ကြန်က အခြားရှစ်နိုင်ငံမှ လူဦးရေ သန်းတစ်ထောင့်ငါးရာခန့်သောလူထုနှင့် နှစ်သစ်ကူးချိန်ချင်း တိုက်ဆိုင်နေသည်မှာ ကြီးမြတ်သော မင်္ဂလာတစ်ရပ်ဟု ဆိုရပေမည်။ မိမိအကျိုးထက် အများအကျိုးကို စိတ်ရောက်နေကြခြင်း၊ နှစ်သစ်နှင့်အတူ မျှော်လင့်ချက်များ ပြန်လည်ရှင်သန်စေကြခြင်းတို့ကို အချိန်ကာလသမယတစ်ခုအတွင်းမှာ ဝိုင်းဝန်းလုပ်ဆောင်ကြခြင်းတို့ပင် ဖြစ်ပေသည်။

မည်သည့် ဘာသာဝင်မဆို အရေးကြီးသည်မှာ နှစ်ဟောင်းကို စိတ်ရောကိုယ်ပါ နှုတ်ဆက်နိုင်ရန်နှင့် နှစ်သစ်ကို စိတ်သစ်ကိုယ်သစ်ဖြင့် ကြိုဆိုနိုင်ရန်ပင်ဖြစ်သည်။

နှစ်ဟောင်းကို မှန်မှန်ကန်ကန် နှုတ်ဆက်နိုင်ရန်အတွက် ပြီးခဲ့သည့် တစ်နှစ်အတွင်းက တွေ့ကြုံခဲ့ရသော အဖျက်သဘောစိတ်ခံစားမှု (negative emotion)များကို အသိသတိ(mindfulness)ဖြင့် ဆေးကြောပစ်ဖို့ လိုအပ်သည်။ ရှိခဲ့သော စိတ်ပျက်မှုများ၊ ဒေါသများ၊ မကျေနပ်မှုများ၊ အားငယ်မှုနှင့် စိတ်မလုံမခြုံခံစားရမှုများကို အသိသတိဖြင့် အတွင်းကျကျလက်ခံရန်၊ ထိုနာကျင်မှုများကို အကောင်းအဆိုးထပ်ဆင့်မဝေဖန်ဘဲ လေးလေးနက်နက် တည်တည်ငြိမ်ငြိမ် အသိအမှတ်ပြုရန် လွန်စွာအရေးကြီးလှသည်။ ဤကဲ့သို့သော အသိသတိမရှိပါက နှစ်ဟောင်းမှ အနာဟောင်းများ ရင့်ကျက်ပျောက်ကင်းခွင့်ရရှိမည်မဟုတ်။ သက္ကရာဇ်သာ ပြောင်းမည်။ စိတ်ခံစားမှု (emotion)က ဟောင်းမြဲဟောင်းနေမည်သာဖြစ်ပေမည်။ အနာကျက်ခွင့် (healing)မရှိနိုင်။

နှစ်ဟောင်းမှ မကျေနပ်မှုများ၊ စိတ်ပျက်မှုများကို လက်ခံအသိအမှတ်ပြုမှုသည် ဗုဒ္ဓ၏ သတိပဋ္ဌာန်ကျင့်စဉ်မှ စိတ္တာနုပဿနာကို အခြေခံသည်။ အမေရိကန်နိုင်ငံမှ ဝက်ခ်ခွန်ဆင်း(Wisconsin)တက္ကသိုလ်မှ ဒေါက်တာ ဒေးဗစ်ရစ်ချတ်ဆန်(David Richardson)ကဲ့သို့သော ဦးနှောက်ဆိုင်ရာ သိပ္ပံပါရဂူများ၊ အမ်အိုင်တီ (MIT) တက္ကသိုလ်မှ သမားတော်ပါမောက္ခ ဂျွန်ခဆတ်ဇင်(Jon Kabat-Zin)၊ အင်္ဂလန်နိုင်ငံ ကင်းပရစ်ဂျ်တက္ကသိုလ်မှ ဒေါက်တာဂျွန်ထီးစ်ဒေးလ်(John Teasdale)၊ အောက်စ်ဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခမာတ်ခ်ဝီလျံ(Mark Williams) အစရှိသော စိတ္တပညာရှင်များက သိပ္ပံနည်းကျ စမ်းသပ်လက်ခံထားသော စိတ်ခံစားမှုဆိုင်ရာ အနာရင့်ကျက်ရေးနည်းလမ်းပင်ဖြစ်ပေသည်။

မိမိကိုယ်ကို ပြန်၍ စိတ်နောင်တရသည်ဖြစ်စေ၊ သူတစ်ပါးအပေါ် မကျေနပ်ချက်များပင်ဖြစ်စေ၊ အသိသတိအခြေခံသော စိတ်ခံစားမှုကိုင်တွယ်နည်း(emotion management) ကို အသုံးပြုနိုင်သည်။ ယင်းကဲ့သို့ စိတ်ခံစားမှုကို ကုစားမှု(emotional healing)သည် မောင်နှမအချင်းချင်း၊ မိဘနှင့် သားသမီး၊ သူငယ်ချင်းများအကြား၊ အိမ်နီးနားချင်းအကြား၊ တစ်မြို့နှင့်တစ်မြို့၊ လူမျိုး တစ်မျိုးနှင့်တစ်မျိုးကြား လိုအပ်လှပေသည်။ နိုင်ငံအဆင့်၊ နိုင်ငံတကာ အဆင့်၌လည်း အသုံးပြုနိုင်သည်။ ဒဏ်ရာဒဏ်ချက်ဟောင်းများကို ဤနည်းဖြင့် တောင်အာဖရိကနိုင်ငံနှင့် မြောက်အိုင်ယာလန်တို့၌ ကုစားခဲ့သည်။

ကမ္ဘာကြီးသည် နာကျင်မှုဒဏ်ရာဒဏ်ချက်များနှင့် ပြည့်နှက်နေသည်။ ရေရှားမှုပြဿနာ၊ ကူးစက်ရောဂါ ပြဿနာ၊ အုပ်စုတစ်စုက အခြားတစ်စုနှင့် အဆင်မပြေတင်းမာမှုရှိခြင်းပြဿနာ၊ လူကုန်ကူးပြဿနာ၊ မူးယစ်ဆေးဝါး ပြဿနာ၊ အကြမ်းဖက်မှုပြဿနာ၊ ကမ္ဘာ့ရာသီဥတုအလွန်ပူလောင်လာမှု ပြဿနာတို့သည် နိုင်ငံတိုင်းကို ထိခိုက်လျက်ရှိသည်။ လူသားများမိမိ၏ စိတ်ခံစားမှုကို အပြုသဘောဖြင့် မကိုင်တွယ်နိုင်ပါက ကမ္ဘာ့လူသားအားလုံး ဒုက္ခရောက်မည်မှာ အမှန်ပင်ဖြစ်သည်။ လူဦးရေက တစ်နေ့တခြား တိုးလာပြီး သဘာဝသယံဇာတက တစ်နေ့ထက်တစ်နေ့ လျော့နည်းလာ၍ ဖြစ်သည်။

ဒဏ်ရာဒဏ်ချက်များ၊ နာကျင်မှုများကို သင့်လျော်အောင် မကိုင်တွယ်နိုင်၊ နှစ်ဟောင်းကို မှန်ကန်စွာ မနှုတ်ဆက်နိုင်ပါက နှစ်သစ်ကို အပြည့်အဝ ကြိုဆိုရန် မည်သူမျှ အဆင်သင့်မဖြစ်နိုင်။ တစ်နည်းအားဖြင့် ဆိုရလျှင် အနာဂတ်တောက်ပြောင်မှုသည် အတိတ်နှင့်မိမိ မည်မျှအထိ ငြိမ်းချမ်းရေးရရှိထားသည်ဆိုသည့်အပေါ်၌ မူတည်နေ၏။

မိမိ၏ နာကျင်မှု၊ ဆုံးရှုံးမှု၊ ဒဏ်ရာဒဏ်ချက်များကို အများက အသိအမှတ်ပြုလက်ခံလျှင် ကုစားနိုင်ရန် အခွင့်အလမ်းပေါ်လာ၏။

လှပသောနှစ်သစ်၏ ကောင်းချီးမင်္ဂလာများ၊ အခွင့်အလမ်းများရယူကြိုဆိုနိုင်ရေးအတွက် တစ်ဦးချင်းအနေနှင့်ရော အများအနေနှင့်ပါ လုပ်ဆောင်ရမည့် အခန်းကဏ္ဍများရှိပါသည်။ ထိုအခန်းကဏ္ဍများဖြည့်ဆည်းနိုင်ရန် စိတ်ခံစားမှုစွမ်းရည်(emotional capacity) ကို အသိသတိဖြင့် ဝိုင်းဝန်းမြှင့်တင်ကြရမည်။ ဤနေရာ၌ ဗုဒ္ဓတရားတော်သည် လွန်စွာအရေးပါသည်ဟု စာရေးသူယုံကြည်ပါသည်။

၁၉၈၂ ခုနှစ်မှ ယနေ့ထိ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသော သတိပဋ္ဌာန်အခြေခံသော စိတ်ချမ်းသာမှုတည်ဆောက်ရေးဆိုင်ရာ သုတေသန စာအုပ်စာတမ်းများ ခြောက်ထောင်ကျော်ရှိကြောင်း စာရေးသူကိုယ်တိုင် တက်ရောက်စာတမ်းဖတ်ခဲ့သော မကြာခင်က အောက်စ်ဖိုဒ့်တက္ကသိုလ် ဗုဒ္ဓဘာသာလေ့လာရေးဌာန၌ ကျင်းပခဲ့သော ကွန်ဖရင့်တွင် စာတမ်းရှင်တစ်ဦးက ဧပြီ ၆ ရက်တွင် တင်ပြသွားပါသည်။ ဗြိတိန်နိုင်ငံပါလီမန်မှ ပါတီပေါင်းစုံဖြင့် ဖွဲ့စည်းထားသော သတိပဋ္ဌာန်အခြေပြုသောအဖွဲ့ကလည်း ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် စာမျက်နှာ ၈၂ မျက်နှာရှိ အစီရင်ခံစာ ထုတ်ဝေသည့်(Mindful Nation UK:Report by the Mindfulness All-Party Parliamentary Group (MAPPG), October 2015) ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ဌာနအားလုံးနှင့် ထောင်အတွင်း၌ သတိပဋ္ဌာန်ကျင့်စဉ်မည်ကဲ့သို့ ထိရောက်စွာအသုံးပြုနိုင်သည်ကို ရေးသားထားသည်။

သင်္ကြန်ရေပက်ဖျန်းမှုသည် အရေးပါသော သင်္ကေတဖြစ်၏။ ပုဂ္ဂိုလ်နှစ်ဦးအကြား၊ မိသားစုနှစ်ခုကြား၊ ဆရာနှင့်တပည့် သို့မဟုတ် မိဘနှင့် သားသမီး ကြား၌ရှိခဲ့သော နှစ်ဟောင်းမှ စိတ်ခံစားမှု အညစ်အကြေးများကို ဆေးကြောပစ်ခြင်း၏ သင်္ကေတ၊ ဖြူစင်မှု၏ သင်္ကေတဖြစ်၏။ အသိသတိဖြင့် တကယ်ဆေးကြောသုတ်သင်နိုင်ပါက တကယ်ပင် စိတ်ခံစားမှုနှင့် နှလုံးသားများ ဖြူစင်နိုင်ကြ၏။

ထို့ကြောင့် နှစ်ဟောင်းကို အသိသတိဖြင့် ငြိမ်းချမ်းစွာ အသီးသီး နှုတ်ဆက်၍ နှစ်သစ်ကို ကိုယ်စိတ်နှလုံး ပေါ့ပါးရွှင်သာစွာဖြင့် ကြိုဆိုနိုင်စွမ်းသည် မြန်မာနိုင်ငံနှင့် အာရှဒေသတွင်သာမက တစ်ကမ္ဘာလုံးအတွက်လည်း ငြိမ်းချမ်းပျော်ရွှင်မှုကို အမှန်အထောက်အကူပြုမည်မှာ ယုံကြည်ပါသည်။

မိမိနှလုံးသားဖျားမှ ဝင်လေအသိ ထွက်လေအသိကို အခြေခံ၍ နှစ်ဟောင်းမှ ဒဏ်ရာဒဏ်ချက်များကို အသိသတိဖြင့် ကုစားနိုင်ကြပါစေ။ နှစ်သစ်ကို ပေါ့ပါးပျော်ရွှင်စွာဖြင့် အပြည့်အဝ ကြိုဆိုနိုင်ကြပါစေ။ ။

> **“ နှစ်ဟောင်းကို မှန်မှန်ကန်ကန်နှုတ်ဆက်နိုင်ရန်အတွက် ပြီးခဲ့သည့်တစ်နှစ်အတွင်းက တွေ့ကြုံခဲ့ရသော အဖျက်သဘောစိတ်ခံစားမှု(negative emotion)များကို အသိသတိ(mindfulness)ဖြင့် ဆေးကြောပစ်ဖို့ လိုအပ်သည်။ ရှိခဲ့သောစိတ်ပျက်မှုများ၊ ဒေါသများ၊ မကျေနပ်မှုများ၊ အားငယ်မှုနှင့် စိတ်မလုံမခြုံခံစားရမှုများကို အသိသတိဖြင့် အတွင်းကျကျလက်ခံရန်၊ ထိုနာကျင်မှုများကို အကောင်းအဆိုး ထပ်ဆင့်မဝေဖန်ဘဲ လေးလေးနက်နက် တည်တည်ငြိမ်ငြိမ် အသိအမှတ်ပြုရန် လွန်စွာအရေးကြီးလှသည် ”**

---

**✪ ရှေ့ဖုံးမှ**

အားလုံးကယုံကြည်စွာဖြင့် မျှော်လင့်စောင့်စားလျက်ရှိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့်ဒီအခွင့်အလမ်းတွေကို အထိရောက်ဆုံး အသုံးချနိုင်ဖို့နဲ့ တိုင်းပြည်အတွက် အကောင်းဆုံးအကျိုးရလဒ်တွေပေါ်ထွက်လာစေဖို့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ မပြတ်သော သတိ၊ မလျှော့သောလုံ့လဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အောင်မြင်မှုရရှိစေဖို့အတွက် နိုင်ငံသူနိုင်ငံသားတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုလည်း အထူးလိုအပ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့အစိုးရကတိုင်းပြည်အကျိုးအတွက် ရည်ရွယ်ချမှတ်ထားတဲ့မူဝါဒများဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်မှုကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးနဲ့ ပြည်သူအများစုရဲ့ လူနေမှုဘဝများ တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ကိုရွေးချယ်ပြီး တာဝန်အပ်နှင်းခဲ့တဲ့ မဲဆန္ဒရှင်ပြည်သူများကလည်း မိမိတို့နေရာကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွန်တော်တို့ရဲ့ချို့ယွင်းချက်များကို ဝေဖန်ထောက်ပြခြင်း၊ လုပ်ဆောင်သင့်တာတွေကို အကြံပြုလမ်းညွှန်ခြင်း စတဲ့ နည်းလမ်းတွေနဲ့ ဆက်လက်တက်ကြွစွာ ဝိုင်းဝန်းပါဝင်ပေးကြဖို့ အလေးအနက်ပန်ကြားလိုပါတယ်။

နှစ်သစ်ကို ခွန်သစ်အားသစ် စိတ်စေတနာသစ်တွေနဲ့ ဖြတ်သန်းနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

ကျွန်တော်တို့ရဲ့ အစိုးရအဖွဲ့သစ်အနေနဲ့ နိုင်ငံတော်တာဝန်တွေကို စတင်ထမ်းဆောင်တဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရတစ်ဖွဲ့လုံးကို မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်က ပြည်သူလူထုတွေက သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြပြီး စတုဒိသာ ကျွေးမွေးခဲ့ကြတာ၊ လုပ်အားဒါန ပြုကြတာတွေအတွက် အထူးပဲဝမ်းမြောက်ကျေးဇူးတင်ပြီး အသိအမှတ်ပြုပါတယ်ဆိုတာကို ပြောကြားလိုပါတယ်။

အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

---

## နှစ်ဦးမင်္ဂလာ

နှစ်ဦး သစ်မြူး၊ ခေတ်ဦးကောဇာ။

ဆန်းစ ချမ်းမြ၊ စန်းလသော်တာ။

မြိုင်အောက် ကြိုင်လှောက်၊ ပိတောက်ပမာ

ကျန်းရွှင်ကြောင်း၊ သွန်းလောင်းရေသီတာ။

**မင်းသုဝဏ် (၁၉၃၀)**

(၁၉၃၆ ခုနှစ် မေလထုတ် ဂန္ထလောကမဂ္ဂဇင်းမှ ကူးယူဖော်ပြပါသည်။)

## ရုရှားကောင်စီနှင့် နေတိုးအဖွဲ့ ဆွေးနွေးပွဲ ၂၀၁၄ နှစ်လယ်နောက်ပိုင်း ပထမဆုံးအကြိမ် ကျင်းပမည်

**ဘရပ်ဆယ် ဧပြီ ၁၆**

ယူကရိန်းပဋိပက္ခကို အကြောင်းပြု၍ ဆက်သွယ်ဆောင်ရွက်မှုများ ရပ်ဆိုင်းခဲ့ရပြီးနောက် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)နှင့် ရုရှားနိုင်ငံတို့ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားကောင်စီနှင့် နေတိုးအဖွဲ့တို့၏ ဆွေးနွေးပွဲကို လာမည့်ရက်သတ္တပတ်များအတွင်း ကျင်းပမည်ဖြစ်သည်။ နေတိုး-ရုရှားကောင်စီ ဆွေးနွေးရေးအဖွဲ့ကို ၂၀၀၂ ခုနှစ်တွင် ထူထောင်ခဲ့သည်။ သို့ရာတွင် ရုရှားနိုင်ငံက ခရိုင်းမီးယားကျွန်းဆွယ်ကို ၂၀၁၄ ခုနှစ် မတ်လတွင် ယင်း၏ နယ်မြေအတွင်းသို့ သွတ်သွင်းခဲ့ပြီးနောက် နှစ်ဖက်တင်းမာမှုများ ဖြစ်ပေါ်ခဲ့သဖြင့် လပေါင်းအတန်ကြာမျှ ဆွေးနွေးပွဲကျင်းပမှုကို ရပ်ဆိုင်းထားခဲ့သည်။

ရုရှားကောင်စီနှင့် နေတိုးအဖွဲ့တို့သည် သံအမတ်ကြီးအဆင့် ဆွေးနွေးပွဲကို မကြာမီကျင်းပကြရန် သဘောတူညီခဲ့ကြပြီး ယင်းဆွေးနွေးပွဲကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ ကျင်းပမည်ဖြစ်သည်။

ရုရှားနှင့် အနောက်အုပ်စု နိုင်ငံများအကြား ဆက်ဆံရေး အဖုအထစ်များရှိနေသော်လည်း ယင်းဆွေးနွေးပွဲကို ကျင်းပနိုင်ခြင်းဖြင့် သံတမန်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေကာ ဒေသတွင်း၌ စစ်ရေးပဋိပက္ခ မတော်တဆဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ရုရှားကောင်စီနှင့် နေတိုးအဖွဲ့တို့၏ ဆွေးနွေးပွဲတွင် ယူကရိန်း ပဋိပက္ခနှင့်ပတ်သက်၍လည်းကောင်း၊ မင့်စ်သဘောတူညီချက် အပြည့်အဝ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း နေတိုးအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**

## နျူစမ်းသပ်မှုပိတ်ပင်ရေး စာချုပ်လက်မှတ်ရေးထိုးမှု နှစ် ၂၀ ပြည့် အစည်းအဝေး မြောက်ကိုရီးယားကိုဖိတ်ခေါ်

**ဗီယင်နာ ဧပြီ ၁၆**

နျူကလီးယား စမ်းသပ်မှုအလုံးစုံ ပိတ်ပင်ရေးစာချုပ်ကို ကမ္ဘာ့နိုင်ငံများက စတင်လက်မှတ်ရေးထိုးမှု နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် ဇွန်လတွင်ကျင်းပမည့် ဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ရန် မြောက်ကိုရီးယားနိုင်ငံအား ဖိတ်ခေါ်ထားကြောင်း အဆိုပါအစည်းအဝေးကျင်းပရေး ပြင်ဆင်ရေးကော်မရှင်၏ အမှုဆောင်အတွင်းရေးမှူး လက်ဇီနာဇာဘိုက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဇန်နဝါရီ ၆ ရက်က စတုတ္ထအကြိမ် နျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့သည်။ ဇွန် ၁၃ ရက်တွင် ကျင်းပရန်စီစဉ်ထားသော အစည်းအဝေးသည် အချိန်အခါသင့် ဆွေးနွေးနိုင်မည့် အစည်းအဝေးဖြစ်သဖြင့် မြောက်ကိုရီးယားနိုင်ငံ ပါဝင်တက်ရောက်ရန် မိမိတို့ ဖိတ်ခေါ်ထားကြောင်း ဇာဘိုက ပြောကြားသည်။

နိုင်ငံပေါင်းစုံတက်ရောက်သည့် သံတမန်ရေး ဆွေးနွေးပွဲသည် ရလဒ်ကောင်းများ ရရှိနိုင်ပုံကို အီရန်နိုင်ငံက သာဓကပြသခဲ့ပြီးဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆင့်မြင့် တာဝန်ရှိသူအဆင့် အစည်းအဝေးသို့ မြောက်ကိုရီးယားနိုင်ငံကို ဖိတ်ခေါ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နျူကလီးယား စမ်းသပ်မှု အလုံးစုံ ပိတ်ပင်ရေးစာချုပ် (စီတီဘီတီ)ကို ၁၉၉၆ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုချမှတ်ခဲ့သော်လည်း အာဏာသက်ဝင်ရန် လိုအပ်နေသေးသည်။

ယင်းစာချုပ်၏ ရည်ရွယ်ချက်မှာ တစ်ကမ္ဘာလုံး အတိုင်းအတာအရ နျူကလီးယား စမ်းသပ်မှုမှန်သမျှကို ပိတ်ပင်နိုင်ရန်ဖြစ်သည်။ အဆိုပါစာချုပ်ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၈၃ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၆၄ နိုင်ငံက အတည်ပြုခဲ့ပြီးဖြစ်သည်။ **ကျိုဒိုနယူးစ်။**

# ဂျပန်နိုင်ငံအနောက်တောင်ဘက်တွင် ငလျင်များလှုပ်ခတ်မှုကြောင့် လူ ၃၇ ဦးသေဆုံး

ကျိုတို ဧပြီ ၁၆

**ဂျပန်နိုင်ငံအနောက်တောင်ဘက်တွင် အင်အားပြင်းငလျင်များအဆက်မပြတ် လှုပ်ခတ်ခဲ့ရာ ယခုအချိန်ထိ သေဆုံးသူ ၃၇ ဦးရှိပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။**





ဧပြီ ၁၆ ရက် အစောပိုင်းက ကျူရှူဒေသ ကူမာမိုတိုစီရင်စုကို ဗဟိုပြုပြီး အင်အား ၇ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူ ၂၈ ဦးသေဆုံးခဲ့သည်။ ဧပြီ ၁၄ ရက်က လှုပ်ခတ်ခဲ့သောငလျင်ကြောင့် သေဆုံးသူ ကိုးဦးရှိခဲ့သည်။

ဧပြီ ၁၆ ရက်အစောပိုင်း ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ထိခိုက်ဒဏ်ရာရရှိသူ ၂၀၀၀ ဝန်းကျင်ကို အနီးရှိဆေးရုံများသို့ ဆေးကုသမှုခံယူရန်အတွက် ကယ်ဆယ်ရေး လုပ်သားများက ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် အာဆိုမြို့ရှိ လူနေအိမ် ၉၀ ကျော် ပြိုကျပျက်စီးခဲ့ရကြောင်းနှင့် လူနေအိမ် ၈၀၀ နီးပါး ထိခိုက်ပျက်စီးခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။ နောက်ထပ်ပျက်စီးဆုံးရှုံးမှုများ ရှိသေးသော်လည်း အချို့ဒေသများတွင် ပျက်စီးဆုံးရှုံးမှုများကို စစ်တမ်းအတိအကျ မကောက်နိုင်သေးကြောင်း သိရသည်။

ဧပြီ ၁၇ ရက်တွင် မိုးများပြင်းထန်စွာ ရွာသွန်းနိုင်သောကြောင့် မိုးရွာသွန်းမှုကြောင့် နောက်ဆက်တွဲဘေးအန္တရာယ်များဖြစ်သည့် မြေပြိုမှုများ၊ ရေကြီးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ကူမာမိုတိုနှင့် အွိုင်တာစီရင်စုများ၏ တာဝန်ရှိသူများက လူပေါင်း ၁၇၀၀၀၀ ခန့်ကို ဘေးလွတ်ရာနေရာဒေသများသို့ ပြောင်းရွှေ့ကြရန် ကြိုတင်သတိပေးချက်များ ထုတ်ပြန်ထားသည်။

ယင်းစီရင်စုများတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးများ ပြတ်တောက်လျက်ရှိသည့်အပြင် ထောင်ပေါင်းများစွာသော လူနေအိမ်များသည် လျှပ်စစ်မီး၊ ဂက်စ်နှင့် သုံးရေများ ပြတ်တောက်နေကြောင်း သိရသည်။

ကူမာမိုတိုလေဆိပ်အာဏာပိုင်များက ငလျင်လှုပ်ခတ်မှုကြောင့် လေဆိပ်အဆောက်အအုံ အနည်းငယ် ထိခိုက်ပျက်စီးခဲ့သဖြင့် ဧပြီ ၁၆ ရက် ခရီးစဉ်များကို ဖျက်သိမ်းပြီး လေဆိပ်ကို ယာယီပိတ်ထားကြောင်းသိရသည်။

ရှင်ကန်ဆန် ကျည်ဆန်ရထားသည် ကျူရှူဒေသတွင် သောင်တင်လျက်ရှိသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကူမာမိုတိုဆိပ်ကမ်းရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ကူးတို့ပြေးဆွဲမှုများကို ရပ်နားထားသည်။

**အင်န်အိတ်ချ်ကေ။**

## အကြမ်းဖက်တိုက်ခိုက်မှု မဖြစ်ပွားရေး ထိုင်းနိုင်ငံ၌ လုံခြုံရေးတိုးမြှင့်



**ဗန်ကောက် ဧပြီ ၁၆**

နိုင်ငံခြား အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်နွယ်မှုရှိသည်ဟု သင်္ကာမကင်းဖြစ်ရသူလူနှစ်ဦးသည် ထိုင်းနိုင်ငံရှိ အပန်းဖြေစခန်းများတည်ရာ ကျွန်းတစ်ကျွန်းသို့သွားရောက်ခဲ့သည်ဟု သတင်းများပေါ်ထွက်လာခဲ့ပြီးနောက် ရဲတပ်ဖွဲ့က လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အရှေ့တောင်အာရှဒေသ၌ စစ်သွေးကြွတို့က အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာဖွယ်ရှိသည်ဟု မကြာသေးမီက စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ၌ ဇန်နဝါရီလက အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်) အဖွဲ့က အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ခဲ့ရာတွင် အကြမ်းဖက်တိုက်ခိုက်သူ လေးဦးအပါအဝင် ရှစ်ဦးသေဆုံးခဲ့ရသည်။

တရုတ်နိုင်ငံမှ တိုင်းရင်းသား အူဂါမျိုးနွယ်အမျိုးသားနှစ်ဦးသည် ဖူးခက်အပန်းဖြေကျွန်းသို့ ရောက်ရှိခဲ့ပြီး ထိုင်းနိုင်ငံမှ ထွက်ခွာသွားခဲ့ကြောင်း၊ လုံခြုံရေး အစီအမံများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း

တရုတ်သမ္မတရှီကျင့်ဖျင်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ အာဂျင်တီးနားသမ္မတ မော်ရီစီယိုမာကရီ၊ အိုက်စလန်ဝန်ကြီးချုပ် ဆစ်မန်ဒါဒေးဗစ်၊ ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ဇ်ရှာရစ်ပ်၊ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၊ ဆော်ဒီအာရေးဗီးယားဘုရင်၊ ယူကရိန်းသမ္မတ ပီထရို ပိုရိုရှန်ကို စတဲ့စတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေဟာ ပိုင်ဆိုင်မှုတွေကို အများပြည်သူမသိအောင် ဖုံးကွယ်ထားတယ်၊ အခွန်တိမ်းရှောင်တယ် ဆိုတဲ့သတင်းတွေထွက်လာတဲ့အခါ တစ်ကမ္ဘာလုံးတုန်လှုပ်သွားရပါတယ်။ သတင်းမီဒီယာတွေမှာ ပနားမားစာရွက်စာတမ်းတွေလို့ ပြောဆိုဖော်ပြနေတဲ့ စာရွက်စာတမ်း (၁၁ ဒသမ ၅)သန်းကြောင့် ဒီသတင်းတွေထွက်ပေါ်လာတာပါ။ ထွက်ပေါ်လာတဲ့သတင်းတွေရဲ့ပင်မဇာစ်မြစ်ဖြစ်တဲ့ ပနားမားစာရွက်စာတမ်းတွေဟာ တစ်ခုတည်းသောနေရာက ထွက်ပေါ်လာတာပါ။ ဒီနေရာကတော့ ပနားမားအခြေစိုက် ဥပဒေအကျိုးဆောင်အဖွဲ့ဖြစ်တဲ့ မော့ဆက်ဖွန်ဆီကာ(Mossack Fonseca)ပါ။ မော့ဆက်ဖွန်ဆီကာရဲ့ လျှို့ဝှက်သတင်းအချက်အလက်တွေဟာ အမည်မသိရတဲ့ပုဂ္ဂိုလ်တစ်ဦးကြောင့် သတင်းမီဒီယာတွေကို ပေါက်ကြားခဲ့တာပါ။

သတင်းမီဒီယာတွေကို လျှို့ဝှက်သတင်းအချက်အလက်တွေပေးပို့ခဲ့တဲ့ အမည်မသိရတဲ့ပုဂ္ဂိုလ်ရဲ့ အမည်ဝှက်က ဂျွန်ဒိုး(John Doe)ပါ။ ဂျွန်ဒိုးဟာ လျှို့ဝှက်သတင်းအချက်အလက်တွေကို ဂျာမန်နေ့စဉ်ထုတ်သတင်းစာ (Suddeutsche Zeitung-sz) ကို ၂၀၁၅ နှစ်ဆန်းလောက်ကတည်းက ပေးပို့နေတာပါ။ ပေးပို့ခဲ့တဲ့စာရွက်စာတမ်း(၁၁ ဒသမ ၅)သန်းဟာ မော့ဆက်ဖွန်ဆီကာက ၁၉၇၀ ကျော်ကာလတွေကနေ ၂၀၁၅ ခုနှစ်အတွင်းပြုစုထားတဲ့ စာရွက်စာတမ်းတွေဖြစ်လို့ နှစ်ပေါင်း ၄၀ ကျော်ကာလကို လွှမ်းခြုံထားတဲ့စာရွက်စာတမ်းတွေပါ။ ဂျွန်ဒိုးဟာ ဒီလျှို့ဝှက်သတင်းအချက်အလက်တွေကို လျှို့ဝှက်သင်္ကေတစနစ်သုံး ပေးပို့ခဲ့တာဖြစ်ပြီး "သူနဲ့မျက်နှာချင်းဆိုင်တွေ့ဖို့ မတောင်းဆိုရဘူး" ဆိုတာက ဒီလျှို့ဝှက်သတင်းအချက်အလက်တွေ့ပေးဖို့အတွက် ကြိုတင်စည်းကမ်းသတ်မှတ်ချက်ပါ။ ဂျွန်ဒိုးက ဒီသတင်းအချက်အလက်တွေအတွက် ပိုက်ဆံတောင်းယူတာမျိုး မလုပ်ခဲ့ပါဘူး။ "မော့ဆက်ဖွန်ဆီကာရဲ့ လုပ်ရပ်တွေဟာ ကမ္ဘာကြီးအတွက် တကယ့်အန္တရာယ်ဖြစ်ပြီး ဒီအန္တရာယ်လုပ်ရပ်တွေကို ရပ်ဆိုင်းစေချင်လို့ ပေးပို့ခဲ့တာပါ"ဆိုတဲ့ ဂျွန်ဒိုးရဲ့ရှင်းပြချက်ကို ဂျာမန်သတင်းစာ (SZ)ရဲ့ သတင်းထောက်တစ်ဦးက ပြန်ရှင်းပြခဲ့ပါတယ်။ ပနားမားစာရွက်စာတမ်းတွေရဲ့ ပမာဏဟာ ၂၀၁၃ ခုနှစ် ဧပြီလအတွင်းက ကမ္ဘာ့သတင်းမီဒီယာတွေမှာ ဖော်ပြခဲ့တဲ့ ပြည်ပလျှို့ဝှက်ငွေစာရင်း ၁၃၀၀၀၀ ဆိုင်ရာစာရွက်စာတမ်းတွေထက် ၁၀ ဆများပြီး ဝီကီပေါက်ကြားမှုထက် အဆပေါင်း ၁၅၀၀ ကျော်များပါတယ်။ အဆမတန်များပြားလှတဲ့သတင်းအချက်အလက်တွေကြောင့် ဂျာမန်သတင်းစာ (SZ) ဟာ နိုင်ငံတကာစုံစမ်းစစ်ဆေးမှုဆိုင်ရာ သတင်းထောက်အဖွဲ့ (ICIJ)ရဲ့အကူအညီကိုရယူခဲ့ရပါတယ်။ ဒီစုံစမ်းစစ်ဆေးမှုမှာ နိုင်ငံပေါင်း ၇၆ နိုင်ငံက သတင်းမီဒီယာအဖွဲ့အစည်းပေါင်း ၁၀၇ ခုမှာရှိတဲ့ ဂျာနယ်လစ် ၄၀၀ ခန့်က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီဂျာနယ်လစ်တွေဟာ ကွန်ပျူတာမှာ အမည်ခံကုမ္ပဏီတစ်ခုချင်းအလိုက် သီးခြားဖိုင်တစ်ဖိုင်စီဖွင့် အချက်အလက်တွေသွင်းပြီး အချက်အလက်တွေ ပြန်ရှာတဲ့အခါ အလွယ်တကူပြန်ရှာနိုင်အောင် Soft Ware တွေအသုံးပြုကြရပါတယ်။ အမည်ခံကုမ္ပဏီဆိုတာက ယောင်ပြအနေနဲ့ ကုမ္ပဏီ ထောင်ထားပေမယ့် အမှန်တကယ်အလုပ်မလုပ်တဲ့ ကုမ္ပဏီတွေကို တာလို ဥပဒေပြင်ပလုပ်ငန်းတွေလုပ်ပြီး ငွေမည်းကိုခဝါချလိုသူတွေ၊ အကြမ်းဖက်လုပ်ငန်းတွေနဲ့ အာဏာရှင်အစိုးရထိပ်ပိုင်းခေါင်းဆောင်ပိုင်းတွေ ပါဝင်ကြပါတယ်။ အခုမော့ဆက်ဖွန်ဆီကာရဲ့ အလုပ်လုပ်ပုံကို ကြည့်ရအောင်ပါ။ မော့ဆက်ဖွန်ဆီကာက သူ့ဆီဆက်သွယ်အလုပ်အပ်လာခဲ့ရင် အမည်ခံကုမ္ပဏီ (Shall Companies) ထူထောင်ဖို့ စီစဉ်ဆောင်ရွက်ပေးပါတယ်။ အမည်ခံကုမ္ပဏီ



ဆိုလိုတာပါ။ မော့ဆက်ဖွန်ဆီကာက ဥပဒေအကျိုးဆောင်အဖွဲ့အနေနဲ့ ကုမ္ပဏီပေါင်း ၃၀၀၀၀၀ ကျော်ကို ကိုယ်စားပြုဆောင်ရွက်နေပြီး ဒီထဲက ကုမ္ပဏီအများစုဟာ အခွန်သက်သက်သာသာပေးရတဲ့ ဗြိတိသျှပိုင် ပင်လယ်ရပ်ခြားနယ်မြေတွေမှာ မှတ်ပုံတင်ထူထောင်ထားကြတာပါ။ HSBC နဲ့ UBS လို ကမ္ဘာကျော်ဘဏ်ကြီးတွေအပါအဝင် ဘဏ် ၅၀၀ ကျော်ဟာ မော့ဆက်ဖွန်ဆီကာနဲ့ ချိတ်ဆက်ပြီး အမည်ခံကုမ္ပဏီပေါင်း ၁၅၆၀၀ ခန့် ထူထောင်ထားတယ်လို့ ဆိုပါတယ်။

ပင်လယ်ရပ်ခြားဘဏ္ဍာရေးဒေသ offshore Financial center တွေဟာ နိုင်ငံသားမဟုတ်တဲ့သူတွေကို ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေပေးပြီး ကုမ္ပဏီတွေထူထောင်တဲ့အခါ မဆိုသလောက် အချက်အလက်ပဲပေးရပြီး ဆောင်ရတဲ့ အခွန်နှုန်းထားကလည်း အင်မတန်နည်းပါတယ်။ ဒီလိုကုမ္ပဏီတွေ ထူထောင်တာက တရားဝင်ဆောင်ရွက်တာဖြစ်ပေမယ့် တကယ့်ရည်ရွယ်ချက်က ဒီပိုက်ဆံတွေက ဘယ်နိုင်ငံကလာတယ်၊ ဘယ်သူပိုင်တယ်ဆိုတာတွေကိုဖုံးကွယ်ပြီး အခွန်ရှောင်ဖို့ပါ။ ပြည့်ပြည့်စုံစုံပြောရရင် ဒီလိုကုမ္ပဏီတွေကို အသုံးပြုသူတွေထဲမှာ အခွန်ရှောင်တဲ့သူတွေအပြင် မူးယစ်ဆေးဝါးရောင်းဝယ်တွေဟာ အလုပ်လုပ်နေတယ်ဆိုတာကိုပြဖို့ လူနည်းနည်းပဲရှိပြီး အမှန်တကယ်အလုပ်မလုပ်ပါဘူး။ ဒီအမည်ခံကုမ္ပဏီတွေဟာ အဝင်/အထွက်အတွက် လိပ်စာတစ်ခုအဆင့်မျိုးလောက်ပဲရှိတာမို့လို့ ဒီအမည်ခံကုမ္ပဏီတွေကို စာတိုက်ပုံး (letter box) လို့လည်း ခေါ်ပါတယ်။ အမည်ခံကုမ္ပဏီတွေကို လန်ဒန်နဲ့ ပါရီလို ကမ္ဘာ့မြို့ကြီးတွေမှာ ထူထောင်ခဲ့ရန် တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် ချက်ချင်းဘူးပေါ်သလို ပေါ်မှာပါ။ ဒါကြောင့် အမည်ခံကုမ္ပဏီတွေဟာ စည်းမျဉ်းစည်းကမ်းလျော့ရဲပြီး အခွန်မဆိုစလောက်သာပေးရတဲ့ ပနားမားနဲ့ ကျွန်းနိုင်ငံငယ်ကလေးတွေမှာ သွားဖွင့်တာပါ။ ဒီလိုကျွန်းနိုင်ငံကလေးတွေမှာ လုပ်ငန်းလုပ်ကြလို့ ပင်လယ်ရပ်ခြားဘဏ္ဍာရေးဒေသလို့ ခေါ်ကြတာပါ။ ပင်လယ်ရပ်ခြားဘဏ္ဍာရေးဒေသတွေကို အခွန်နိဗ္ဗာန်ဘုံ(tax haven)လို့လည်း ပြောဆိုကြပါတယ်။

အမည်ခံကုမ္ပဏီထူထောင်ထားသူဟာ ဒီအမည်ခံကုမ္ပဏီကိုသုံးပြီး တန်ဖိုးကြီး ဘွန်းစာချုပ်တွေ(ဒါမှမဟုတ်) လန်ဒန်မြို့လယ်က အိမ်ကြီးအိမ်ကောင်းတွေ(ဒါမှမဟုတ်) ဇိမ်ခံရွက်လှေတွေဝယ်ယူပြီး သူ့ရဲ့ပိုင်ဆိုင်မှုတွေကို အများပြည်သူမသိအောင် ခြေရာဖျောက်ဖုံးကွယ်ထားနိုင်ပါတယ်။ နောက်တစ်ချက်က အမည်ခံကုမ္ပဏီတွေကို နိုင်ငံပေါင်းစုံချိတ်ဆက်လုပ်ကိုင်နေတဲ့ ကုမ္ပဏီအုပ်စုကြီးတွေထဲမှာ ထည့်ပြီး အကာအကွယ်ပေးထားတဲ့အတွက် ခြေရာခံဖို့ဆိုတာ မလွယ်ပါဘူး။ ကမ္ဘာရဲ့ ထင်ရှားတဲ့ပင်လယ်ရပ်ခြားဘဏ္ဍာရေးဒေသတွေထဲမှာ ဗြိတိသျှဗာဂျင်ကျွန်း (British Virgin Islands)၊ ပနားမား၊ ဘဟာမားစ်(Bahamas) နဲ့ ဆေးရှဲလ်ကျွန်း (Seychelles)တွေက အအောင်မြင်ဆုံးဒေသတွေပါ။

အိုက်စလန်ဝန်ကြီးချုပ်သစ် မန်ဒါဒေးဗစ်ဟာ ဗြိတိသျှမာဂျင်ကျွန်းမှာ ဒေါ်လာသန်းပေါင်းများစွာတန်တဲ့ အမည်ခံကုမ္ပဏီတစ်ခု ပိုင်ဆိုင်ထားတယ်ဆိုတဲ့အချက်ထွက်ပေါ်လာတဲ့အတွက် ရာထူးကနေနုတ်ထွက်ပေးခဲ့ရပါတယ်။ ရုရှားသမ္မတဗလာဒီမာပူတင်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းနှစ်ဦးဟာ အမည်ခံကုမ္ပဏီသုံးပြီး ဒေါ်လာဘီလီယံနဲ့ချီ ပိုင်ဆိုင်ထားကြပါတယ်။ အမည်ခံကုမ္ပဏီတွေသုံးပြီးလှုပ်ရှားနေကြသူတွေထဲမှာ စီးပွားရေးပိတ်ဆို့မှုခံနေရတဲ့ အာဏာရှင်အစိုးရတွေလည်း ပါဝင်ပါတယ်။ ရာမီမက်လု (Rami Makhlouf ) ဟာ ဆီးရီးယားသမ္မတဘာရှားအယ်လ်အာဆတ်ရဲ့ ညီဝမ်းကွဲစီးပွားရေးသမားပါ။ အမေရိကန်နိုင်ငံက စီးပွားရေးပိတ်ဆို့ထားသူတွေထဲမှာ ရာမီမက်လုလည်းပါပါတယ်။ ရာမီမက်လုအပေါ်စီးပွားရေးပိတ်ဆို့မှုချမှတ်ထားတဲ့ ၂၀၁၁ ခုနှစ်မှာ ဗြိတိန်နိုင်ငံရဲ့ အကြီးမားဆုံးဘဏ်တစ်ခုဖြစ်တဲ့ HSBC က ဗြိတိသျှဗာဂျင်ကျွန်းမှာ မှတ်ပုံတင်ထားတဲ့ Drex Technologies ကို စစ်ဆေးပေးဖို့ ဗြိတိသျှဗာဂျင်ကျွန်းအုပ်ချုပ်ရေးမှူးဆီစာပို့ခဲ့ပါတယ်။ ပုံမှန်လုပ်ထုံးလုပ်နည်းအရ ဗြိတိသျှဗာဂျင်ကျွန်းအုပ်ချုပ်ရေးမှူးဟာ သူ့ရဲ့စိစစ်ချက်ကို ထပ်ဆင့်ထောက်ခံပေးဖို့ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနကို ပေးပို့ရပါတယ်။ Drex Technologies ကုမ္ပဏီရဲ့ ဒါရိုက်တာအဖြစ် ရာမီမက်လုကို ဖော်ပြထားပေမယ့် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနက ထပ်ဆင့်ထောက်ခံချက်ပေးလိုက်တဲ့အတွက် Drex Technologies ဟာ အမေရိကန်စီးပွားရေးပိတ်ဆို့မှုစာရင်းက လွတ်သွားခဲ့ဖူးပါတယ်။ ဗြိတိသျှမာဂျင်ကျွန်းမှာ အမည်ခံကုမ္ပဏီအပြင် ထူထောင်ထားတဲ့ DCB Finance ကုမ္ပဏီဟာ နိုင်ငံတကာပိတ်ဆို့မှုတွေကို လစ်လျူရှုပြီး မြောက်ကိုရီးယားနိုင်ငံအတွက် လက်နက်ရောင်းချငွေရှာပေးတဲ့အလုပ်ကို အချိန်အတော်ကြာကြာ အောင်အောင်မြင်မြင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ပင်လယ်ရပ်ခြားဘဏ္ဍာရေးဒေသမှာ ထူထောင်ထားတဲ့ အမည်ခံကုမ္ပဏီတွေဟာ အခွန်ရှောင်တိမ်းလိုသူတွေ၊ ငွေမည်းခဝါချလိုသူတွေ၊ အာဏာရှင်တွေ၊ အကျင့်ပျက် ကိုယ်ကျိုးရှာနိုင်ငံရေးသမားတွေ စတဲ့စတဲ့ ဥပဒေပြင်ပမှာ လှုပ်ရှားလိုတဲ့ပုဂ္ဂိုလ်တွေအတွက် နိဗ္ဗာန်ဘုံဖြစ်နေတာ သိသာမြင်သာပေမယ့် ကမ္ဘာကြီးက ထိထိရောက်ရောက် မကိုင်တွယ်နိုင်သေးတာကတော့ အံ့ဩစရာပါ။ ။

**ရဲရင့်လင်းလက်**

# ထိုင်းရိုးရာ ရေသဘင်ပွဲတော် လေးရက်တာကာလအတွင်း ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၂၅၉ ဦးရှိ



**ဗန်ကောက် ဧပြီ ၁၆**

ထိုင်းရိုးရာ ရေသဘင်ပွဲတော် လေးရက်တာကာလအတွင်း မော်တော်ယာဉ်မတော်တဆမှုများကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ သေဆုံးသူ ၂၅၉ ဦး ရှိပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။

ယခုနှစ် ရေသဘင်ပွဲတော်(ဆွန်ခရန်ပွဲတော်)အတွင်း မတော်တဆမှုများကြောင့် သေဆုံးသူအရေအတွက်သည် ယခင်နှစ်ကထက် ၃၆ ရာခိုင်နှုန်းမြင့်တက်လျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံအဝန်း ယာဉ်မတော်တဆဖြစ်မှု ၂၂၁၆ ခုရှိခဲ့ပြီး ၂၃၇၈ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ယခင်နှစ်ထက် ၂၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဘေးအန္တရာယ်ကြိုတင်တားဆီးရေးဌာန၏ ယာဉ်မတော်တဆမှုကင်းစင်ရေးစင်တာက ဆိုသည်။

ဧပြီ ၁၄ ရက် တစ်ရက်တည်းမှာပင် ကားမတော်တဆမှု ၅၅၅ ခုဖြစ်ပွားကာ ၇၈ ဦးသေဆုံးပြီး ၆၀၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အမျိုးသားကောင်စီ၏ ပြည်သူ့ရေးရာဌာနအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး သီရာဝသ်ဘွန်ရာဝသ်က ဆိုသည်။

ရေသဘင်ပွဲတော်ရက်အတွင်း မူးယစ်သောက်စားပြီး မောင်းနှင်ခြင်းသည် မတော်တဆမှုများ၏ အဓိကအကြောင်းရင်းခံပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရေသဘင်ပွဲတော်လေးရက်အတွင်း ချင်းမိုင်ခရိုင်တစ်ခုတည်းမှာပင် မတော်တဆမှု ၁၀၀ ခန့်ဖြစ်ပွားခဲ့ပြီး ၁၀၄ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဗန်ကောက်မြို့အတွင်း လူသေဆုံးမှုရှိသော မတော်တဆမှု ၁၄ ခုခန့်ရှိခဲ့သည်။ ခရိုင်လေးခုတွင် ယာဉ်မတော်တဆမှု ၁၃၉ ခု ဖြစ်ပွားခဲ့သည်။

မတော်တဆမှုဖြစ်ပွားနှုန်း လျော့ကျစေရေးအတွက် လမ်းမများပေါ်ရှိ စစ်ဆေးရေးဂိတ်များတွင် တာဝန်ရှိသူများက မော်တော်ယာဉ်များအား အရှိန်ပြင်းမောင်းနှင်မှုမရှိစေရန်၊ မူးယစ်သောက်စားမောင်းနှင်မှုများမပြုစေရန်၊ ခါးပတ်မဝတ်ဘဲ ယာဉ်မောင်းနှင်မှုမရှိစေရန်နှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ဦးထုပ်မဆောင်းဘဲ မောင်းနှင်မှုမရှိစေရန် လိုက်လံစစ်ဆေးကြပ်မတ်လျက်ရှိကြောင်း ယာဉ်မတော်တဆမှုကင်းစင်ရေးစင်တာက ဆိုသည်။

**ဗန်ကောက်ပို့စ်။**

# ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်သစ်ကူးသဝဏ်လွှာတစ်စောင်

လင်းအေး

ဗိုလ်ချုပ်အောင်ဆန်းသည် နှစ်သစ်ကူးသဝဏ်လွှာတစ်စောင်ကို မြန်မာပြည်သူလူထုအတွက် ရည်စူး၍ ရေးသားခဲ့ဖူးပါသည်။ မြန်မာသက္ကရာဇ် ၁၃၀၇ ခုနှစ်မှ ၁၃၀၈ ခုနှစ်သို့အကူးအပြောင်းတွင် မြန်မာပြည်သူတို့ကို နှုတ်ခွန်းဆက်ဆုတောင်း နှစ်သစ်ကူးသဝဏ်လွှာဖြစ်ပါသည်။ နှစ်ပေါင်း ၇၀ တိတိကြာခဲ့ပါပြီ။ ယင်းသဝဏ်လွှာသည် ၁၉၄၆ ခု ဧပြီလတွင်ထုတ်ဝေသော Burma Digest စာစောင်(အတွဲ ၁၊ အမှတ် ၄)တွင် ဖော်ပြပါရှိပါသည်။ New Year Message ဟုအမည်တပ်ထားသည့် အင်္ဂလိပ်လိုရေးထားသောစာဖြစ်သည်။

ဂျင်နရယ်အောင်ဆန်းထံမှ (From Gen.Aung San) ဟု သဝဏ်လွှာအောက်တွင် ဖော်ပြထားသည်။ အဆုံးသတ်၌ အောင်ဆန်း ဖဆပလ ဥက္ကဋ္ဌ၊ Aung San A.F.P.F.L ဟုရေးထိုးထားပါသည်။ စစ်ကြီးအပြီး ဒုက္ခသုက္ခအမျိုးမျိုးနှင့် တွေ့ကြုံရင်ဆိုင်နေရသော ပြည်သူလူထုကို အားပေးထားသောစာဖြစ်သည်။ ကဗျာဆန်သော အဖွဲ့အနွဲ့လေးများ ထည့်သွင်းရေးသားထားသည့် ရသမြောက်သောစာဖြစ်သည်။ စာတွင် ဗိုလ်ချုပ်၏ အကောင်းမြင်သဘောထား၊ စိတ်ဓာတ်ခွန်အားနှင့် မေတ္တာစာတ်ကို တွေ့မြင်ခံစားရသည်။ ပြည်သူတို့သည် လွတ်လပ်ရေးပန်းတိုင်ဆီသို့ စုစည်းညီညွတ်စွာ အင်တိုက်အားတိုက်ချီတက်ကြရန် အားပေးတိုက်တွန်းထားပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ "နှစ်သစ်ကူးသဝဏ်လွှာ" ကို မြန်မာလိုပြန်ဆို၍ ဖော်ပြပေးလိုက်ပါသည်-



"ဒီနှစ်ဟာ ကျွန်တော်တို့တိုင်းပြည် ဖက်ဆစ်ကျူးကျော်သူတွေရဲ့ တံပိုးအောက်ကလွတ်မြောက်ခဲ့ပြီး တွေ့ရတဲ့ ပထမဆုံးမြန်မာ့နှစ်သစ်ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၊ ပြည်ဖုံးကားချလိုက်ပြီးနောက် ပထမဆုံး ကြုံတွေ့ရတဲ့ မြန်မာ့နှစ်သစ်အခါဖြစ်တယ်။ လွန်ခဲ့တဲ့ လေးနှစ်ကာလက ကျွန်တော်တို့ပြည်သူတွေဟာ မီကာဒို (Mikado ဂျပန်ဧကရာဇ်) ရဲ့ စစ်သားတွေ(စစ်ဝါဒီတွေ)က ဗမာပြည်ထဲကို ဝင်ရောက်တိုက်ခိုက်သိမ်းယူပြီး သွေးစုပ်၊ လုယက်ဖျက်ဆီးတာကို ခံခဲ့ကြရတယ်။ မနှစ်ကအထိ အဲဒီစစ်ဝါဒီတွေဟာ ကျွန်တော်တို့တိုင်းပြည်မှာ ရှိနေကြသေးပြီး ဖက်ဆစ်ဝါဒကျဆုံးတော့မယ့် သေမင်းတမန်ခေါင်းလောင်းသံကို ကြားရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ကြဘူး။ ဒါပေမယ့် ဒီနေ့ဒီအချိန်မှာတော့ သူတို့မရှိကြတော့ဘူး။ သူတို့နဲ့အတူ လေကြောင်းတိုက်ပွဲတွေ၊ ပုံးတွေ၊ စစ်ရဲ့အငွေ့အသက်တွေလည်း ဆိတ်သုဉ်းပျောက်ကွယ်သွားခဲ့ကြပါပြီ။ အတိတ်ကို ကျွန်တော်တို့ပြန်ကြည့်ရင် ကုန်လွန်ခဲ့တဲ့ နှစ်ကာလတွေမှာ ကျွန်တော်တို့ပြည်သူတွေ ဒုက္ခအကြီးအကျယ် ရောက်ခဲ့ကြရတယ်။ အခက်အခဲအကျပ်အတည်းတွေနဲ့ တွေ့ခဲ့ကြရတယ်။ ကံဆိုးမိုးမှောင် ကျခဲ့ကြရတယ်။ သို့သော် ဒီဆင်းရဲဒုက္ခတွေကြားကပဲ ဗမာပြည်သူတွေဟာ လွတ်လပ်ရေးအရသာ၊ ကျွန်တော်တို့ရဲ့မျိုးဆက်တွေ မတွေ့ဖူး၊ မကြုံဖူးသေးတဲ့ လွတ်လပ်ရေးအရသာကို နောင်လာနောက်သားတွေ သိရှိခံစားနိုင်ဖို့ ကျွန်တော်တို့ ကြိုးပမ်းကြပါစို့။ ဒီကနေ့ ဗမာတွေဟာ စစ်ဘေးစစ်ဒဏ်ကို ခံခဲ့ရတာကို ညည်းညူနေတုန်းပဲဆိုတာ ကျွန်တော်တို့တွေ့ရတယ်။ လယ်ကွင်းထဲက လယ်သမားတွေ၊ သဘော်ကျင်းက အလုပ်ကြမ်းသမားတွေ စတဲ့ ဗမာဆင်းရဲသားတွေဟာ သူတို့ဘဝတွေ ဘာမှတိုးတက်မှုမရှိသေးတဲ့အခြေအနေကို သူတို့ကိုယ်တိုင် စိတ်ပျက်ဖွယ်တွေ့မြင်နေကြရတယ်။ စီးပွားရေးကျပ်တည်းကျဆင်းနေတာတွေ၊ အစားအစာ၊ အဝတ်အထည်နဲ့ အခြားလူသုံးကုန်ပစ္စည်းတွေ ရှားပါးနေတာတွေက လူတွေကို ထိခိုက်တုန်လှုပ်စေတယ်။ ဒါပေမယ့် လွတ်လပ်ရေးဟာ မဝေးတော့ပါဘူးလို့ ကျွန်တော်တို့ရဲ့ "ကယ်တင်ရှင်" (Liberators) တွေကတော့ ပြောနေကြတာပဲ။ (မြန်မာပြည်တွင်းသို့ ပြန်ဝင်လာသော အင်္ဂလိပ်အစိုးရကို "ကယ်တင်ရှင်"ဟု ထေ့ငေါ့လိုက်ခြင်းဖြစ်ပါသည်)

"ဒီတော့ ကျွန်တော်တို့ အခုဘာလုပ်ကြမလဲ၊ ကျွန်တော်တို့ဆက်လုပ်ကြရမယ့် လုပ်ငန်းတာဝန်က ဘာလဲ၊ အဖြေက ရှင်းပါတယ်။ ကျွန်တော်တို့ ဆက်သွားကြရဦးမှာပေါ့။ ကျွန်တော်တို့ရည်မှန်းချက်ပေါက်မြောက်အောင် မလျှော့သောဇွဲမာန်အပြည့်နဲ့ ကျွန်တော်တို့စခဲ့တဲ့အလုပ်ကို (ပြီးဆုံးအောင်)ဆက်လုပ်ကြရမှာပေါ့။ ကျွန်တော်တို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လျှောက်လှမ်းခဲ့တဲ့ လွတ်လပ်ရေးပန်းတိုင်ဆီကို အရောက်ချီတက်ကြရမှာပေါ့။

"သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်တော့မယ့် မြန်မာသက္ကရာဇ် ၁၃၀၈ ခု နှစ်သစ်မှာ ကျွန်တော်တို့ပြည်သူတွေ ပျော်ရွှင်ကြပါစေ။ စီးပွားဥစ္စာ တိုးတက်ချမ်းသာကြပါစေ။ အောင်မြင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ပိတောက်ရွှေဝါရဲ့ သင်းရနံ့ကို ရှူရှိုက်ရင်း၊ အတာရေအေးကိုခံစားရင်း စည်းစည်းလုံးလုံးညီညာဖျဖျ အလုပ်လုပ်ကြရင်း လွတ်လပ်ရေးပန်းတိုင်ကို အားသွန်ခွန်စိုက် မှန်မှန်ချီတက်ကြဖို့ ထပ်လောင်းသံန္နိဋ္ဌာန်ချကြပါစို့"။ ။

## သင်္ကြန်မိုး

❖ ရွာလိုက်ပါ ကိုရွှေမိုးရယ်လို့
ဖြိုးလိုက်ပါ ကိုပဇ္ဇုန်ရယ်
နှစ်ဟောင်းကုန် နှစ်သစ်ကူးရင်လ
မြူးကြမည် ဤဘုံသားတွေမှာဖြင့်
သင်္ကြန်မေ မယ်မယ်ဖျားကိုလ
တွားညွတ်၍ ကြိုမယ်ဆို။

❖ ယနေ့ ဖူးသော်လည်း
ညကူးလျှင် အကုန်ပွင့်မယ်တဲ့
မိုးမြင့်ဝေသီခေါင်က
ပိတောက်မောင် သူ့စကားကို
ကြားမိသလိုလို။
ရွာလိုက်ပါ့ မိုး ပျိုပျိုရယ်
ညိုရုံနဲ့ဖြစ်ပဲ။

❖ စိုလို့အေးခါမှ
မျှော်ငေး မျှော်သူမှာဖြင့်
မျှော်အယူ တကယ်ဖြောင့်ပါလိမ့်
စိုးနှောင့်အောင် မပြီစမ်းပါနဲ့
ညိုပါလျှင် စိုကာဆန်းလိုက်ပါ
တမ်းတမျှော်ဆဲ။ ။

ဇော်ဂျီ

(၁၉၃၃ ခုနှစ် ဇန်နဝါရီလထုတ် ဂန္ထလောကမဂ္ဂဇင်းမှ ကူးယူဖော်ပြပါသည်။)

# မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့၌ သင်္ကြန်ချစ်သူများဖြင့် ပိုမိုစည်ကား

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ရေသဘင်ပွဲတော်၏ သင်္ကြန်အတက်နေ့တွင် နေပြည်တော်တစ်ခွင်ရှိ လမ်းမများပေါ်၌ ယခင်နေ့များထက် ရေပက်ခံကြသူများ၊ ရေပက်ကစားကြသူများ၊ သင်္ကြန်မဏ္ဍပ်ကြီးများမှ တေးဂီတဖျော်ဖြေတင်ဆက်မှုများ၊ စတုဒိသာကျွေးမွေးမှုများဖြင့် ပိုမိုစည်ကားသည်ကို တွေ့ရသည်။

အဆိုပါ သင်္ကြန်မဏ္ဍပ်ကြီးများကို အမှီပြုပြီး မဏ္ဍပ်များအနီးတွင် လာရောက်ဈေးရောင်းချသူများမှာလည်း ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေကြောင်း သိရသည်။

နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေသံလွင်မိသားစု ရေကစားမဏ္ဍပ်၊ ဟိုတယ်အေစီအီး ရေကစားမဏ္ဍပ်ကြီးများရှေ့ ရာဇသင်္ဂဟလမ်းမပေါ်တွင် နေပြည်တော်တစ်ခွင်ရှိ ရေကစားကြသူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်ရေကစားကြသူများဖြင့် တိုးမပေါက်အောင် စည်ကားပြီး ကမ္ဘာလှည့်ခရီးသွားများလည်း ပျော်ရွှင်စွာ ဝင်ရောက်ရေကစားကြသည်ကို တွေ့ရသည်။

မဏ္ဍပ်ကြီးများတွင် အနုပညာရှင်များနှင့် ယိမ်းလှပျိုဖြူများက မြူးကြွသော အဆို၊ အကများ၊ သင်္ကြန်တေးသီချင်း၊ ခေတ်ပေါ်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုပြုကြရာ ရေကစားကြသူများက ပျော်ရွှင်စွာလိုက်လံသီဆိုကြပြီး သံစဉ်များနှင့်အတူယိမ်းနွဲ့ကခုန်ကာ ယခုနှစ်မဟာသင်္ကြန် ၏နောက်ဆုံးနေ့ကို ပျော်ရွှင်စွာဖြတ်သန်းကြသည်ကို လည်းတွေ့ရသည်။

ထို့အတူ ဇေယျာသီရိမြို့နယ်တွင်လည်း တပ်မတော် မိသားစုများ၏ သင်္ကြန်ရေကစားမဏ္ဍပ်များတွင် သင်္ကြန်တေးသီချင်းများနှင့်အတူ ယိမ်းအကအလှအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ရှုစားအားပေးကာ ပျော်ရွှင်စွာ ရေကစားနေကြသူများကိုလည်းတွေ့ရသည်။

ထို့ပြင် ပျဉ်းမနား-တောင်ညိုလမ်းတစ်လျှောက်နှင့် နေပြည်တော်ရာဇသင်္ဂဟလမ်းပေါ်တွင်လည်း အစုအဖွဲ့ များဖွဲ့၍ ရေပက်ခံထွက်လာကြသည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်ကြသူများ၊ ရေကစားကြသူများကို တွေ့ရသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင်လည်း မဏ္ဍပ်ငယ်များထိုး၍ သင်္ကြန်တေးသီချင်းများဖွင့်ပြီး လမ်းသွား လမ်းလာများအား ရေပက်ကစားကြပြီး ရွှေရင်အေး၊ မုန့်လုံးရေပေါ်၊ ဖျော်ရည်၊ အအေး၊ အကြော်စုံ၊ ကြာဆံဟင်း စသည့်စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံနေသည်ကို တွေ့ရသည်။

ထို့အတူ ဧပြီလ၏ ပူပြင်းသည့်အပူချိန်ကိုရှောင်ရှားရင်း အေးချမ်းစွာ အပန်းဖြေ အရိပ်ခို အနားယူလိုကြသူများကလည်း နေပြည်တော်ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ရေပူစမ်းများ၊ ငလိုက်ကန်သာ၊ လျှော့ခွင်းတောင်နှင့် အခြားသော အေးရိပ်ရနေရာများသို့သွားရောက်၍ ရေကစားခြင်း၊ အနားယူအေးရိပ်ခိုခြင်းများ တွေ့ရသည်။

ထို့အတူ ၁၃၇၇ ခုနှစ်မှ ၁၃၇၈ ခုနှစ်သို့ ကုသိုလ်တရားများ သယ်ဆောင်သွားလိုသူများကလည်း မဟာ သင်္ကြန်အတက်နေ့တွင် နေပြည်တော်ရှိ အထင်ကရဖြစ်သော သတ္တသတ္တာဟ(ဖွား၊ ပွင့်၊ ဟော၊စံ) ဗုဒ္ဓဂယာ၊ မဟာသကျရံသီရပ်တော်မူဘုရား၊ ဥပ္ပါတသန္တိစေတီတော်၊ ဗောဓိပက္ခိယ ရုပ်ပွားတော်အပါအဝင် ဘုရားကျောင်း ကန်များတွင်လည်း ကုသိုလ်ဒါနပြုခြင်း၊ ဥပုသ်သီလစောင့်ထိန်းခြင်း၊ တရားဘာဝနာရှုမှတ်ပွားများခြင်းတို့ဖြင့် ကုသိုလ်ယူနေကြသည်ကိုလည်း တွေ့ရသည်။

(သတင်းစဉ်)




# မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ပိတ်ပွဲ မြဝတီမြို့၌ စည်ကားစွာကျင်းပ

**မြဝတီ ဧပြီ ၁၆**

၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့ (ဧပြီ ၁၆ ရက်)က မြဝတီမြို့၌ တည်ငြိမ်အေးချမ်းပျော်ရွှင်စွာ ကားများဖြင့်ရေပက်ခံထွက်သူများ၊ ရေပက်သူများနှင့် မြို့အတွင်းရှိ ရေတံခွန်၊ ခြေတော်ရာ၊ ချောင်းဆုံ၊ ရေပူနေရာများတွင် ရေသဘင်ပွဲ ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့နောက် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ညနေ ၆ နာရီက မြဝတီခရိုင် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မျိုးထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် တာဝန်ရှိသူများက ယိမ်းအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်မင်္ဂလာစကားပြောကြားပြီး မိမိတို့လူမျိုးရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံကို မပျောက်မပျက်စေဘဲ သင်္ကြန်ရဲ့အနှစ်သာရကို ပေါ်လွင်စေတဲ့အကြောင်းအရာ အပြင်အဆင်များနဲ့ သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြခြင်းဖြင့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော် သွင်ပြင်သဏ္ဌာန်ကို မြှင့်တင်နိုင်ကြပါစေကြောင်းဖြင့် ပြောကြားသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# သို့လော သို့လော မြစ်ဆုံ

ဝင်းမျိုးသူ



မြန်မာနိုင်ငံ အစိုးရသစ်တက်မယ်လို့ ကြိုရွယ်တုန်းရှိသေးတယ်။ မြစ်ဆုံကို ပြန်လုပ်ဖို့ကြိုးစားမယ်လို့ တရုတ်နိုင်ငံက တာဝန်ရှိသူတွေက ဆိုလာတော့ စာရေးဆရာမြတ်ထန်ရဲ့ "တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်" ဆိုတဲ့ ဝတ္ထုသွား သတိရမိတယ်။ မိတ်ဆွေကောင်းပီသစွာ တစ်ပါးသူရဲ့ အခက်အခဲလေးများ နားလည်မှုပေးပြီး အချိန်ကလေးများ နည်းနည်းလေးလောက် စောင့်နိုင်ရင်ကောင်းမှာပဲလို့ အတွေးကလေးဝင်မိပါတယ်။

**ကိုယ်ချင်းစာပါတယ်။**

စိတ်ချပါ။ ဧပြီလ ၁ ရက်နေ့က စလို့တက်လာတဲ့ အစိုးရသစ်ဟာ ဒီမိုကရေစီနည်းကျကျ ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရပါ။ ဒီမိုကရေစီအစိုးရမို့ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံ၊တာဝန်ယူမှုတို့ကို မေးခွန်းထုတ်စရာမလိုဘူး။ လေးစားပြီးသားဖြစ်မှာပါ။ မြစ်ဆုံဆည်ဆောက်လုပ်ခြင်းကို ခေတ္တဆိုင်းငံ့လိုက်တဲ့အတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူကုမ္ပဏီအနေနဲ့ နစ်နာမှုတွေရှိတယ်ဆိုတာ အသိအမှတ်ပြုပါတယ်။ ဒီမြစ်ဆုံစီမံကိန်းကို တရုတ်ကုမ္ပဏီတွေအနေနဲ့ ပြန်စလိုတဲ့သဘောထားတွေကိုလည်း ကိုယ်ချင်းစာ၊ နားလည်ပေးလို့ရပါတယ်။ မြန်မာပြည်သူတွေကလည်း ဒီကိစ္စတအုံ့နွေးနွေးထားနေတာထက် အလျင်အမြန်အပြီးအပြတ်ရှင်းလိုတဲ့ ဆန္ဒသဘောထားရှိပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း ချုပ်ဆိုထားတဲ့စာချုပ်စာတမ်းတွေ ပြန်လည်သုံးသပ်ပြီး ပွင့်လင်းမြင်သာစွာ၊ တာဝန်ယူ၊တာဝန်ခံမှု အပြည့်အဝနဲ့ နှစ်နိုင်ငံရေရှည်အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားပြီး ကိုင်တွယ်ဆောင်ရွက်သွားမယ်လို့ ရွေးကောက်ပွဲကာလ ကချင်ပြည်နယ်က မဲဆန္ဒရှင်ပြည်သူတွေကို ဖြေကြားသွားတာ အမှတ်ရမိပါတယ်။ ဒါကြောင့် စာရေးသူက တက်လာတဲ့ ဒီမိုကရေစီအစိုးရဟာ ပြည်သူ့သဘောထား စိတ်ဆန္ဒတွေနဲ့အညီ ဖြေရှင်းဆောင်ရွက်သွားမယ်လို့ ယုံကြည်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း အိမ်နီးနားချင်းကောင်း မိတ်ဆွေတစ်ယောက်ဆိုရင် မြန်မာပြည်သူတွေရဲ့ စိတ်ဆန္ဒသဘောထားကိုလေးစားပြီး ပေါ်ထွက်လာမယ့် ဆုံးဖြတ်ချက်ရလဒ်ကို လက်ခံဆောင်ရွက်သင့်ပါတယ်။

တစ်နည်းအားဖြင့် တရုတ်ကုမ္ပဏီအနေနဲ့ စီမံကိန်းကို ဆက်လက်ဆောင်ရွက်လိုရင် ပြည်သူတွေ လက်ခံယုံကြည်လာအောင် ဆောင်ရွက်ဖို့လိုသလို မြန်မာပြည်သူတွေကလည်း အထူးသဖြင့် ဧရာဝတီမြစ်အစနဲ့အဆုံး မြစ်ဝှမ်းတစ်လျှောက်လုံးမှာ မှီတင်းနေထိုင်ကြသူ တိုင်းရင်းသားဒေသခံ ပြည်သူအပေါင်းတို့က စီမံကိန်းကြောင့် မိမိတို့ဘဝတွေအပေါ်ကျရောက်လာမယ့် ကောင်းခြင်း၊ ဆိုးခြင်းတွေကို မိမိတို့အသိနဲ့ ကောင်းစွာနားလည်သဘောပေါက်ပြီး ဆန္ဒသဘောထားလှစ်ဟလို့ နှစ်နိုင်ငံဆွေးနွေးညှိနှိုင်း၊ ငြိမ်းချမ်းစွာ အဖြေရှာရေးကိုကူညီကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားဖို့ အရေးကြီးပါတယ်။ ဒီနေရာမှာ ပြည်သူတွေ ပညာရှိ သတိဖြစ်ခဲ ဆိုသလို သတိပြုသင့်တယ်လို့ထင်တဲ့ အချက်တွေကို ဒီဆောင်းပါးမှာ ဆွေးနွေးလိုပါတယ်။

**အပ်ကြောင်းထပ်သော ဒီဓာတ်ပြား**

မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ရင် တရုတ်ကုမ္ပဏီတွေဘက်က အမြဲတမ်းပြောဆိုနေတဲ့ အချက်သုံးချက် ရှိပါတယ်။ (၁) မြစ်ဆုံစီမံကိန်းဟာ အဆိုးထက် အကောင်းတွေပိုတာမို့လို့လုပ်သင့်တယ်။ (၂) စီမံကိန်းအကျိုးဖြစ်ထွန်းမှုကိုကြည့်ရင် တရုတ်ကုမ္ပဏီတွေထက် မြန်မာနိုင်ငံက ပိုရပါတယ်ဆိုပြီး မက်လုံးနဲ့ ဆွယ်ပါတယ်။ (၃) ဒေသခံပြည်သူတွေက သူတို့စီမံကိန်းကို ထောက်ခံပါတယ်။ ရွှေ့ပြောင်းခံရတဲ့ရွာတွေကို ဘယ်လိုဆောင်ရွက်ပေးထားတာ ဆိုပြီး ကြော်ငြာထိုးသလို စီမံကိန်းကိုကန့်ကွက်သူတွေဟာ ဒေသခံတွေမဟုတ်ဘဲ နိုင်ငံရေးပွဲဆူလိုသူများ၊ အနောက်နိုင်ငံတွေက မြှောက်ပေးလို့ လှုပ်ရှားတက်ကြွနေတဲ့ အစိုးရမဟုတ်တဲ့အရပ်ဘက်အဖွဲ့အစည်း အနည်းစုသာ ဖြစ်တယ်လို့ တစိုက်မတ်မတ်ပြောပါတယ်။

အနည်းဆုံးတော့ ဒီသုံးချက်ဟာ တရုတ်နိုင်ငံအတွင်း တရုတ်ပြည်သူများရော၊ နိုင်ငံရေးသမား တာဝန်ရှိသူများကို လက်ခံယုံကြည်အောင် ဆင်ခြေပေး အကြောင်းပြနိုင်စွမ်းရှိတယ်လို့ သုံးသပ်မိပါတယ်။ ပြည်ပမှာဆိုမိတဲ့ တရုတ်နိုင်ငံမှ မိတ်ဆွေအပေါင်းအသင်းတိုင်းက ဒီအချက်တွေအပေါ်မှာ မူတည်ပြီး အမေးထုတ်ကြပါတယ်။ မင်းတို့မြန်မာတွေ လျှပ်စစ်မလိုချင်ဘူးလား။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လုပ်ပေးနေတာလေ၊ မလိုချင်ကြဘူးလား အစရှိသဖြင့် မေးမြန်းစူးစမ်းကြပါတယ်။ ပိုဆိုးလာတာက ဒီမိုကရေစီဆိုတာ အနောက်နိုင်ငံက သွတ်သွင်းတဲ့ စနစ်တွေ။ တစ်ယောက်တစ်ပေါက်နဲ့ မင်းတို့နိုင်ငံပိုဒုက္ခရောက်လိမ့်မယ်။ စီးပွားရေးတိုးတက်မှုကအဓိကပါဆိုပြီး ပြောလာတာပါပဲ။

ဒီလိုအမေးခံရတိုင်းမှာ ပြန်ပြောဖြစ်တဲ့အချက်ကတော့ လူမျိုးတစ်ခုချင်းစီမှာထားတဲ့ တန်ဖိုးထားမှု (Value) စံဆိုတာ မတူနိုင်ပါဘူး။ အများစုက ငွေရရင်ပြီးရော စီးပွားတိုးတက်ရေး အလေးထားကြပေမယ့် မြန်မာနိုင်ငံ ဖြစ်ထွန်းတည်ဆောက်လာတဲ့ သမိုင်းကြောင်းကို ကြည့်ရင် လွတ်လပ်မှုကို မြတ်နိုးမှု၊ ဘာသာရေးအရ ရောင့်ရဲတင်းတိမ်နိုင်မှု၊ အချုပ်အခြာအာဏာပိုင်စိုးလိုမှု၊ အမျိုးသားရေး ယဉ်ကျေးမှု စရိုက်လက္ခဏာများကို အလေးထားမှု (national identity) တွေဟာ မြန်မာလူမျိုးအများစုရဲ့တန်ဖိုးထားမှု တွေပါလို့။ မြစ်ဆုံစီမံကိန်းကို ဒီလိုတန်ဖိုးထားမှု မတူညီတဲ့ရှုထောင့်နှစ်ခုကနေ ချဉ်းကပ်တဲ့အခါ နီးရက်နဲ့ဝေးပြီး မြန်မာလူမျိုးတွေ မြစ်ဆုံကို ဘာကြောင့်လက်မခံနိုင်တာလဲဆိုတာကို သဘောပေါက်နိုင်မှာ မဟုတ်ဘူးလို့ပဲ စကားနည်းရန်စဲ ပြောမိပါတယ်။

ငွေပေးတိုင်းသာ လိုက်လုပ်တယ်ဆိုရင် မြန်မာဆိုတာ ပေါ်ပေါက်လာမှာ မဟုတ်ဘူး။ စာဖတ်သူတွေကော ဘယ်လိုထင်မြင်မိပါသလဲ။ ဒီနေရာမှာ ဟောပြောပွဲတစ်ခုမှာ စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)ပြောတဲ့စကားကို ရည်ညွှန်းကိုးကားချင်ပါတယ်။ ဆရာပြောတာက အတော်လေးရှင်းပါတယ်။ ဧရာဝတီဆိုတာ အားလုံးရဲ့အမေပါပဲ။ ဒီမြစ်ကိုအမှီပြုလို့ မြန်မာလူမျိုးတွေပေါ်ပေါက်လာခဲ့ကြတယ်။ နိုင်ငံတော်ကို တည်ဆောက်ခဲ့ကြတယ်။ ယဉ်ကျေးမှုတွေထွန်းကားခဲ့ကြတယ်။ သမိုင်းမှတ်တိုင်တွေ စိုက်ထူခဲ့ကြတယ်။ ကျွန်တော် ကျွန်မတို့ရဲ့အမေကို ငွေဘယ်လောက်ရရ ရောင်းစရာ အကြောင်းမရှိပါဘူးပေါ့။ ဒီစကားတစ်ခုတည်းနဲ့ကို ကမ်းကုန်နေပါပြီ။ သို့သော် ရိုးသားတဲ့ စာရေးသူတို့လူမျိုးတွေဟာ မမြင်နိုင်တဲ့လှည့်ကွက်ထဲမှာ သိုးယောင်ဆောင်မယ့် ဝံပုလွေကို မခွဲခြားနိုင်မယ့်အဖြစ်မျိုးတွေ ရှိလာနိုင်ပါတယ်။ ဒါကို သတိပြုကြပါ။

**အိမ်စာလုပ်သော တရုတ်ကုမ္ပဏီ**

သမ္မတဦးသိန်းစိန်လက်ထက် မြစ်ဆုံဆည်တည်ဆောက်ခြင်းကို ခေတ္တရပ်ဆိုင်းမယ်လို့ ကြေညာလိုက်တဲ့အချိန်မှာ တရုတ်ကုမ္ပဏီတွေဟာ မထင်မှတ်ဘဲ ရုတ်တရက် ချုံခိုတိုက်ခံလိုက်ရပါတယ်။ မဟာဗျူဟာမြောက် အိမ်နီးနားချင်းဆက်ဆံရေး တည်ထောင်ထားတဲ့ မြန်မာနိုင်ငံက ဒီလိုဆုံးဖြတ် တုံ့ပြန်လိုက်တာဟာ တရုတ်နိုင်ငံအနေနဲ့ ဘယ်လိုမှမမျှော်လင့်ထားသလို နားမလည်နိုင်အောင်ပဲဖြစ်ခဲ့တယ်။ အထက်က ဆိုသလိုပဲ အနောက်နိုင်ငံတွေ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် ဖြစ်ရတယ်ဆိုတဲ့ပုံစံထဲကို သွတ်သွင်းပြီး ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်လိုက်ကြဟန်တူတယ်။

ပထဝီဝင် နိုင်ငံရေးကို အကြောင်းပြုလို့ ဥပမာ၊ One Country Two Oceans လို့ဆိုတဲ့ တစ်နိုင်ငံ သမုဒ္ဒရာနှစ်ခု မူဝါဒအရ တရုတ်နိုင်ငံအရှေ့ဘက် ပစိဖိတ်သမုဒ္ဒရာကို စိုးမိုးရေးသာမက အနောက်ဘက် အိန္ဒိယ သမုဒ္ဒရာ ရေကြောင်းသွားလာရေးကို ထိန်းချုပ်နိုင်ရေးဆိုတဲ့ နိုင်ငံရေးဆန္ဒကရှိနေတော့ မြစ်ဆုံစီမံကိန်း ဆိုင်းငံ့လိုက်တဲ့အပေါ်မှာ မကျေနပ်ချက်တွေကို မျိုသိပ်လိုက်ပုံရတယ်။

သို့သော် ဒီမြစ်ဆုံကိစ္စကိုရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းတွေ ဆက်တိုက်လုပ်လာတာ သတိပြုမိတယ်။ ပထမဆုံးကတော့ တရုတ်နိုင်ငံ ပတ်ဝန်းကျင်ရေးရာ ဒုတိယဝန်ကြီး မြန်မာပြည်ကို အလွတ်သဘောမျိုး ရောက်လာပြီး ဘာကြောင့် မြန်မာပြည်က ပတ်ဝန်းကျင်ရေးရာလှုပ်ရှားသူတွေ ဆန့်ကျင်ကန့်ကွက်တာလဲ ဆိုတာကို စနည်းနာပါတယ်။ ဆန့်ကျင်တင်ပြတဲ့ အချက်တွေက ပြန်လည်ပြင်ဆင်လိုက်ရင် မစီမံ၊ မခန့်ခွဲနိုင်တဲ့ကိစ္စတွေ မဟုတ်ဘူးလို့ သူတို့က သုံးသပ်ပါတယ်။ မြန်မာပြည် အရပ်ဘက်အဖွဲ့အစည်းတွေက တင်ပြတဲ့အချက်ကို လက်ခံပြီး တရုတ်၊ မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို ခေါင်းဆောင်အချင်းချင်း ထိတွေ့ဆက်ဆံမှုအပေါ်မှာတင် အခြေမခံတော့ဘဲ ကျယ်ပြန့်စွာ သက်ဆိုင်သူ လူထု၊ လူတန်းစားအဖွဲ့ပေါင်းစုံနဲ့ ထိတွေ့ဆက်ဆံရင်း ပြည်သူမှပြည်သူ (Citizen Diplomacy)ကို တိုးချဲ့ကြိုးပမ်းဆောင်ရွက်လာခဲ့တယ်။ တရုတ်နိုင်ငံမှာတောင် သုံးမရတဲ့ ဖေ့စ်ဘွတ်ကို မြန်မာနိုင်ငံ တရုတ်သံရုံးက အသုံးပြုပြီး လူထုနဲ့ ထိတွေ့ဆက်သွယ်ဝါဒဖြန့်ဖို့ ကြိုးစားလာတယ်။

ထူးခြားမှု တစ်ခုအနေနဲ့ အစဉ်အလာဖျက်ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်ဟာ ဒေါ်အောင်ဆန်းစုကြည်ကို တရုတ်ပြည်ဖိတ်ကြားလို့ ကော်ဇောနီခင်း ကြိုဆိုပြီး ပုဂ္ဂလိကသံတမန်ဆက်ဆံရေးတည်ထောင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရှိန်အဝါကို အသုံးချပြီး မြစ်ဆုံကိုဆန့်ကျင်သော ပြည်သူများကို စည်းရုံးဖျောင်းဖျလိုတဲ့ သဘောရှိတယ်လို့ သုံးသပ်ရတယ်။

လူပြောများတဲ့ စီမံကိန်းလာဘ်ပေးလာဘ်ယူကိစ္စကလည်း သမ္မတရှီကျင့်ဖျင်ရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး စီမံချက်အောက်မှာ ကုမ္ပဏီက တာဝန်ရှိသူတချို့ အရေးယူခံရတယ်လို့ကြားသိရတယ်။ ကုမ္ပဏီအမည်ကိုလည်း ပြောင်းလဲပစ်လိုက်ပြီး ပြုပြင်ပြောင်းလဲရေးတွေလုပ်နေတဲ့ အသွင်သဏ္ဌာန်ကို ရယူထားတယ်။ ဒါတွေဟာ စီမံကိန်းရဲ့တရားဝင်မှု (legitimacy) ကို မေးခွန်းထုတ်ရင် ရှင်းထုတ်နိုင်မယ့် အနေအထားပါ။တစ်ဆက်တည်း စီမံကိန်း ကုန်ကျစရိတ်ဟာ ဒေါ်လာ သန်းရှစ်ရာ၊ တစ်ထောင်ရှိတယ်၊ ပြန်လျော်ရမယ်နော်ဆိုတာမျိုး ငွေကြေးဆိုင်ရာဖိအားကို ဖန်တီးထားလိုက်တယ်။

ဒီလောက်မကုန်နိုင်ဘူးလို့ထင်ရပေမယ့် မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ပေးစရာရှိတဲ့ချေးငွေတွေ ပြန်ဆပ်ဖို့ ကြိုတင်ငွေထုတ်ပေးထားသလိုမျိုးလည်းလေသံလွှင့်ထားတယ်။ နည်းပညာပိုင်းဆိုင်ရာ တရုတ်နည်းပညာကို ဝေဖန်မှုတွေကို ကျော်လွှန်ဖို့လည်း အနောက်နိုင်ငံသားတွေကို အသုံးချပြီး စီမံကိန်းဆက်လုပ်သင့်ကြောင်း lobby ဆွယ်တရားဟော ဝိုင်းဈေးဆစ်ခိုင်းလာတယ်။ ရင်းနှီးမြှုပ်နှံမှုမှာပါတဲ့ ယူနန်ပြည်နယ်က ကုမ္ပဏီက အမေရိကန် ဟားဗတ်တက္ကသိုလ်မှာ သူ့ဝန်ထမ်းတွေ လေ့ကျင့်သင်ကြားပေးဖို့ သင်တန်းအစီအစဉ်တစ်ခုကို ငွေကြေးအကုန်အကျခံပြီး ထောက်ပံ့ပေးတယ်။ အမေရိကန်တက္ကသိုလ်တွေကလည်း ငွေအသည်းအသန်ရှာဖို့ ဖိအားတွေရှိတော့ ဖိုးကျိုင်းဒုတ်ပေါ့။

မကြာခင် အဲဒီဟားဗတ်တက္ကသိုလ်က ပါမောက္ခတွေ မြစ်ဆုံကိစ္စ သုတေသနတွေလုပ်ပြီး မြစ်ဆုံလုပ်သင့်သလိုလို ကချင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ဆွေးနွေးပြီး ထောက်ခံချက်ရ သဘောတူသလိုလို အစီရင်ခံစာတွေထွက်လာတယ်။ ကဲဘယ်လိုလုပ်ပြီး ဟားဗတ်က ကြမ်းပိုးလိပ်ဖြစ်အောင်ပြောတတ်တဲ့ ပညာရှင်တွေနဲ့ ဘယ်သူပြိုင်ငြင်းမလဲ။ မှန်တာမမှန်တာ အပထား။သို့လော သို့လောဖြစ်နေတဲ့ အချက်တွေအပေါ်မှာ အခြေပြု၊ ဝိနည်းလွတ် ထောက်ခံချက်တွေပေးနေတော့ ဆည်ဆောက်သင့်မသင့် ဝိဝါဒ ပိုကွဲစေတာပေါ့။

ဒီ့အပြင် ကမ္ဘာ့ဘဏ်တို့၊ အခြားနိုင်ငံတကာအဖွဲ့အစည်းတွေ စုပေါင်းအချိတ်အဆက်ပြုထားတဲ့ London based International Hydropower Association ရဲ့ ဆည်အကဲဖြတ်နည်း နည်းစနစ်တွေကို မိတ်ဆက်လာပြီး နိုင်ငံတကာ ပေတံနဲ့ အတိုင်းခံနိုင်သယောင်ယောင် ဖြစ်လာတယ်။ ဒီနည်းစနစ်တွေဟာ Qualitative assessment လို့ဆိုရမယ့် ယေဘုယျလွှမ်းခြုံ စဉ်းစားအမှတ်ပေးစနစ်တွေပဲဖြစ်ပြီး လိုရာဆွဲကောက်ချက်ချနိုင်မှု subjectivity ဖြစ်နိုင်ခြေများပြားပေမယ့်လည်း မြန်မာပြည်က ပညာရှင်အများစုဟာ ဒါဟာကိုးကွယ်စရာ ယောင်ယောင်ပြောဆိုလာတာတွေကို တွေ့ရပါတယ်။

ကမ္ဘာ့ဘဏ်ကလည်း ဧရာဝတီမြစ်ဝှမ်းစီမံကိန်း ချေးငွေပံ့ပိုးဆောင်ရွက်ပေးနေတာဖြစ်လို့ ဒီစီမံကိန်းက ကောက်ယူရရှိတဲ့ အချက်အလက်တွေကို အသုံးချပြီး ဆည်အတွက် တွက်ချက်ခန့်မှန်းမှုတွေဟာ နိုင်ငံတကာ စံနှုန်းတွေနဲ့ ကိုက်ညီသယောင်ယောင် ဖန်တီးယူလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ ပုလင်းတူဘူးဆို့ ဆိုတဲ့အတိုင်း အနောက်နိုင်ငံက ဆည်ကြီးများ ဆောက်လုပ်သူအသင်း အိုင်ကိုလ်ဒ်း (International Commission On Large Dam - ICOLD)ရဲ့ ဩဇာကိုရယူပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ ဆည်အကြီးကြီးတွေ ကောင်းကြောင်း အနောက်နိုင်ငံသား အဖြူတွေရဲ့ မျက်နှာသုံးပြီး ပါးပါးနပ်နပ် ဝါဒဖြန့်ဖို့က ပြင်ဆင်ပြီးသားဖြစ်တယ်။ ငါ့မယုံ ငါ့ဘကြီးမေး ဇာတ်လမ်းပေါ့။

ပြည်တွင်းမှာလည်း ဖေ့စ်ဘွတ်လို လူမှုရေးမီဒီယာမှာ လူထုစိတ်ဝင်စားမယ့် အကြောင်းအရာလေးတွေနဲ့ အစပြုပြီး ဆည်ကောင်းကြောင်း မသိမသာ စည်းရုံးရေးဆင်းနေတာ အတော်ပင်ခရီးရောက်နေတာကို သတိပြုမိပါတယ်။ အမေရိကန်နိုင်ငံအခြေစိုက် ကမ္ဘာ့နာမည်ကျော် ဉာဏ်ကြီးရှင် အဖွဲ့ဖြစ်တဲ့ Brookyln Institute မှာ ဧည့်သုတေသီလုပ်နေတဲ့ တရုတ်နိုင်ငံသား ပညာရှင်တွေ အသုံးပြုပြီး Track II Diplomacy လို့ခေါ်တဲ့ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ မြစ်ဆုံနဲ့ပတ်သက်လာရင် တရုတ်နိုင်ငံရဲ့ ပုံရိပ်ကောင်းအောင်၊ မျက်နှာပန်းလှအောင် ကြိုတင်တက်သာ၊ ဆုတ်သာရှိတဲ့ သံခင်း၊ တမန်ခင်းကို ပြင်ဆင်ပြီးသားဖြစ်တယ်။

တရုတ်ကုမ္ပဏီတွေက အရင်တစ်ခါလို ချုံခိုတိုက်ခိုက်မခံရအောင် ကြိုတင်ပြင်ဆင်မှုတွေလုပ်နေပေမယ့် မြန်မာပြည်သူ၊ ပြည်သားများအနေနဲ့က ဆည်ဆက်မဆောက်စေချင်တာကလွဲလို့ မြစ်ဆုံကိစ္စ ဘယ်လိုကိုင်တွယ်မယ်ဆိုတာ သို့လော သို့လော စိုးရိမ်ပူပန်မှုတွေနဲ့ နေရတဲ့ အနေအထားမှာပဲ ရှိနေပြီး စနစ်တကျ စုဖွဲ့ပြင်ဆင် နည်းလမ်းရှာဖွေဆောင်ရွက်ထားတာ မတွေ့မိရသလောက်ပဲ။

**(ဆက်လက်ဖော်ပြပါမည်)**





# မြန်မာ့ရိုးရာမဟာသင်္ကြန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ယနေ့ သင်္ကြန်အတက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ဂေါက်ကွင်းရှိ မြက်ခင်းပြင်၌ ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့်ဇနီး၊နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြပြီး ရေကစားမဏ္ဍပ်တွင် ယိမ်းအကအဖွဲ့များနှင့် ဖိတ်ကြားထားသည့် တေးသံရှင်များက သီဆိုကပြဖျော်ဖြေနေမှုတို့ကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် ယိမ်းအဖွဲ့များအား အတာရေများ အေးချမ်းပျော်ရွှင်စွာ ပက်ဖျန်းပေးကြပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု ရေသဘင်မဏ္ဍပ်အား အောင်မြင်စွာ ပိတ်သိမ်းလိုက်သည်။

ထို့အတူ ယနေ့ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများကလည်း တပ်မတော်မိသားစုရေကစားမဏ္ဍပ်များအား အောင်မြင်စွာ ပိတ်သိမ်းပေးခဲ့ကြသည်။

ယနေ့သည် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည်နှင့်အညီ ၎င်းရေကစားမဏ္ဍပ်များတွင် ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် ပျော်ရွှင်စည်ကားစွာ ရေသဘင်ပွဲဆင်နွှဲလျက်ရှိပြီး မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်္ကြန်ချစ်သူ ပြည်သူများက အတာရေသဘင်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**❒ကျောဖုံးမှ**

မိသားစုရေသဘင်မဏ္ဍပ်သို့လည်းကောင်း သွားရောက်၍ မဏ္ဍပ်များ၌ မိသားစု ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများနှင့် အရာရှိ၊ စစ်သည် မိသားစုဝင်များ ပျော်ရွှင်စွာ အတာရေသဘင်ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ အတာရေများ ပက်ဖျန်းပေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် တပ်မတော် နည်းပညာတက္ကသိုလ် မိသားစုရေသဘင်မဏ္ဍပ်၊ တပ်မတော်အင်ဂျင်နီယာကျောင်း မိသားစုရေကစားမဏ္ဍပ်နှင့် ပြင်ဦးလွင်တပ်မတော်ဆေးရုံ မိသားစုရေသဘင်မဏ္ဍပ်များသို့ သွားရောက်၍ မိသားစုယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများနှင့် အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများ၏ ပျော်ရွှင်စွာ ရေကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ မဏ္ဍပ်များရှိ ဗိုလ်လောင်းများနှင့် မိသားစုဝင်များကို အတာရေများ ပက်ဖျန်းပေးပြီး သင်္ကြန်အတက်နေ့ အတာရေသဘင်ပွဲကို အတူတကွ ပါဝင်ဆင်နွှဲခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ၁၃၇၈ ခု နှစ်သစ်ဆုတောင်း

သစ်ပင်သည်လည်း
ဖြည်းဖြည်းမှန်မှန်
သန်သန်မာမာ
မိုးထိလာပြီ
မြန်မာပြည်လည်း
ဖြည်းဖြည်းမှန်မှန်
သန်သန်မာမာ
မိုးထိလာနိုင်ပါစေသတည်း။

ကိုလေး(အင်းဝဂုဏ်ရည်)

## ယခုနှစ်သင်္ကြန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲမှုများသည် ပြည်သူနှင့် တစ်သားတည်းဖြစ်

**ရန်ကုန် ဧပြီ ၁၆**

ယခုနှစ်သင်္ကြန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲမှုများသည် ပြည်သူနှင့် တစ်သားတည်းမြင်တွေ့ရပြီး မင်္ဂလာတောင်ညွန့်ရဲစခန်းအတွင်း ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့မှ သွားရောက်ဖျော်ဖြေခွင့်ရခြင်းသည် အစိုးရအပြောင်းအလဲကာလတွင် သိသာထင်ရှားသည့် နိုင်ငံရေးပြောင်းလဲမှု တစ်ခုဖြစ်ကြောင်း သံချပ်အဖွဲ့ဝင် ကိုဇေယျာလွင်ကပြောသည်။

ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကြတ်နေ့(ပထမနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့စခန်း၏ ဖိတ်ကြားချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့နှင့် မင်္ဂလာတောင်ညွန့်မှ ရဲတပ်ဖွဲ့ဝင်တို့ပျော်ရွှင်စွာသီချင်းသီဆိုနေသောဓာတ်ပုံများ လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့ခဲ့ရာ facebookသုံးစွဲသူ ပြည်သူတို့ထံမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြောင်းလဲမှုများကို ကြိုဆိုကြောင်းရေးသားချက်များကိုလည်းတွေ့ရသည်။

"ကျွန်တော်တို့ကျောင်းသားအဖွဲ့နဲ့ ရဲဆိုတာ အရင်အစိုးရလက်ထက်က အဖမ်းဆီးခံနဲ့ ဖမ်းဆီးသူတွေဖြစ်ခဲ့တာ အခုအစိုးရပြောင်းလဲတာမကြာသေးတဲ့ကာလတစ်ခဏအတွင်းမှာ ဖျော်ဖြေသူနဲ့ ဖိတ်ကြားသူတွေဖြစ်သွားတယ် အရမ်းကိုလှပတဲ့ သိသာထင်ရှားတဲ့ နိုင်ငံရေးပြောင်းလဲမှုကို မြင်လိုက်ရတာပဲ" ဟု ကိုဇေယျာလွင်ကပြောသည်။

ရဲစခန်းဝင်းအတွင်း ဒေါင်းတို့မျိုးဆက် လာရောက်ဖျော်ဖြေသည်ကို ကြည့်ရှုခဲ့သည့် ဒဂုံမြို့သစ် တောင်ပိုင်းနေကိုဇော်မင်းက "ဒီနှစ်သင်္ကြန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ပြုပြင်ပြောင်းလဲမှုက ပြည်သူနဲ့တစ်သားတည်းဖြစ်တာတွေ့ရတယ်။အရင်နဲ့လုံးဝမတူဘဲ ကွဲပြားခြားနားစွာနဲ့ ပြည်သူကိုနွေးထွေးစွာ ဆက်ဆံလာတာတွေ့ရတယ်။ ဒါနိုင်ငံအတွက်ကောင်းတဲ့ပုံရိပ်တစ်ခုပါ" ဟု ပြောသည်။

ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့သည် ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် ပဲခူးတိုင်းဒေသကြီးအပါအဝင် နေရာပေါင်း ၄၀ ကျော်တွင် ဖျော်ဖြေခဲ့ကြောင်းသိရသည်။ **သီသီမင်း**





သင်္ကြန်အတက်နေ့ ရန်ကုန်မြို့ ပြည်လမ်းပေါ်တွင် ရေကစားသူများဖြင့် တိုးမပေါက်အောင် စည်ကားနေစဉ်။ (စိုးညွန့်)

# ပြည်တွင်းရေးရာ

## ☆ ကျောင်းသားခေါင်းဆောင်မှ

ဝမ်းမြောက်ကြိုဆိုပါတယ်။ ပြီးတော့ ဒီမိုကရေစီခရီးလမ်းကြောင်းကလည်း အခုမှအစပဲရှိသေးတယ်။ အခက်အခဲပေါင်းများစွာ၊ စိန်ခေါ်မှုပေါင်းများစွာနဲ့ ကျွန်တော်တို့ရင်ဆိုင်ကြရမှာ။ အကြီးမားဆုံးစိန်ခေါ်မှုက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပဲ။ ကျွန်တော်တို့တိုင်းပြည်မှာ ကျောင်းသားသမဂ္ဂရဲ့သမိုင်းက အရေးကြီးပါတယ်။ ကိုယ်စားပြုမှုကိုပြောရင် ၁၉၆၂ အာဏာသိမ်းပြီးနောက်ပိုင်း ဘယ်ကျောင်းသားသမဂ္ဂခေါင်းဆောင်ကိုမှ တရားဝင်ရွေးချယ်ခဲ့ကြတာမဟုတ်ဘူး။ တိုက်ပွဲများထဲက ပေါ်ထွက်လာတာပဲ။ ကျောင်းသားသမဂ္ဂခေါင်းဆောင်နေရာကို တိုက်ပွဲထဲက သမိုင်းက နေရာပေးတာ။ မင်းကိုနိုင်ဖြစ်ဖြစ်၊ ကိုကိုကြီးပဲဖြစ်ဖြစ်၊ ကိုဌေးကြွယ်၊ ကိုမင်းဇေယျ၊ နောက်ပိုင်း ကျော်ကိုကိုတို့၊ နန္ဒာစစ်အောင်တို့၊ မင်းသွေးသစ်တို့ သမိုင်းရဲ့တန်ဖိုးပေးမှုနဲ့ဖြစ်တာ။ မနေ့တစ်နေ့ကမှ ဖန်တီးလို့ဖြစ်တာ မဟုတ်ဘူး။ အရည်အချင်းနဲ့ စွန့်လွှတ်မှုတွေမရှိဘဲ မဖြစ်ဘူး။ ပြောလိုတာက နိုင်ငံရေးအဖွဲ့အစည်းအသီးသီး၊ လွှတ်တော်၊ အစိုးရအပါအဝင်အားလုံးက အရင်ဦးဆုံးလုပ်ဆောင်ပေးရမှာက ကျောင်းသားသမဂ္ဂတရားဝင်ဖွဲ့စည်းခွင့်၊ ရပ်တည်ခွင့်၊ ကျောင်းသားသမဂ္ဂပေါ်ပေါက်ရေးပေါ့။ ၆၂ ခုနှစ်တုန်းက ဗုံးခွဲဖျက်ဆီးခံရတဲ့ ကျောင်းသားသမဂ္ဂကြီးကို တရားဝင်ပေါ်ပေါက်အောင်လုပ်ချင်တာပါ။ ကျောင်းသားသမဂ္ဂတွေ တိုင်းနဲ့ပြည်နယ်အနှံ့ကို တရားဝင်ရပ်တည်ခွင့်ရအောင်လုပ်ချင်တာပါ။ ကျောင်းသားထုညီလာခံတစ်ရပ် ပြည်နယ်၊ မြို့နယ်၊ တက္ကသိုလ်ကိုယ်စားပြုတွေတက်လာပြီး ညီလာခံကို စည်းကမ်းတကျလုပ်ဖို့ ကြိုးစားတာပါ။ ကျောင်းသားတွေက လုပ်တတ်ပါတယ်။

သမဂ္ဂခေါင်းဆောင်တွေကလည်း တစ်သက်လုံးနေရာယူထားမှာမဟုတ်ပါဘူး။ မျိုးဆက်သစ်တွေကို လွှဲပေးမှာပါ။ ကျွန်တော်တို့တိုင်းပြည်က အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပြောနေသလို ကျောင်းသားတွေအနစ်နာခံကြိုးပမ်းလှုပ်ရှားမှုတွေက ဒီမိုကရေစီအသီးအပွင့်ကို စပြီးလျှောက်လှမ်းတဲ့အချိန်မှာ ကျောင်းသားအားလုံးရဲ့အမေဖြစ်တဲ့သမဂ္ဂကို ပြန်ပြီးတော့ ကိုအောင်ဆန်းတို့၊ ကိုဗဟိန်းတို့ခေါင်းဆောင်တွေ မွေးထုတ်ပေးတဲ့ အမေသမဂ္ဂကြီးကို အားလုံးက အရင်ဆုံးဖန်တီးပေးဖို့လိုပါတယ်။ ဝိုင်းဝန်းကြိုးစားဖို့လိုပါတယ်။ အားလုံးရဲ့ကိုယ်စားတက်လာတဲ့သူတွေနဲ့ ဒီမိုကရေစီနည်းကျရွေးချယ်ဖို့ပါပဲ။

အရေးကြီးဆုံးက ဒီမိုကရေစီခရီးလမ်းကို စပြီးလျှောက်လှမ်းချိန်ဖြစ်တယ်။ အားလုံးက ညီညီညွတ်ညွတ်နဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကျွန်တော်တို့ မတရားတဲ့ဟာတွေကို ပြင်ဆင်ဖို့လိုပါတယ်။ ဒါတွေပြင်ဆင်ဖို့အချိန်မှာ ညီညွတ်ကြဖို့လိုပါတယ်။ ကျောင်းသားတွေရဲ့ကြိုးပမ်းမှုတွေကို သိကြစေချင်ပါတယ်။

**လွတ်မြောက်လာသည့် ကျောင်းသားများထဲမှ ထင်ရှားသည့် ကိုကျော်ကိုကို၊ ကိုမင်းသွေးသစ်နှင့် မဖြိုးဖြိုးအောင်တို့ကိုလည်း သူတို့နိုင်ငံရေးနယ်ပယ်ထဲ ရောက်ရှိလာကြသည်နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**

### ကိုကျော်ကိုကို

ကျွန်တော်နိုင်ငံရေးလောကထဲကို ဘယ်လိုပါဝင်ဆောင်ရွက်လာခဲ့လဲဆိုရင် ၁၉၈၈ ကာလမှာ ကျွန်တော်က အသက်ခုနစ်နှစ်ရှိပြီပေါ့။ ကလေးဘဝမှာ မြင်နေတွေ့နေရတဲ့ မြင်ကွင်းတွေက စိတ်ပျက်စရာ အနိဋ္ဌာရုံမြင်ကွင်းတွေချည်းပဲ။ လက်နက်မဲ့ကျောင်းသားတွေကို လက်နက်ရှိတဲ့စစ်တပ်က ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ မြင်ကွင်းတွေက သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာ မြင်တွေ့နေရတယ်။ လူကြီးမိဘတွေဆီကလည်း ကြားသိရတယ်။ သေနတ်ပစ်သံတွေကြားထဲမှာ ကျွန်တော်ကြီးပြင်းလာတယ်။ ဘာဖြစ်လို့ အပြစ်မဲ့တဲ့ ကျောင်းသားတွေ ၊ ပြည်သူတွေကို ရက်စက်တဲ့နည်းလမ်းပေါင်းစုံနဲ့ သတ်ဖြတ်ရသလဲဆိုတာ မေးခွန်းထုတ်လာတယ်။

အိမ်မှာလဲ မိဘတွေက BBC, VOA ဖွင့်ပေးတယ်။ နိုင်ငံရေးစကားလုံးတွေက နားရည်ဝလာတယ်။ လူကြီးတွေဆွေးနွေးကြတဲ့အခါ ကျွန်တော်တို့က ထိုင်နားထောင်တယ်။ ၁၉၈၈ နောက်ပိုင်း ပါတီတွေ ထောင်တယ်။ မြန်မာပြည်နိုင်ငံရေးက စိတ်ဝင်စားစရာကောင်းတယ်ဆိုတာသိလာတယ်။ ပါတီတွေရွေးကောက်ပွဲဝင်တာကိုလည်း သိလာတယ်။ ကိုမင်းကိုနိုင်တို့ ၊ ကိုမိုးသီးဇွန်တို့၊ ဒေါ်အောင်ဆန်းစုကြည်တို့ နာမည်တွေသိလာတယ်။ စိတ်ဝင်တစားနဲ့ လေ့လာတယ်။

ကျွန်တော်တို့မိသားစုက စာအုပ်ဖတ်တာများတယ်။ စာအုပ်ဗီရိုတွေပြန်ရှာတဲ့အခါမှာ ကျောင်းသားသမဂ္ဂနဲ့ပတ်သက်တဲ့စာအုပ်၊ စာတမ်းတွေ အများကြီးတွေ့ခဲ့တယ်။ အိုးဝေမဂ္ဂဇင်း အဟောင်းလိုဟာမျိုးတွေ ငယ်ငယ်ကတည်းက ဖတ်ခဲ့ရတယ်။ အိုးဝေမဂ္ဂဇင်းကိုလေ့လာရင်း ကျောင်းသားသမိုင်းကို စိတ်ဝင်စားလာတယ်။

ကျွန်တော်တို့ မီခဲ့ရတာက ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးမတိုင်ခင်မှာ လမ်းပေါ်မှာ ဆန္ဒပြကြတာရှိတယ်။ ကုန်ဈေးနှုန်းကျဆင်းရေး ရုတ်ရုတ်သဲသဲ ဖြစ်နေတော့ အကုန်လုံးကို လိုက်ဖမ်းတာမျိုးတွေ၊ အစိုးရဘက်က နှိပ်ကွပ်မှုတွေ အရမ်းများလာတယ်။ ကျောင်းသားတွေအားလုံးရဲ့စိတ်က ထိရင်ချတယ်၊ ဖိရင်ကွဲတယ်ဆိုတော့ ကျောင်းသားတွေ အားလုံးက အလိုအလျောက် ညီညွတ်လာတယ်။ ရန်ကုန်တက္ကသိုလ်၊ ဆေးတက္ကသိုလ်အကုန်လုံး ကျောင်းသားတွေ အပြင်မှာစုစည်းမိတာပါ။

အဲဒီကနေ ပခုက္ကူသံဃာ့အရေးအခင်းကနေ လမ်းမပေါ်မှာ သံဃာတော်တွေ ဝန်းရံတဲ့ကိစ္စတွေ၊ သံဃာတော်တွေနဲ့ညှိနှိုင်းပြီး ခုပ်ဒေါင်းအလံတွေထောင်ပြီး လမ်းလျှောက်ချီတက်တာတွေ သမဂ္ဂလုပ်ငန်းတွေကို လှုပ်ရှားတယ်။ အဲဒီကာလမှာ မြေအောက်ပုံစံပဲ ဖွဲ့စည်းထားတာပေါ့။ အဓိက တာဝန်ယူထားတာက မဖြိုးဖြိုးအောင်၊ မဟန်နီဦး၊ ကိုနန္ဒာစစ်အောင်၊ ကိုလင်းထက်နိုင်၊ ကိုဒီငြိမ်းလင်း ပါဝင်ခဲ့တယ်။ လျှို့ဝှက်မြေအောက်လှုပ်ရှားတယ်။ တစ်ယောက်တစ်နေရာစီကနေ လှုပ်ရှားကြတယ်။

ဆုံးဖြတ်ချက်ချခဲ့ကြတယ်။ ဒါကြောင့် ဒီနေ့ဒီကာလမှာ မပြီးဆုံးသေးတဲ့ တာဝန်ကိုဆက်ပြီးထမ်းဆောင်နေတယ်လို့ မှတ်ယူပါတယ်။

ကျောင်းသားခေါင်းဆောင်တွေထဲမှာ အဓိက ရဲရဲတောက်မိန့်ခွန်းတွေကို ပြောကြားခဲ့တဲ့ သခင်ဗဟိန်းဖြစ်လာမယ့် ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းကို လေးစားတယ်။ မကွေးရေနံမြေသပိတ်မှာ အားပေးစကားပြောခဲ့တဲ့ မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်ဆိုတဲ့စကားက အသည်းစွဲဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ စာစဖတ်တဲ့အချိန်မှာကတည်းက ဒီစကားနားထဲကို ဝင်လာတယ်ပေါ့။ စိတ်ထဲ နှလုံးသားထဲကို စွဲမြဲနေတဲ့ စကားတစ်ရပ်ဖြစ်တယ်။ မဟုတ်မခံစိတ်ဓာတ်ကို ရဲရဲတောက်ဖော်ပြခဲ့တယ်။

ပြီးတော့ အဲဒီအချိန်မှာ ကျောင်းသားတွေအားလုံးကို ကိုယ်စားပြုတဲ့ ဗကသဥက္ကဋ္ဌတစ်ယောက်ကနေ ပြောကြားခဲ့တဲ့ စကားဖြစ်တဲ့အတွက် သခင်ဗဟိန်းကို တော်တော်အားကျခဲ့တယ်။ ဆရာဒဂုန်တာရာရဲ့ စာတွေကို ဖတ်ရတဲ့အခါမှာ သခင်ဗဟိန်းက ဘယ်လိုလူစားမျိုးလဲဆိုတာ


ကိုစိုးထွန်း (NNER အဖွဲ့ဝင်)

ကျွန်တော်တို့အားကျခဲ့ရတာက ပထမမျိုးဆက်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းတို့၊ ကိုနုတို့၊ ကိုဗဟိန်းတို့၊ ကိုအောင်ကျော်တို့ ပထမမျိုးဆက်တွေ အားကျတယ်။ ဒုတိယ၊ တတိယကျောင်းသားခေါင်းဆောင်တွေကို အားကျခဲ့တယ်။ ကိုကိုးကျွန်းမှာ အစာငတ်ခံဆန္ဒပြခဲ့တဲ့ကျောင်းသားတွေ၊ နောက်ထပ်အားကျတာက ဗိုလ်ချုပ်ရဲ့သွေးသားဖြစ်တဲ့ ဗိုလ်ချုပ်သမီး ဒေါ်အောင်ဆန်းစုကြည်ကို လေးစားအားကျတယ်။ သဘောကျတယ်။ သူက ၈၈ မှာ ကျောင်းသားတွေနဲ့ ဒီမိုကရေစီလှုပ်ရှားမှုမှာ ပူးပေါင်းပြီး ဦးဆောင်ခဲ့တယ်။ ကျောင်းသားတွေနဲ့ပူးပေါင်းလှုပ်ရှားရင် အာဏာရှင်ကို ကိုင်လှုပ်နိုင်တယ်ဆိုတဲ့ သမိုင်းသင်ခန်းစာကိုအားကျတယ်။ ပြီးတော့ ကိုမင်းကိုနိုင်တို့၊ ဒေါ်အောင်ဆန်းစုကြည်တို့ပြောရမယ်ဆိုရင် နီးတဲ့မျိုးဆက်ကနေ ဝေးတဲ့မျိုးဆက်အထိ အကုန်လုံး အားကျခဲ့တဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ သူတို့ကြောင့်မို့လို့လည်း ကျွန်တော်တို့လက်ရှိအခြေအနေမှာ ဗကသများအဖွဲ့ချုပ်မှာ ပါဝင်တယ်။ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုမှာ ဦးဆောင်တာ သူတို့လုပ်ခဲ့တဲ့သမိုင်းတွေကို အားကျရာကနေ ပါဝင်လာတာလို့ ပြောရပါမယ်။

### မဖြိုးဖြိုးအောင်

ကျွန်မကို ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံကာလအတွင်းမှာ မွေးခဲ့တာပါ။ ကျွန်မရဲ့ မိသားစုအသိုင်းအဝိုင်းက ကျွန်မအဖေက ရှစ်လေးလုံးအရေးတော်ပုံမှာ တက်ကြွလှုပ်ရှားသူတစ်ဦးအနေနဲ့ ပါဝင်ခဲ့တယ်။ နှစ်ရှည်လများ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတယ်။ ကျွန်မ ၁၀ လ သမီးအရွယ်ကတည်းက ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတယ်။ ထောင်ထဲမှာ ၁၆ နှစ်လောက်နေခဲ့ရတယ်ဆိုတော့ ကျွန်မကြီးပြင်းရာ ပတ်ဝန်းကျင်က နိုင်ငံရေးအသိုင်းအဝိုင်း၊ နိုင်ငံရေးလောကဖြစ်တယ်။

ကျွန်မအိပ်ရာဝင်ပုံပြင်တွေက ၁၉၈၈ မှာ အသက်တွေ စတေးလိုက်ရတဲ့ ကျောင်းသားလူငယ်တွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ၊ ထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ ဖမ်းဆီးထိန်းသိမ်းခံရတဲ့ကာလ၊ ကျွန်မမွေးလာတဲ့ပတ်ဝန်းကျင်အနေအထားအရရော၊ အာဏာရှင်လက်အောက်မှာ ရောက်နေတဲ့အချိန်၊ တိုးတက်သင့်သလောက် မတိုးတက်တဲ့အခြေအနေအတောအတွင်းမှာ ကျွန်မတို့ရှေ့မှာ တိုင်းပြည်ကောင်းရာကောင်းကျိုးကို လုပ်ရင်းနဲ့ စွန့်လွှတ်ခဲ့တဲ့သူတွေအများကြီးပဲ။

ကျွန်မအဖေအပါအဝင် ဒေါ်အောင်ဆန်းစုကြည်ဆိုတဲ့ နာမည်ကို များများစားစားမပြောရဲတဲ့အချိန်မှာ ကျွန်မတို့မိသားစုတွေကြားထဲမှာ ဒေါ်အောင်ဆန်းစုကြည်အကြောင်းကို ကျွန်မတို့အစ်မ၊ အဘွားတွေက ကျယ်ကျယ်ပြန့်ပြန့်ပြောပြကြတယ်။ သူက ဘယ်လိုလူမျိုး၊ တိုင်းပြည်အတွက် ဘယ်လိုအလုပ်လုပ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ဖုံးကွယ်ခံထားရတဲ့ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့အချက်အလက်တွေ ကျွန်မတို့မိသားစုကြားမှာ အလွယ်တကူကြားနိုင်တယ်။ နောက်ပြီး ကိုမင်းကိုနိုင်တို့အစရှိသဖြင့် ကျောင်းသားလှုပ်ရှားမှုတွေထဲမှာ ပါဝင်တဲ့သူတွေ၊ နှစ်ရှည်လများ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့သူတွေရဲ့၊ ကျောင်းသားတွေရဲ့အကြောင်းကလည်း ကျွန်မဆီကို အိမ်ရာဝင်ပုံပြင်တွေအဖြစ် တစ်ဆင့်ရောက်လာကြတယ်။ မဝင်းမော်ဦးတို့အစရှိသဖြင့် အသက်ပေးလိုက်ရတဲ့သူတွေ ဒါကျွန်မ နာမည်သိတဲ့သူတွေ၊ နာမည်တောင်မသိလိုက်ရတဲ့ တိုင်းပြည်အတွက် စွန့်လွှတ်အနစ်နာခံတဲ့သူတွေ အကျဉ်းထောင်တွေထဲမှာ သေသွားတဲ့သူတွေရှိတယ်။

ကျွန်မတို့က တိုင်းပြည်အတွက် ကိုယ်တတ်နိုင်တဲ့နေရာကနေ တတ်နိုင်သလောက်ပါဝင်ချင်တဲ့သဘောပါပဲ။


ကိုမင်းသွေးသစ်၊ မဖြိုးဖြိုးအောင်၊ ကိုကျော်ကိုကို

တွေ့တယ်၊ ဆုံတယ်ဆိုတာနဲ့ စရဖ၊ SB တွေက လိုက်လံဖမ်းဆီးခံရပြီး ထောင်ထဲရောက်ကြတယ်။

ကျွန်တော်တို့လည်း ရှောင်ရင်း၊ တိမ်းရင်း ဆက်ပြီးလှုပ်ရှားတယ်။ အဖမ်းခံရတယ်။ ၂၀၁၂ ခုနှစ်မှ ပြန်လွတ်လာတယ်။ သူငယ်ချင်းညီအစ်ကိုတွေ၊ ရဲဘော်တွေပြန်စုစည်းပြီးတော့ သမဂ္ဂကိုပဲပြန်ပြီးဆောင်ရွက်ကြမယ်။ သမဂ္ဂလုပ်ငန်းတာဝန်တွေ မပြီးသေးဘူး။ ကိုကြီးနု၊ ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ပထမကျောင်းသားသပိတ်၊ ဒုတိယကျောင်းသားသပိတ်စသဖြင့် ကျောင်းမှာ အရိပ်အမြွက်လောက်ပဲသင်ခဲ့ရတာ။ အကျယ်တဝင့်လေ့လာလိုက်စားပြီးတဲ့အခါကျတော့ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်ဖြစ်ချင်ခဲ့တာ ငယ်ငယ်ကလေးထဲက ရှိခဲ့တယ်။

တက္ကသိုလ်ကျောင်းတက်တော့ ၁၉၉၀ ကျော်၊ ၂၀၀၀ ခုနှစ်ကာလထဲကိုရောက်လာပြီ။ ၁၉၉၆၊ ၁၉၉၈ ခုနှစ် ကျောင်းသားလှုပ်ရှားမှုမှာ ကျွန်တော်တို့ State ကျောင်းသားပဲရှိသေးတယ်။ ဝင်မပါခဲ့ရဘူး။ ၁၉၉၆၊ ၁၉၉၈ လှုပ်ရှားမှုပြီးတော့ ကျောင်းတွေကိုပိတ်လိုက်တယ်။ ၂၀၀၀ ခုနှစ်ကျော်မှ ကျောင်းပြန်တက်ရတယ်။ ကြားထဲမှာ အများကြီးအဆက်ပြတ်သွားတယ်။ နောက်ပြီး တက္ကသိုလ်တွေကို နယ်အသီးသီးနေရာတွေ ခွဲပြီးပို့လိုက်တော့ စုစည်းညီညွတ်မှုအားက လျော့သွားတယ်။ သမဂ္ဂဖွဲ့ဖို့က အခက်အခဲတွေအများကြီးရှိလာတယ်။

အဲဒီအခြေအနေမှာ ကျွန်တော်တို့က ကျောင်းထဲမှာ ရင်းနှီးမှုတည်ဆောက်ပြီး စည်းရုံးတဲ့အခါမှာ လွယ်ကူအောင်လို့ စည်းရုံးရေးလုပ်နေရင်း တစ်ဖက်မှာလည်း နိုင်ငံရေးအဆက်အသွယ်တွေ ရှာဖွေရတယ်။ ၈၈ မျိုးဆက်ကျောင်းသားတွေ ၂၀၀၅ ခုနှစ်မှာ ပြန်လွတ်လာတဲ့အချိန် အမေရိကန်စင်တာမှာလည်း ကျွန်တော်တို့သွားပြီး သင်တန်းတွေတက်တဲ့အချိန် တိုက်ဆိုင်တဲ့အခါမှာ ၈၈ မျိုးဆက်က ကိုထွန်းမြင့်အောင်တို့နဲ့ ရင်းနှီးပြီး ကျောင်းသားသမဂ္ဂပြန်ပြီးအခြေတည်ဖို့ အကူအညီတွေတောင်းတယ်။ သူတို့ကလည်း လိုက်တယ်။ ကျွန်တော်တို့ကျောင်းတွေထဲမှာ စည်းရုံးရေးတွေ စပြီးဆင်းတယ်။ စည်းရုံးရေးဆင်းတဲ့အချိန်မှာ ၂၀၀၆ ခုနှစ်လောက်ရောက်နေပြီ။ လွှဲပြောင်းပေးနိုင်တဲ့အထိ၊ ညီလာခံခေါ်နိုင်တဲ့အထိ တာဝန်ယူမယ်ဆိုပြီး

သိလာရတယ်။ ဗဟိန်း(သို့မဟုတ်) ကဗျာ ဆိုတဲ့စာကိုဖတ်တဲ့အခါမှာ ကိုဗဟိန်းဟာ တစ်ဖက်မှာ ရဲရဲတောက်စကားတွေ ပြောကြားပေမယ့် တစ်ဖက်မှာနူးညံ့သိမ်မွေ့တဲ့ စိတ်နှလုံးသားတွေရှိတယ်။ အနုပညာကိုချစ်မြတ်နိုးတယ်ဆိုတော့ ကျွန်တော်တို့က ပိုပြီးအားကျလာခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ အိုးဝေမဂ္ဂဇင်းအယ်ဒီတာစားပွဲမှာ ထိုင်နေတဲ့ပုံကို ငယ်ကတည်းက ကျွန်တော်ဗီရိုမှာ ကပ်ထားတယ်။ အိုးဝေမဂ္ဂဇင်း အယ်ဒီတာဂုဏ်ပုဒ်ကို ပိုပြီးလေးစားတယ်။ ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုအောင်ဆန်းကို ပိုပြီးလေးစားတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ဝါသနာတစ်ခုရှိတယ်။ စာနယ်ဇင်းပိုင်း စိတ်ဝင်စားတယ်။ သတင်းစာဆရာဖြစ်ချင်တယ်။ စာရေးချင်တယ်။ အယ်ဒီတာကိုအောင်ဆန်းက “ငရဲခွေးကြီး လွတ်နေပြီ” ဆိုတဲ့ ဆောင်းပါးရှင်အမည်ကို ဖော်ခိုင်းတာကို အယ်ဒီတာတစ်ယောက်ရဲ့ ကျင့်ဝတ်ကို လိုက်နာတဲ့အနေနဲ့ ဘယ်သူဆိုတာမပြောလို့ ကျောင်းထုတ်ခံခဲ့ရတယ်။ အဲဒီလိုပြတ်သားတဲ့စိတ်ဓာတ်ကို လေးစားအားကျတယ်။ ပြီးတော့ ရာထူးစည်းစိမ်တွေကို အဓိကမထားဘဲ အမှန်တရားဘက်ကနေ ရပ်တည်နိုင်စွမ်းရှိတဲ့ ဘာနဲ့ ခြိမ်းခြောက်ပါစေ ကြောက်တဲ့သူမဟုတ်၊ ရွံ့တဲ့သူမဟုတ်လို့ လေးစားအားကျပါတယ်။

### ကိုမင်းသွေးသစ်

ကျွန်တော် ဗကသများအဖွဲ့ချုပ်ကို ဝင်လာတာက စာတွေ့ ကိုယ့်နိုင်ငံသမိုင်းကိုဖတ်တယ်။ ဗမာပြည်လွတ်လပ်ရေးသမိုင်းမှာ အထင်ကရရှေ့ဆောင်တဲ့ အဖွဲ့အစည်းဖြစ်တဲ့ ဗကသများအဖွဲ့ရဲ့ လှုပ်ရှားမှုကြောင့် လွတ်လပ်ရေးရလာတာ ကျွန်တော်တို့သိတယ်။ နောက်ထပ်သမိုင်းတွေ ဆက်လေ့လာတဲ့အခါမှာ 7 July တို့၊ ၈၈ အရေးအခင်းတို့လေ့လာတဲ့အခါမှာလည်း ကျောင်းသားလှုပ်ရှားမှုက ရှေ့ဆုံးမှာ။ နိုင်ငံရေးတပ်ဦးမှာ ရပ်တည်ပေးတယ်။ အနစ်နာခံပြီး ဆောင်ရွက်ပေးတယ်ဆိုတော့ နောင်တစ်ချိန် တက္ကသိုလ်ကျောင်းသားဖြစ်လာခဲ့ရင် ဗကသအဖွဲ့ထဲကို ဝင်ပြီးတော့ အဖွဲ့ဝင်တစ်ယောက်ဖြစ်အောင်ကြိုးကြိုးစားစားလုပ်မယ်။ အဖွဲ့ဝင်တစ်ယောက်ဖြစ်အောင် ကြိုးစားမယ်ပေါ့လေ။

# အိမ်သာခက်တဲ့ ရွှေနိုင်ငံ

ကျော်ရင်မြင့်

မန္တလေးအရှေ့ ကျုံးလမ်းပေါ်မှာ တိုးရစ်အဖွဲ့ထဲက ဂျပန်ကြီးတစ်ယောက် ဟိုကြည့်ဒီကြည့်နဲ့ အကဲမရဖြစ်နေတာကို ကျွန်တော်သတိထားမိတယ်။ ဒါကြောင့်သူ့ကို ကျွန်တော်က စောင့်ကြည့်နေတာပေါ့။

ဂျပန်ကြီးက သူ့ကိုဘယ်သူမှ မမြင်ဘူးအထင်နဲ့ ကျုံးအရှေ့ဘက်လမ်းဘေးပလက်ဖောင်း လူသွားလမ်းပေါ်က သစ်ပင်တစ်ပင်ကိုကွယ်ပြီး မတ်တတ်ကြီးရပ်ပြီး ရှူးရှူးပေါက်ပါလေရော။ ဖြစ်ချင်တော့ ရွှေမြန်မာတွေ ဂုဏ်ယူဝံ့ကြွားနေကြတဲ့ နန်းမြို့ရိုးကြီးကို နောက်ခံထားပြီး သူရှူးရှူးပေါက်တာကို လှမ်းကြည့်နေတဲ့ ကျွန်တော့်ကိုသူက မြင်သွားတယ်။ သူ့ခမျာရှက်အမ်းအမ်းနဲ့။ ကျွန်တော်ကလည်းသူ့ကို မြင်တော့ရှက်လိုက်တာ။ အားနာလိုက်တာ။

ကျွန်တော်ရှက်တာက ကျွန်တော်တို့ ရွှေနိုင်ငံမှာ လူတစ်ယောက်အဆင်ပြေပြေ ရှူးရှူးပေါက်စရာ အိမ်သာတစ်လုံးတောင်မှ ဝန်ဆောင်မှုမပေးနိုင်တာကြောင့်ပါ။ သူ့ခမျာတိုးရစ်အုပ်စုနဲ့ လှပတဲ့ မန္တလေးကျုံးနဲ့ မြို့ရိုးကို ခြေကျင်လျှောက်ပြီးခံစားမယ်ရယ်လို့ ထွက်လာတာ ဖြစ်မှာပေါ့။ ဟိုတယ်မှာ မနက်စာစားရင်းကော်ဖီတွေ၊ ရေနွေးကြမ်းတွေအရသာတွေ့လို့ သောက်မိခဲ့ပါလိမ့်မယ်။ သောက်စဉ်ကတော့ ပေါက်ရမယ့်ပြဿနာကို စဉ်းစားမိမယ်မထင်ဘူး။

နိုင်ငံတကာမှာ အိမ်သာကိစ္စက ပြဿနာမှ မဟုတ်တော့ဘဲ။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတိုင်း၊ ခရီးသွားလုပ်ငန်းကိုအားပေးတဲ့ နိုင်ငံတိုင်းမှာ အများပြည်သူလူထုအသုံးပြုဖို့ အိမ်သာကို အဆင်ပြေအောင် အစိုးရက စီစဉ်ပေးထားလေ့ရှိတယ်။ သွားရင်းလာရင်း အန္တရာယ်ကိုမလွယ်နိုင်တော့ဘူးဆိုရင် မျက်စိကဟိုဟိုဒီဒီသာ ဝေ့ကြည့်လိုက် Toilet စာသားနဲ့ အမျိုးသား အမျိုးသမီးပုံအိမ်သာသင်္ကေတနဲ့ အနီးဆုံးအိမ်သာကို ညွှန်ပြထားတာတွေ့ရတာချည်းပဲ။

အိမ်သာအများစုကလည်း သန့်ရှင်းတယ်။ ရေ၊ ဆပ်ပြာ၊ စက္ကူ၊ လက်ဆေးကန်၊လက်ကိုရေခြောက်အောင် အပူမှုတ်ပေးတဲ့ ကိရိယာအပြည့်အစုံရှိတယ်။ အနံ့ဆိုးမရှိဘဲ ကြမ်းပြင်က အစ သန့်ရှင်းပြောင်လက်နေတယ်။ အချိန်ပြည့် သန့်ရှင်းရေးလုပ်ပေးနေတဲ့ ဝန်ထမ်းတွေရှိတယ်။ ပြီးတော့အခမဲ့။ သန့်ရှင်းရေးဝန်ထမ်းကလည်း အိမ်သာအသုံးပြုသူက သူ့ကိုပိုက်ဆံပေးနိုးနိုး မျှော်ကိုးတဲ့ မျက်နှာမရှိဘူး။

အိမ်တစ်အိမ်ကလူတွေရဲ့ လူနေမှုအဆင့်ကိုအကဲဖြတ်ချင်ရင် သူတို့အိမ်ကသောက်ရေအိုးစင်နဲ့ အိမ်သာကို ကြည့်ပါတဲ့။ သူ့ဟာသူဘယ်လောက်ပဲချမ်းသာကြွယ်ဝပါစေ၊ သောက်ရေအိုးစင်နဲ့ အိမ်သာကသန့်သန့်စင်စင်မရှိဘူး၊ ကျန်းမာရေးနဲ့ မညီဘူး၊ အဆင်ပြေသက်သာလွယ်ကူမှု မရှိဘူးဆိုရင် သူ့လူနေမှုက မမြင့်ဘူးတဲ့။

ကျွန်တော်တို့ ရွှေနိုင်ငံကိုလာတဲ့ ခရီးသွားဧည့်သည်တွေက အိမ်သာအဆင်ပြေမှုနဲ့သာ ကြည့်ပြီးအကဲဖြတ်ရင်တော့ စာမေးပွဲကျမှာသေချာပါတယ်။

ရွှေနိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်ဆိုတာတွေက အိမ်သာတွေ သန့်ရှင်းအဆင်ပြေရဲ့လား။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းပြီးအမှန်အတိုင်းအကဲဖြတ်ရရင် အများစုက တော်တော်ပဲ ညစ်ပေနံစော်ပါတယ်။ မီးရောင်ကမှောင်မှောင်၊ ဆပ်ပြာမရှိ၊ စက္ကူမရှိ။ အိမ်သာခန်းထဲဝင်သွားတဲ့အခါ သန့်ရှင်းရေးဝန်ထမ်း ရှိတတ်ပါတယ်။ လက်ဆေးကန်မှာ လက်ဆေးတဲ့အခါ သူကလက်သုတ်ဖို့ စက္ကူအပိုင်းအစလေး လာပေးတတ်ပါတယ်။ ပြီးရင် သူ့မျက်လုံးတွေက ပိုက်ဆံတောင်းနေတာ တွေ့ရတတ်ပါတယ်။ ပိုက်ဆံမပေးဘဲထွက်သွားရင် ချက်ချင်းမျက်နှာကြောတင်းသွားလေ့ရှိတယ်။

ခရီးသွားလုပ်ငန်းလုပ်တဲ့အခါ ဝန်ဆောင်မှုဆိုတာ အလွန်အရေးကြီးပါတယ်။ အဝေးပြေးကားတွေက လမ်းကစားသောက်ဆိုင်တွေမှာ ရပ်နားတဲ့အခါမှာခရီးသည်တွေ အိမ်သာဝင်နိုင်တယ်။ ဆိုင်ကိုလိုက်လို့ သန့်ရှင်းတာလည်းရှိ၊ ညစ်ပတ်တာလည်းရှိတယ်။

နိုင်ငံခြားသားတွေဟာ အဝေးပြေးအိတ်စပရက်ကားတွေနဲ့လည်း ခရီးသွားကြပါတယ်။ (ယခုလိုရန်ကုန်-မန္တလေး အဝေးပြေးလမ်းမပေါ်မှာ အခပေးအိမ်သာတွေ မရှိခင်တုန်းက) နေ့ခင်းခရီးစဉ်တစ်ခုမှာ ကျွန်တော်တို့စီးလာတဲ့ကားပေါ်က နိုင်ငံခြားသူအမျိုးသမီးတစ်ယောက် လမ်းခုလတ်မှာ တပိုတပါးသွားချင်တဲ့ ပြဿနာပေါ်ပါတယ်။ အနီးအနားမှာစားသောက်ဆိုင်ကလည်းမရှိတော့ ကားဆရာက လမ်းဘေးမှာ ကားရပ်ပေးတယ်။ ဟဝိုငျပြုချင်တဲ့ နိုင်ငံခြားသူက ဘောင်းဘီအရှည် ဝတ်လာတာ။ ကားပေါ်ပါတဲ့ အမျိုးသမီးလေးတစ်ယောက်ကသူနဲ့အတူတူ ဆင်းလိုက်သွားပြီး ထီးတစ်လက်နဲ့ အကာအကွယ်လုပ်ပေးတယ်။ သူ့ခမျာရွှေနိုင်ငံမှာ ခရီးသွားခဲ့ရတဲ့ အတွေ့အကြုံကို မေ့နိုင်မယ်မထင်ပါဘူး။

ယခုတော့ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမပေါ်မှာအိမ်သာလုပ်ငန်းတွေရှိလာပါပြီ။ လမ်းခုလတ်က အိမ်သာလုပ်ငန်းမှာလည်း ကားတွေရပ်ပေးတယ်။ အိမ်သာလုပ်ငန်းကို အစိုးရဌာနဆိုင်ရာက ဖွင့်ထားပုံရပါတယ်။ အိမ်သာဝင်ရင် ပိုက်ဆံပေးရပါတယ်။ ပိုက်ဆံသာယူတယ် အိမ်သာအချို့က ဝန်ဆောင်မှုညံ့တယ်။ ရေ၊ ဆပ်ပြာ၊ စက္ကူ မပြည့်စုံတဲ့အိမ်သာတွေ တွေ့ဖူးတယ်။ အစိုးရကဖွင့်ထားတဲ့အိမ်သာတွေမှာ ပိုက်ဆံမကောက်သင့်ပါဘူး။ (ကန်ထရိုက်လည်းချမစားသင့်ပါဘူး) နိုင်ငံတကာအဆင့်မီချင်တဲ့ ရွှေနိုင်ငံမှာအိမ်သာဖွင့်ပြီး ပိုက်ဆံကောက်စားတာ အရပ်ရပ်နေပြည်တော်က ကြားလို့မသင့်လျော်ပါဘူး။

ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမှာသာ အစိုးရဖွင့်ထားတဲ့ အခပေးအိမ်သာတွေရှိပေမယ့် အခြားလမ်းတွေမှာတော့ စားသောက်ဆိုင်အိမ်သာတွေကိုသာ အားထားနေရဆဲပါ။

မန္တလေးမြို့တော်ဝန် အသစ်က အိမ်သာကိစ္စအလေးထားလုပ်မယ့်ပုံ အင်တာဗျူးတစ်ခုမှာပြောသွားတာတွေ့ရလို့ ကြိုဆိုပါတယ်။ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီးလို မြို့ကြီးပြကြီးတွေမှာ အများပြည်သူသုံးအိမ်သာအဆင်ပြေတာမရှိသေးပါဘူး။ အိမ်သာဟာ လူနေမှုအဆင့်ကိုပြတာ ဖြစ်သလို နိုင်ငံသားတွေရဲ့ ကျန်းမာရေးအတွက်လည်း လိုအပ်ချက်ဖြစ်ပါတယ်။ ဒေါက်တာတွေ အများကြီးပါတဲ့ အစိုးရအဖွဲ့က ဒါကိုသိနားလည်ပြီး ဖြစ်ပါလိမ့်မယ်။

အစိုးရအနေနဲ့ ပိုက်ဆံရပေါက်ရလမ်းတွေရှာပြီး ရုံး၊ ဌာန၊ ဘူတာ၊ ဆေးရုံကအစ ကားဝင်ကြေးကောက်သလို အိမ်သာဝင်ကြေး မကောက်စေချင်ပါဘူး။ သန့်ရှင်းတဲ့ အများပြည်သူသုံးအိမ်သာဝန်ဆောင်မှုကို အခမဲ့ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

ပြောရတာ အားနာစရာတော့ကောင်းပါတယ်။ ကျွန်တော်တို့တွေက အိမ်သာကိစ္စကို ပြီးလွယ်စီးလွယ် သဘောထားတာများပါတယ်။ အစိုးရကလည်းအလေးထားပြီး ပြည်သူလူထုအဆင်ပြေအောင် အများပြည်သူသုံးအိမ်သာတွေ လုပ်မပေးခဲ့သလို ပြည်သူတွေကလည်း လစ်ရင်လစ်သလို ပန်းပစ်လိုက်ချင်တယ်။ အများပြည်သူနဲ့ဆိုင်တဲ့ ရုံး၊ ရုပ်ရှင်ရုံ၊ ဆေးရုံ၊ အမျိုးသားကဇာတ်ရုံလိုနေရာတွေမှာ အခမပေးရတဲ့ အိမ်သာထားတာရှိပါတယ်။ တော်တော်ညစ်ပတ်တာများတယ်။ လျှံထွက်နေလို့ သိုင်းကွက်နင်းပြီးမှ သွားလို့ရတာမျိုးတွေရှိတယ်။ သုံးစွဲသူတွေကလည်း အဆင့်ရှိရှိမသုံးပါဘူး။ သူညစ်ပတ်တော့ ကိုယ်ကကြုံသလို တွယ်ထည့်လိုက်တယ်ဆိုတာမျိုးက များနေသေးတယ်။ ဒီတော့လည်းရုံးဌာနတွေမှာလူကြီးသီးသန့်သော့ခတ်ထားရတဲ့ အိမ်သာတွေ ပေါ်ပေါက်လာပါတယ်။

ကျွန်တော်တို့နိုင်ငံက အစစအရာရာ ခေတ်နောက်ကျကျန်ရစ်ခဲ့တာ အများကြီးပါပဲ။ စွမ်းနိုင်သလောက် အားစိုက်ခွန်စိုက်ပြုပြင်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုအချိန်မှာအိမ်သာကိစ္စ အပ်နဖားကို ဗာရာဏသီချဲ့နေတယ်လို့တော့ မယူဆစေချင်ပါဘူး။ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ လူနေမှုအဆင့်မြင့်ရေးအတွက် သာမက ရွှေနိုင်ငံရဲ့ မျက်နှာလှဖို့ပါ၊ ဒီကိစ္စလေးကလည်း အရေးကြီးတယ်လို့ ကျွန်တော်ကယူဆပါတယ်။ ။

> အိမ်တစ်အိမ်ကလူတွေရဲ့ လူနေမှုအဆင့်ကို အကဲဖြတ်ချင်ရင် သူတို့အိမ်ကသောက်ရေအိုးစင်နဲ့ အိမ်သာကို ကြည့်ပါတဲ့။ သူ့ဟာသူဘယ်လောက်ပဲ ချမ်းသာကြွယ်ဝပါစေ၊ သောက်ရေအိုးစင်နဲ့ အိမ်သာကသန့်သန့်စင်စင် မရှိဘူး၊ ကျန်းမာရေးနဲ့မညီဘူး၊ အဆင်ပြေသက်သာလွယ်ကူမှုမရှိဘူး ဆိုရင် သူ့လူနေမှုက မမြင့်ဘူးတဲ့။
>
> ကျွန်တော်တို့ ရွှေနိုင်ငံကိုလာတဲ့ ခရီးသွားဧည့်သည်တွေက အိမ်သာအဆင်ပြေမှုနဲ့သာကြည့်ပြီး အကဲဖြတ်ရင်တော့ စာမေးပွဲကျမှာသေချာပါတယ်။

■

# မီးဘေးအန္တရာယ် ပြည်သူ့အသံ

လှစုမြတ်

ပြီးခဲ့တဲ့တစ်နှစ်အတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအများအပြားကို ကျွန်မတို့မြန်မာပြည်သူပြည်သားများ ရင်ဆိုင်ခဲ့ရတဲ့အတွက် မီးအန္တရာယ်ကို ပိုမိုသိရှိပြီး ကာကွယ်ဖို့လိုကြောင်းကို ပိုမိုနားလည်လာကြပါတယ်။ မီးလောင်မှုတွေဟာ မြို့လုံးကျွတ်၊ ရပ်ကွက်လုံးကျွတ်နီးပါး လောင်ကျွမ်းခဲ့တဲ့အပြင် ရန်ကုန်နဲ့ မန္တလေး မြို့ကြီးနှစ်မြို့ရဲ့ ရောင်းဝယ်ဖောက်ကားမှု အချက်အချာဖြစ်တဲ့ မင်္ဂလာဈေးတွေ လောင်ကျွမ်းခဲ့တဲ့အတွက် ကျွန်မတို့တွေရဲ့ဆုံးရှုံးမှုဟာ အလွန်များပြားခဲ့ပါတယ်။

ဆုံးရှုံးမှုများရတဲ့ အဓိကအကြောင်းရင်းကတော့ ကြိုတင်ကာကွယ်မှုအားနည်းလို့ဖြစ်ပါတယ်။ ဥပမာတစ်ခုပြရရင် ရန်ကုန်မြို့ မင်္ဂလာဈေးဟာ ၂၀၁၀ ခုနှစ် မေလမီးလောင်မှုမှာ ကျပ်သိန်းပေါင်းနှစ်သိန်းသုံးသောင်းကျော် ဆုံးရှုံးခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ လောင်တဲ့မီးမှာ ကျပ်သိန်းပေါင်းသုံးသိန်းခြောက်သောင်းကျော်ဆုံးရှုံးခဲ့တာကို တွေ့ရှိရပါတယ်။ ငါးနှစ်အတွင်းမှာ ကျပ်သိန်းပေါင်း ငါးသိန်းကိုးသောင်းကျော်ငွေအားဖြင့် ဆုံးရှုံးခဲ့တာပါ။ ပထမအကြိမ် မီးလောင်မှုကြောင့် အသစ်ပြန်ဆောက်ခဲ့တဲ့ အဆောက်အအုံကုန်ကျစရိတ်နဲ့ ဈေးသူဈေးသားတွေရဲ့ စိတ်နှလုံးမသာမယာဖြစ်မှုများ မပါသေးပါ။

အကယ်၍များ Standard စံမီတဲ့အဆောက်အအုံ ဆောက်လုပ်စဉ်မှာ အဆောက်အအုံရဲ့ကြမ်းများ၊ Beam များကို မီးခံနိုင်ရည်ရှိသော ပစ္စည်းများအသုံးပြုခြင်း(သို့) Steel Frame များနဲ့ Slab များအား မီးခံနိုင်ရည်ရှိရန် အကာအကွယ်များပြုလုပ်ခြင်း၊ မီးသတ်အချက်ပေးစနစ် (Fire Alarm) အလိုအလျောက်ရေဖျန်းစနစ် (Sprinkler System)၊ အစရှိသဖြင့် ထည့်သွင်းခဲ့ပါက ဤမျှဆုံးရှုံးမည်မဟုတ်ပါ။

ကျွန်မဒီနေရာမှာ စံမီတဲ့စနစ်လို့ အထူးပြောလိုပါတယ်။ဘာဖြစ်လို့လဲဆိုတော့ တချို့က မင်္ဂလာဈေးမှာ (Sprinkler) စနစ်တပ်ဆင်ထားပါတယ်လို့ဆိုတယ်။ ကျွန်မက ဗိသုကာမို့ M&E Engineer များကို အသေးစိတ်မသိသော်ငြား ယခင်က Sprinkler တပ်ဆင်ထားတဲ့ပုံဆိုတဲ့ ဓာတ်ပုံများကို တွေ့တဲ့အခါ ဆောက်လုပ်သူဌာနဆိုင်ရာနဲ့တာဝန်ခံတွေ မီးအန္တရာယ်ကာကွယ်နိုင်ဖို့ လိုအပ်တဲ့စနစ်တွေ သေချာသဘောပေါက်နားလည်သင့်ကြောင်းနဲ့ သက်ဆိုင်ရာပညာရှင်တွေနဲ့ ညှိနှိုင်းလုပ်ဆောင်သင့်ကြောင်း တွေ့ရှိရပါတယ်။

မီးငြိမ်းသတ်စနစ်အပြင် ရန်ကုန်မင်္ဂလာဈေးကနေ ကျွန်မတို့သင်ခန်းစာယူနားလည်ရမယ့် အချက်တစ်ချက်ရှိပါသေးတယ်။ အဲဒါကတော့ Steel Frame များကို မီးခံနိုင်ရည်ရှိရန် မီးခံနိုင်ရည်ဆေးများသုတ်ခြင်း(သို့) မီးခံနိုင်ရည်ရှိသော ပစ္စည်းများဖြင့် ဖုံးထားခြင်းတို့ကို မပြုလုပ်ခဲ့တဲ့အတွက် Steel beam များ၊ slab အောက်ခံ metal sheet များတစ်လျှောက် အပူကူးမြန်ခံရုံမက steel beam များ အရည်ပျော်ကွေးညွှတ်သွားမှုပါ။ အဆောက်အအုံ ပြိုကျနိုင်တဲ့အတွက် မီးငြိမ်းသတ်ရာမှာ အခက်အခဲရှိပြီး မီးငြိမ်းသူများနဲ့ ပတ်ဝန်းကျင်အတွက် အင်မတန်အန္တရာယ်ရှိလှပါတယ်။

အဆောက်အအုံတွေရဲ့ Beam Slab များသာမက အဆောက်အအုံဝန်ကိုထမ်းသော ပင်မထောက်တိုင်များ (Column) ကို မီးခံနိုင်ရည်အကာအကွယ်မရှိသော steel နှင့် metal များဖြင့် ဆောက်လုပ်ထားပါက ၎င်းအဆောက်အအုံနဲ့ကပ်လျက်ရှိ အဆောက်အအုံမီးလောင်ရင် ပင်မထောက်တိုင်အရည်ပျော်သွားပြီး ၎င်းတိုက်ပင် ပြိုဆင်းလာနိုင်ပါတယ်။ မင်္ဂလာဈေးရဲ့ မူလအဆောက်အအုံမှာ RC သံကူကွန်ကရစ်နဲ့ ဆောက်လုပ်ထား၍သာ ဤမျှနှင့်ပြီးသွားခြင်းဖြစ်ပါတယ်။

နိုင်ငံတကာမှာ Steel memler တွေကို အသုံးပြု၍ တည်ဆောက်ကြသော်လည်း အများပြည်သူသုံး အဆောက်အအုံများနဲ့ အိမ်ရာဆောက်လုပ်ရာတွင် Steel memler တွေကို မီးခံနိုင်ရည်မပြုလုပ်ဘဲ ဆောက်ခွင့်ပြုလေ့မရှိပါ။

ရန်ကုန်မြို့နေရာအနှံ့အပြားတွင် Steel Frame များ အများအပြားဆောက်လုပ်နေသော်လည်း မီးခံနိုင်ရည်ပြုလုပ်ခြင်းရှိ၊ မရှိကို မသိရပါ။ ဌာနဆိုင်ရာများ၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်သောအိမ်ရာများ၊ လူနေအိမ်ခန်း၊ ကားရပ်နားရန်နေရာ၊ ဈေးအသုံးပြုပုံသုံးမျိုး ရောနှောနေ၍ မီးအန္တရာယ်ကြီးသော အဆောက်အအုံတို့ကိုပင် မီးခံနိုင်ရည်ရှိရန် ပြုလုပ်ထားခြင်းမရှိသော Steel memler များဖြင့် ဆောက်လုပ်နေတာ အန္တရာယ်များလှပါတယ်။ နေထိုင်သူများ ဘဝလုံခြုံမှုအတွက် စဉ်းစားဆောင်ရွက်သင့်ပါတယ်။

မန္တလေးမင်္ဂလာဈေးမီး၊ ရန်ကုန်မြို့ ဂမုန်းပွင့်ကုန်တိုက်မီးလောင်မှုတို့တွင်လည်း လူအများလှေကားမှ ပြေးမဆင်းနိုင်သဖြင့် ကယ်ဆယ်ခဲ့ရပုံများကလည်း စံမီသော ပြေးလမ်းကြောင်းစနစ်များ အထူးအရေးကြီးကြောင်းသာဓကများဖြစ်ပါတယ်။

မီးခံနိုင်ရည်စနစ်နဲ့ ပြေးလမ်းကြောင်းစနစ်တွေကို အဆောက်အအုံမဆောက်လုပ်မီ သေချာစွာ ဒီဇိုင်းရေးဆွဲခဲ့ပါက အဆောက်အအုံရဲ့ ကုန်ကျစရိတ်မှာ ထူးခြားစွာကုန်ကျခြင်းမရှိပါ။ စံမမီအဆောက်အအုံတွေကို ပြန်လည်ပြုပြင်မှသာလျှင် ကုန်ကျစရိတ်အထူးများပြားပါတယ်။

ပြည်သူတွေရဲ့ Safety နဲ့ စံမီအဆောက်အအုံများပေါ်ပေါက်လာရေးအတွက် မည်သည့်အစိုးရဌာနမှ အဆောက်အအုံဆောက်သည်ဖြစ်စေ၊ အများပြည်သူများကဲ့သို့ပင် သက်ဆိုင်ရာဌာနတွေရဲ့ အဆင့်ဆင့်ခွင့်ပြုချက်များကိုရယူရပါမယ်။ သက်ဆိုင်ရာဌာနတွေအနေနဲ့လည်း တစ်ဌာနနဲ့တစ်ဌာန အပြန်အလှန်လေးစားစွာနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ အထူးလိုအပ်လှပါတယ်။

ပြည်သူများရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရအနေနဲ့ အများပြည်သူတွေရဲ့ ဘဝလုံခြုံမှုရှိစေရေးအတွက် စံမီသော အဆောက်အအုံများနဲ့ လုံခြုံစိတ်ချရတဲ့ ပတ်ဝန်းကျင်ပေါ်ပေါက်ဖြစ်ထွန်းစေရန် သက်ဆိုင်ရာဌာနများကို တွန်းအားပေးဆောင်ရွက်သင့်ကြောင်း တိုက်တွန်းတင်ပြအပ်ပါတယ်။ ။

ကြေးမုံ



# လန့်သွား၊ အံ့သွား၊ ရှက်ရွံ့သွားမိပါ၏

## သာမဏကျော်

အိပ်ပျော်နေသော စာရေးလိုစိတ်ကို လှုပ်နိုးလိုက်ပါ၏။ လှုပ်သွားမိပါ၏။ လန့်သွားမိပါ၏။ အံ့သွားမိပါ၏။ ရှက်သွားမိပါ၏။ ရွံ့သွားမိပါ၏။

"အဲဒါက သူဌေးသုံး၊ လေးပိုင်းပိုင်းပြီး သုံးရတယ်"တဲ့။ မိန့်လိုက်သည့် ပုဂ္ဂိုလ်ကား-ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကြီး ဖြစ်ပါ၏။ ဘွဲ့တော်ကား အရှင်ပဏ္ဍိတာဘိဝံသဖြစ်ပါ၏။ နေရာကား ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးပေါ်မှာ ဖြစ်ပါ၏။ သက်တော်(၉၅)နှစ်ရှိပြီဖြစ်သော ဆရာတော်ကြီး၏ အသက်ရှူရတာ ပုံမှန်မဟုတ်၍ အောက်ဆီဂျင်ပိုက်ဖြင့် ရှူနေရပါ၏။ အာရှတော်ဝင်ဆေးရုံမှ ဆေးရုံကြီးသို့ ပြောင်းရွှေ့ပြီးခါစလေး ရှိပါသေး၏။ ဆွမ်းဘုန်းပေးချိန်ရောက်ပြီမို့ လက်တော်ဆေးကာ စတင်၍ ဘုန်းပေးနေပါပြီ။ ပေကျန်သောအရည်ကို သုတ်သင်ဖို့ တစ်ရှူးစက္ကူတစ်ရွက်ကို တစ်ရှူးဂျပ်ဘူးထဲမှ ဆွဲထုတ်၍ ဆရာတော်ကြီးအနား စာရေးသူက ချထားပေးလိုက်ပါ၏။ ချပေးလိုက်သောအခါ မမျှော်လင့်မိသော အထက်ပါစကားလေးကို ကြားနာမှတ်သားလိုက်ရပါ၏။

**"ပစ္စည်းတစ်ခုကို အကျိုးရှိရှိ၊ အတိုင်းအတာသိသိဖြင့် အသုံးပြုတတ်ဖို့ လိုအပ်လှပါပေစွ။ အလဟဿ၊ အလေအလွင့်၊ ဖုံးပေါလအောတွေ ပေါများနေသေးသမျှ မြန်မာပြည်သူပြည်သားတို့ သူဌေးဖြစ်ဖို့ အရေးနှင့် ဝေးနေကြဦးမည်သာ။"**

အဲဒါက သူဌေးသုံးတဲ့၊ စာရေးသူက သူဌေးသုံး သုံးလို့လိုက်မိပကော။ တကယ်တော့ သူဌေးက ပဏ္ဍိတာရာမ ဆရာတော်ကြီးက ဖြစ်ပါ၏။ ရန်ကုန်၊ ပဲခူး၊ သံလျင်၊ ထောက်ကြန့်၊ ပြင်ဦးလွင်၊ လှည်းကူး၊ မော်လမြိုင်တို့၌ ကြီးကျယ်ခမ်းနားသော ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာတို့ ရှိနေကြလေရာ ဘုန်းကံကြီးမားလှသော ဆရာတော်ကြီးကသာ သူဌေးဖြစ်ပါ၏။ သို့သော် သူဌေးသုံးမသုံးပါ။ သူဌေးမဟုတ်သေးသော စာရေးသူက သူဌေးသုံး သုံးလိုက်မိတာကို ဆုံးမလို၍ပေလော။

လေးပိုင်းပိုင်း၍ တစ်ပိုင်းကိုသာ သုံးလိုက်ပါ၏။ ဘုရားလက်ထက်တော်က ခုနစ်နှစ်ကြာ ခေါင်းကိုက်ရောဂါခံစားရသော သာကေတသူဌေးကတော်ကို ပြေး၍သတိရသွားမိပါ၏။ ခေါင်းကိုက်ရောဂါအတွက် ဆေးဆရာ အကျော်အမော် ဇီဝကစီမံပေးသော ဆေးဖြင့်နှာနှပ်လေရာ ပါးစပ်မှ ထောပတ် အန်ထွက်လာပါ၏။ ထိုထောပတ်ကို ကျွန်မကို ထွေးခံထဲမှ ဝါဂွမ်းဖြင့် တို့စုပ်ယူထားဖို့ ခိုင်းခဲ့ပါ၏။ ဇီဝကက အံ့အားသင့်သွား၏။ "တန်ဖိုးကြီးသော ဆေးတို့ဖြင့် စီမံထားသော ဆေးဖြစ်၍ ပိုက်ဆံမပေးရင် ဒုက္ခပါပဲ။ ကပ်စေးနဲလှချေလား" ဟုတွေးကာ ဇီဝကမျက်နှာပျက်သွားမိပါ၏။ ထိုအရိပ်အကဲကို သိသော သာကေတသူဌေးကတော်က "ဆရာဇီဝက ဘာလို့ မျက်နှာပျက်သွားရတာလဲ။ မျက်နှာမပျက်ပါနဲ့။ ဆေးကုခမနည်းစေရပါဘူး။ ဆရာဇီဝက.. ဒီထောပတ်ကို ကျွန်တွေ၊ အလုပ်သမားတွေအတွက် ခြေနှယ်ဆီလုပ်လို့လဲရပါတယ်။ ဆီမီးထွန်းရာမှာ အသုံးပြုလို့လဲရပါတယ်။ ဒီထောပတ်ကို အကျိုးရှိအောင် အသုံးချတတ်ကြရပါတယ်"ဟု ပြောပြခဲ့ပါ၏။ ပစ္စည်းကြွယ်ဝချမ်းသာလှသော ဤသာကေတသူဌေးကတော်သည် ပါးစပ်ထဲမှ အန်ထွက်လာသော ထောပတ်လေးကို အကျိုးရှိရှိ အသုံးချတတ်ပါပေစွ။ ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမဆရာတော်ကြီး၏ တစ်ရှူးစက္ကူလေး အသုံးပြုပုံက သာကေတသူဌေးကတော်၏ ထောပတ်အသုံးချပုံကို ပြေး၍ သတိရသွားမိစေပါ၏။ လိုအပ်သော အတိုင်းအတာ အထိသာ သုံးစွဲပုံနှင့်စပ်၍ အတုယူဖွယ်၊ လိုက်နာကျင့်သုံးဖွယ်ကောင်းလှပါ၏။ အသုံးမှု သာမဟုတ်ဘဲ အဖြုန်းအထိ ရောက်သွားမိတတ်သော စာရေးသူတို့အဖို့ သတိပြုဖွယ် ဆင်ခြင်ဖွယ်ကောင်းလှပါပေစွ။ ပစ္စည်းတစ်ခုကို အကျိုးရှိရှိ၊ အတိုင်းအတာသိသိဖြင့် အသုံးပြုတတ်ဖို့ လိုအပ်လှပါပေစွ။ အလဟဿ၊ အလေအလွင့်၊ ဖုံးပေါလအောတွေ ပေါများနေသေးသမျှ မြန်မာပြည်သူပြည်သားတို့ သူဌေးဖြစ်ဖို့ အရေးနှင့် ဝေးနေကြဦးမည်သာ။

အာရှတော်ဝင် ဆေးရုံသို့ ပြည်ပခရီးမှ ပြန်လာပြီး နောက်ရက်ဖြစ်သော (၇. ၄. ၂၀၁၆)ရက်နေ့က စာရေးသူတို့ ဆရာတော်ကြီးထံ ဖူးမြော်ကန်တော့သွားခဲ့ကြပါ၏။ ကျန်းမာရေးဝန်ကြီး ဦးမြင့်ထွေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ လာရောက်ကန်တော့ကာ အစစအရာရာ အကုန်တာဝန်ယူ၍ ဆောင်ရွက်ပေးကြပါမည်ဖြစ်ကြောင်း၊ ဆရာဝန်ကြီးတွေ အားလုံး စုပေါင်းတိုင်ပင်၍ အစွမ်းကုန် ကုသပေးကြပါမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဦးမြင့်ထွေးက ရိုသေလေးမြတ်စွာလျှောက်ထားပါ၏။ "တတ်ကျွမ်းတဲ့ ပညာရှင်တွေရဲ့ အစီအမံအတိုင်းပေါ့"ဟု ဆရာတော်ကြီးက မိန့်ပါ၏။

"အရှင်ဘုရား လိုတာရှိလည်း အမိန့်ရှိပါဘုရား"ဟု လျှောက်ထားပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကျန်းမာရေးဝန်ကြီး ဦးမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့၏ အစီအမံဖြင့် လွယ်ကူလျင်မြန်စွာ ပြောင်းရွှေ့လိုက်ရပါ၏။

"အဲဒါက သူဌေးသုံး၊ လေးပိုင်းပိုင်းပြီးသုံးရတယ်"ဟူ၍ မိန့်တော်မူသော ပဏ္ဍိတာရာမဆရာတော်ကြီး၏ စကားက အမရပူရမြို့မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ နံနက်ခင်းဩဝါဒများကို စုပေါင်း ရေးသားထားသော အရှင်မဟောသဓပဏ္ဍိတ၏ စာအုပ်ထဲမှ အောက်ပါဩဝါဒစကားလေးတို့ကိုလည်း သတိရလာမိပြန်စေပါ၏။

ဘယ်နေရာမျိုးမဆို ချွေတာတယ်၊ ချွေတာတယ်ဆိုတာ နှမြောလို့ မဟုတ်ဘူး။ ပစ္စည်းကို သူ့နေရာနဲ့သူ သုံးတတ်စွဲတတ်တာဟာ ချွေတာတာပဲ။ ဘုန်းကြီးက မီးကိုအလကား ဖွင့်ထားရင်နှမြောတယ်။ ကုန်သင့်လို့ကုန်တာက အကြောင်းမဟုတ်ဘူး။ မကုန်သင့်ဘဲ အလကားလျှောက်ကုန်နေတာကတော့ အကျိုးမရှိဘူး။ ဘာတဲ့လဲ။

တို့မြန်မာတွေက အကျိုးမများတဲ့နေရာတွေမှာ အကုန်အကျတွေက များနေရင် ဆင်းရဲမှာပေါ့။

---

# မြန်မာနှစ်သစ်ကူး အတာသင်္ကြန် နောက်ဆုံးအတက်နေ့မြင်းကွင်းနှင့် နှစ်သစ်ကူး သူတို့ရဲ့စကားသံ

**မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်မှ ၁၃၇၈ ခုနှစ်အကူး အတာသင်္ကြန်နောက်ဆုံး အတက်နေ့၌ အများပြည်သူများက စည်းကမ်းရှိစွာဖြင့် ပျော်ပျော်ရွှင်ရွှင်ရေကစားကာ ပိတ်သိမ်းပြီး နှစ်သစ်ကိုကြိုဆိုခဲ့ကြသည်။ အများပြည်သူများက စည်းကမ်းရှိစွာ ရေကစားခြင်းဟုဆိုရခြင်းမှာ ရန်ကုန်မြို့တွင်း၌ လူစည်ကားရာနေရာများတွင် ယမန်နှစ်ထက်မတော်တဆထိခိုက်မှုလျော့နည်းခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက စည်းကမ်းတကျထိန်းသိမ်း စောင့်ရှောက်ပေးခြင်း၊ အများပြည်သူများက မိမိတို့အသိစိတ်လေးများဖြင့် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ပေးခြင်းတို့ကြောင့် မြန်မာ့ရိုးရာအတာသင်္ကြန်ကိုလှပစေခဲ့သည်။**

သတင်း-ကိုသက်၊ ဓာတ်ပုံ-ဌေးအောင်၊ ခင်မောင်ဝင်း(ကြေးမုံ)

သင်္ကြန်နောက်ဆုံးနေ့(အတက်နေ့)ဖြစ်သည့်အလျောက် ရေပက်ခံထွက်သူများ၊ ရေကစားသူများမှာ ယခင်နေ့များထက် ပိုမိုစည်ကားများပြားလျက်ရှိသည်ကိုတွေ့မြင်ရသည်။ နှစ်စဉ်နှစ်တိုင်း အထူးစည်ကားသည့်မဏ္ဍပ်တစ်ခုဖြစ်သည့် ၁၉ လမ်း မဏ္ဍပ် (mntv &LifeBuoy) မဏ္ဍပ်ဆိုလျှင် သတ်မှတ်ထားသော ရေကစားသည့်နောက်ဆုံးအချိန် ညနေ ၆ နာရီတွင် ရေပိတ်သိမ်းပြီး ဖျော်ဖြေရေးအစီအစဉ်ကို ည ၇ နာရီမှ ပြန်လည်စတင်ပြီး ည ၁၂ နာရီအထိ ဖျော်ဖြေတင်ဆက်ပေးခဲ့သည်။

ထို့နည်းတူ ပြည်လမ်းရှိ အဲပုဂံ မဏ္ဍပ်မှာလည်း ရေကစားချိန်အပြီး သင်္ကြန်သီချင်းဖြစ်သည့် မန်းတောင်ရိပ်ခို သီချင်းဖြင့်ပိတ်သိမ်းသည့်အပြင် တရုတ်သရုံးအဖွဲ့၏ တရုတ်ရိုးရာအကနှင့် SIR အဖွဲ့တို့က ဖျော်ဖြေပေးခဲ့သည်။

MPT မဏ္ဍပ်၌လည်း MPT သုံးစွဲသူများကို ကျေးဇူးတုံ့ပြန်သောအနေဖြင့် ပင်တိုင်အဆိုရှင် သုံးဦးဖြစ်သည့် ချစ်ကောင်း၊ မေခလာ၊ ဝိုင်းစုခိုင်သိန်းတို့အပြင် ထိုင်းနိုင်ငံမှ ဒီဂျေပညာရှင်၊ အကအဖွဲ့တို့ဖြင့် ဖျော်ဖြေပေးခဲ့သည်ကို တွေ့ရသည်။

အလားတူ ရန်ကုန်မြို့ရှိရေကစားမဏ္ဍပ်များသည် သတ်မှတ်ထားသည့် ရေနောက်ဆုံးပိတ်သိမ်းချိန် ညနေ ၆ နာရီတွင် စည်းကမ်းတကျ အေးချမ်းစွာ ပိတ်သိမ်းလိုက်သည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်မှ ၁၃၇၈ ခုနှစ်အကူး မြန်မာတို့၏ နှစ်သစ်ဦး၌ မေတ္တာဆုတောင်းစကားကို သူတို့တွေ ဒီလိုပြောခဲ့ပါသည်-



ချစ်ကောင်း



မေခလာ



ဦးခင်မောင်မြင့်



မစုစန္ဒီလတ်



ဒီမိုသော်

**ချစ်ကောင်း**

"ကျွန်တော့်အတွက်တော့ သင်္ကြန်တိုင်း အဝင်၊ အထွက်တွေက ဒီလိုပါပဲ။ ဒီနှစ်ကပြဿနာတို့ တခြားစိတ်ရှုပ်စရာတွေမရှိဘူး။ နောက်ပြီး စနစ်ပိုကျလာတာကိုတွေ့ရတယ်။ နှစ်သစ်မှာအားလုံးအားလုံး ကျန်းမာချမ်းသာမှုအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းပါတယ်။

**မေခလာ**

"မငယ်က ဒီနှစ် သင်္ကြန်ထိအလုပ်စလုပ်ကတည်းက မနားရဘူး။ သူများတွေလိုတစ်ခါတလေ လွတ်လွတ်လပ်လပ်ပျော်ချင်တယ်။ ဒါကလည်း မငယ်ရဲ့အလုပ်ဖြစ်နေတယ်။ လူဆိုတာအလုပ်လုပ်ရမယ်လေ။ မငယ်ရဲ့အလုပ်အပေါ်မှာလည်း ပျော်ပါတယ်။ ဒီနှစ်သင်္ကြန်က ပွင့်လင်းမြင်သာမှုရှိတယ်လို့မြင်တယ်။ ပွင့်လင်းမြင်သာမှု ရှိပေမယ့် စည်းကမ်းရှိဖို့တော့ လိုပါတယ်။ မငယ်ဒီလိုပြောတာ မြန်မာပြည်ကိုချစ်လို့ပါ။ ကိုယ့်လူမျိုးတွေကိုဖွံ့ဖြိုးတိုးတက် ချမ်းသာစေချင်တယ်။ မငယ်တစ်ခါတလေ စိတ်ကူးယဉ်မိတယ်။ ငါသာတန်ခိုးရှင်ဖြစ်ရင် မြန်မာပြည်သူ ပြည်သားအားလုံးကို ချမ်းသာအောင် ဖန်တီးပစ်လိုက်ချင်တယ်။ တကယ့်စေတနာအရင်းခံပါ။ နှစ်သစ်မှာ မြန်မာပြည်ကြီးလည်း ကျန်းမာချမ်းသာပါစေ၊ ပြည်သူပြည်သားတွေလည်း ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အစစအရာရာ ပြီးပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ အထူးသဖြင့် မငယ်သီချင်းဆိုပြီးတိုင်း ထိုင်းနိုင်ငံမှာ လူသတ်မှုနဲ့ စွပ်စွဲခံနေရတဲ့ ကလေးနှစ်ဦးကိုသတိရတယ်။ စွပ်စွဲခံနေရတဲ့ ကလေးတွေမြန်မြန်လွတ်ပါစေလို့ အထူးဆုတောင်းတယ်။ ငါတို့တွေ ပျော်နေသလို ဒီကလေးတွေလည်း ပျော်ချင်မှာပဲလေဆိုပြီး ကိုယ်ချင်းစာမိတယ်။ ဒီကလေးနှစ်ယောက်ရဲ့စွပ်စွဲခံကိစ္စက မြန်မာနိုင်ငံရဲ့ Image ကိုပါ ထိခိုက်တယ်။ နောက်နှစ်သင်္ကြန်မှာဒီကလေးနှစ်ဦး ပျော်ပျော်ရွှင်ရွှင်ရေကစားတာကို မြင်ချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

**ဦးခင်မောင်မြင့် (MPT ဒုတိယအထွေထွေမန်နေဂျာ၊ ဈေးကွက်ဌာန)**

ကျွန်တော့် အနေနဲ့ MPT သုံးစွဲတဲ့သူတွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ရန်ကုန်၊ မန္တလေးမှာ မဏ္ဍပ်ကြီးတွေပြုလုပ်တယ်။ မဏ္ဍပ်တစ်ခုကို ဧည့်သည် ၂၅၀၀ လောက်နေ့စဉ် ဧည့်ခံပါတယ်။ အစားအသောက်ပါ ကျွေးပါတယ်။ မြန်မာ့ရိုးရာသင်္ကြန်ယဉ်ကျေးမှုပြုလုပ်ဆင်နွှဲပေးပါတယ်။ MPT အနေနဲ့ သင်္ကြန်တင်မကဘူး မြန်မာတို့ရဲ့ ၁၂ လရာသီ ပွဲတိုင်းကို လုပ်ပေးပါတယ်။ နောက်နှစ်သင်္ကြန်တွေမှာ ရန်ကုန်၊ မန္တလေးအပြင် ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းစတဲ့ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း လုပ်ပေးဖို့ အစီအစဉ်တွေရှိပါတယ်။

**မစုစန္ဒီလတ်(အဲပုဂံ)**

ကျွန်မတို့မဏ္ဍပ်က ၂၀၀၅ ခုနှစ် အဲပုဂံလေကြောင်းထူထောင်တဲ့နှစ်ကတည်းက ခုချိန်ထိ နှစ်တိုင်းပြုလုပ်လာခဲ့တာပါ။ နောက်နှစ်တွေမှာလည်း ဆက်လက်လုပ်သွားမှာပါ။ မဏ္ဍပ်မှာကတော့ ဝန်ထမ်းမိသားစုတွေများပါတယ်။ တခြားဧည့်သည့်တွေလည်း ပါတယ်။ ဒီနေ့နောက်ဆုံးနေ့မှာ တရုတ်သံရုံးအဖွဲ့က သူတို့ရိုးရာအကတွေနဲ့ ညနေ ၃ နာရီမှာလာဖျော်ဖြေမယ်။ အပိတ်ကိုမန်းတောင်ရိပ်ခိုသီချင်းနဲ့ပိတ်ပြီး ပုဂံအကနဲ့ ဖျော်ဖြေမယ်။ မြန်မာ့နှစ်သစ်ကူးမှာ မြန်မာနိုင်ငံသားတွေ စိတ်ချမ်းချမ်းသာသာနဲ့ တောက်ပတဲ့ အနာဂတ်တွေ ပိုင်ဆိုင်ပြီး အားလုံးစီးပွားတိုးတက်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**ဒီမိုသော်(SIR မန်နေဂျာ)**

ဒီနှစ်က အဲပုဂံကငှားလို့လာဖျော်ဖြေတာပါ။ သုံးနှစ်လောက်ရှိပြီ။ မန္တလေးမှာပဲဖျော်ဖြေတာ။ ဒီနှစ်မှ ရန်ကုန်မှာ။ ပရိသတ်က အားပေးတာ အားရတယ်။ ပျော်လဲပျော်တယ်။ နောက်နှစ်တော့ မသိသေးဘူး။ များတဲ့ပေါ်မူတည်တယ်။ လူငယ်တစ်ယောက်အနေနဲ့ ဒီနှစ်သင်္ကြန်ကိုပြောရရင် ယခင်နှစ်တွေထက် မြန်မာ့ယဉ်ကျေးမှုနဲ့အညီ ပြုလုပ်လာတာကိုတွေ့ရတယ်။ ဝက်စားဆင်ယဉ်ပုံက အစပေါ့။ စည်ပင်ဆိုရင်လည်း ညနေပိုင်းဆိုတာနဲ့ အမှိုက်တွေကို သိမ်းတာစနစ်ကျလာတယ်။ ရေကစားမဏ္ဍပ် ပိတ်လိုက်တာနဲ့ အမှိုက်တွေ တန်းပြီးသိမ်းတယ်။ နှစ်သစ်မှာ ပရိသတ်တွေ အဆင်ပြေကျပြီး ပိုက်ဆံတွေအများကြီး ဝင်ပါစေလို့"ရယ်လျက်" ဆုတောင်းပေးခဲ့ပါသည်။

■

# အဂတိတရားကင်းပြီး ပြည်သူများ၏လိုအပ်ချက်ကို ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်သည့် အစိုးရကောင်းတစ်ရပ်ဖြစ်အောင် ကြိုးစားသွားမည်

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း-သီသီမင်း/ဓာတ်ပုံ-စိမ်းခက်

**ယခင်အစိုးရလက်ထက်က ဖြေရှင်းသော်လည်း အားနည်းချက်များရှိခဲ့သည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု၊ ကျူးကျော်အိမ်ရာများနှင့် အခြားသော အထွေထွေကိစ္စရပ်များအား ယခုအစိုးရအဖွဲ့သစ်လက်ထက်တွင် မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို ပြည်သူများကလည်း စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ၎င်း၏အိမ်တော်၌ ကြေးမုံသတင်းအဖွဲ့တို့ တွေ့ဆုံမေးမြန်းခွင့်ရခိုက် ဝန်ကြီးချုပ်ပြောကြားသည့် နှစ်သစ်မင်္ဂလာစကားနှင့်အတူ အစိုးရအဖွဲ့သစ်၏ ရှေ့ဆောင်ရွက်မည့်အစီအစဉ်များအား ရေးသားဖော်ပြလိုက်ရပါသည်။**



**မေး။ ။ဝန်ကြီးချုပ်တို့ အစိုးရသစ်လက်ထက်မှာရန်ကုန်မြို့နဲ့ ရန်ကုန်စည်ပင်သာယာနယ်နိမိတ် ပြင်ပမှာရှိတဲ့ကျေးရွာတွေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မယ့် အစီအစဉ်တွေရှိရင်သိပါရစေရှင့်။**

ဖြေ။ ။ကျွန်တော်တို့ အစိုးရအဖွဲ့သစ်အနေနဲ့ အခုကြိုးပမ်းနေတာက ယာဉ်ကြောကျပ်တည်းမှုပြဿနာ ဖြေရှင်းဖို့၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ရောက်လာနိုင်ဖို့ ကျေးလက်ဒေသက လမ်းမရှိတဲ့ရွာတွေမှာ ဒီနှစ်အတွင်း လမ်းခင်းပေးနိုင်ဖို့ ဒါတွေဆောင်ရွက်ဖို့ရှိပါတယ်။

ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်နဲ့ စည်ပင်သာယာပြင်ပက အရမ်းကိုကွာတယ်။ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်းမှာ သုံးစွဲနေတဲ့ ငွေကြေးပမာဏက ရန်ကုန်တိုင်း ဘတ်ဂျက်ဟာ ၃၃၄ ဘီလီယံလောက်ရှိနေတဲ့အခြေအနေမှာ ရန်ကုန်စည်ပင်သာယာအတွင်းမှာ ၂၀၀ ဘီလီယံကျော်သုံးစွဲနေတာဖြစ်ပြီး အပြင်က ၆ ဘီလီယံလောက်ပဲသုံးစွဲနေတာဖြစ်ပါတယ်။ဘီလီယံ ၂၀၀ ကျော်နဲ့ ၆ ဘီလီယံဆိုတာ အရမ်းကိုကွာတယ်။ စည်ပင်သာယာနယ်နိမိတ်က ၃၃ မြို့လောက်ရှိပြီး အပြင်က ၁၂ မြို့နယ်လောက်ပဲရှိတယ်။ဒီနေရာတွေကို ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အထူးစီမံကိန်းအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်မယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်တဲ့အခါမှာလည်း ကျေးလက်ဒေသမှာရှိတဲ့ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုတွေရလာနိုင်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားပါ့မယ်။အခုစတင်ဆောင်ရွက်ဖို့ ပြင်ဆင်နေပါပြီ။တစ်ပြိုင်တည်းမှာပဲ ရန်ကုန်မြို့မှာဖြစ်နေတဲ့ ကျူးကျော်ကိစ္စတွေနဲ့ အခြားသော ကိစ္စရပ်တွေမှာလည်း မှန်ကန်တဲ့ ဖြေရှင်းဆောင်ရွက်မှုတွေ ဖြစ်အောင်ကြိုးစားနေပါတယ်။

**မေး။ ။ရန်ကုန်မြို့မှာ ယခင်အစိုးရလက်ထက်ကတည်းက ဖြေရှင်းရခက်ခဲခဲ့တဲ့ အဓိကပြဿနာက ကျူးကျော်ပြဿနာပေါ့နော်။ အဲဒီပြဿနာကို အခု ဝန်ကြီးချုပ်တို့လက်ထက်မှာ ဘယ်လိုကိုင်တွယ် ဖြေရှင်းသွားမယ်ဆိုတာသိပါရစေရှင့်။**

ဖြေ။ ။ကျူးကျော်ကိစ္စကိုလည်း ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ အဓိကထားပါတယ်။ ဘာကြောင့်လည်းဆိုတော့ နိုင်ငံသူ နိုင်ငံသားတွေမှာ တကယ်လည်းနေစရာမရှိဘူး။ ဆင်းရဲတယ်။ အလုပ်အကိုင်အခွင့်အလမ်းလည်းမရှိဘူးဆိုရင် ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ဒီတာဝန်ကိုယူပြီး ဖြေရှင်းပေးရပါမယ်။

ဒါပေမယ့် ရန်ကုန်မှာနေစရာမရှိလို့ ကျူးကျော်နေရတဲ့ အင်အားက ဘယ်လောက်ရှိတယ်ဆိုတဲ့ စာရင်း ကျွန်တော်တို့မှာ တိတိကျကျမရှိဘူး။ ဒီစာရင်းကို စပြီးလုပ်ပါမယ်။ ဘာကြောင့် ဒီစာရင်းကို တိတိကျကျလုပ်ချင်တာလဲဆိုတော့ ကျူးကျော်ပြီးနေရင် မြေကွက်တစ်ကွက်ရနိုင်မယ်ဆိုတဲ့ ကျူးကျော်နေတဲ့နေရာကို ပိုင်ချင်ပိုင်သွားနိုင်မှာပဲဆိုတဲ့ အတွေးမျိုးနဲ့တော့ မဖြစ်စေချင်ဘူး။ တကယ်လည်း နေစရာမရှိဘူး။ တကယ်လည်း အခက်အခဲဖြစ်နေတယ်ဆိုရင် ကိုယ့်နိုင်ငံသားတွေအတွက် အကာအကွယ်တစ်ခုရဖို့ဖြစ်ရမယ်။ အဲဒီအတွက် စာရင်းအင်းတိတိကျကျဖြစ်ဖို့ ပထမဦးစားပေးလုပ်မှာဖြစ်ပါတယ်။

စာရင်းကောက်တယ်ဆိုတာ စာရွက်ပေါ်မှာရေးပြီး စာရင်းကောက်မှာမဟုတ်ပါဘူး၊ မျက်နှာတွေ၊လက်ဗွေတွေ ယူမယ်။ ဒါတွေကို ကွန်ပျူတာထဲမှာ စနစ်တကျသိမ်းဆည်း မှတ်တမ်းတင်ထားမယ်။ ဒါမှသာလျှင် ဘယ်နေ့ ဘယ်ကာလက ဘယ်သူတွေက နေရာအတည်တကျချထားပေးပြီးသား၊ စာရင်းသွင်းပြီးသားဆိုတာသိနိုင်မယ်။ နောက် သူတို့ရဲ့ အခြေအနေ ဘယ်လောက်တိုးတက်လာတယ်ဆိုတာ ရှေ့ဆက်စောင့်ကြည့်သွားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကျူးကျော်နေထိုင်တဲ့ စာရင်းရပြီဆိုရင် ဒီစာရင်းဟာ မှန်ကန်တဲ့စာရင်းဟုတ်၊ မဟုတ်ဆိုတာ ဒီမှာရှိတဲ့ သတင်းတပ်ဖွဲ့တွေက ဒီကျူးကျော်သူတွေရဲ့ နောက်ကြောင်း အခြေအနေကို သိအောင်ကြိုးပမ်းပါမယ်။ ရလာတဲ့ အချက်အလက်တွေပေါ်မူတည်ပြီး မှန်ကန်တဲ့သူတွေကို နေခွင့်ထိုင်ခွင့်ရနိုင်တဲ့နေရာ ဖန်တီးပေးမှာဖြစ်ပါတယ်။

အဲလိုဖန်တီးနေထိုင်ခွင့်ပြုထားတဲ့ နေရာတွေကို ရောင်းလို့မရပါဘူး။ နေထိုင်ခွင့်ရမယ့်အပြင် အလုပ်အကိုင်အခွင့်အလမ်းရအောင်လည်း ဖန်တီးဆောင်ရွက်ပေးမယ်။ ဒီအခြေအနေထိရောက်အောင် ဆောင်ရွက်ပေးနိုင်ဖို့ ပြင်ဆင်နေပါပြီ။

**မေး။ ။ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန်တွေမှာ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်တွေကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ဝန်ကြီးချုပ်တို့ဘက်က ဘယ်လိုပုံစံမျိုးနဲ့ ညှိနှိုင်းဖိတ်ခေါ်သွားဖို့ရှိပါသလဲရှင့်။**

ဖြေ။ ။ကျွန်တော်တို့နိုင်ငံဟာ အစဉ်အဆက်မှာ ကုန်သွယ်မှုလိုငွေ အမြဲတမ်းပြနေတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားရမှာပါ။ နိုင်ငံခြားရင်းနှီးမှုတွေ လာတယ်လို့ အရင်ကသတင်းစာတွေထဲမှာ တွေ့ရတာပဲရှိတယ်။ဒါပေမယ့် တကယ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကနေ နိုင်ငံခြားကို Export ဘယ်လောက်လုပ်နိုင်ပြီလဲဆိုတာ၊ အဲဒါ သိပ်မရှိသေးဘူးဖြစ်နေတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းအတွင်းမှာ လာလုပ်မယ့် ကုမ္ပဏီတွေကို ကျွန်တော်တို့ အခုခေါ်ယူတွေ့ဆုံဖို့ပြင်ဆင်ထားတယ်။ စက်မှုလုပ်ငန်းတွေအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်တွေလည်း ရန်ကုန်တိုင်းထဲမှာရှိတယ်။ အဲဒီဇုန်တွေကိုလည်း ပြန်စိစစ်မယ်။ အခြေခံအဆောက်အအုံတွေ ပြန်လည်ဆောက်လုပ်နိုင်ဖို့နဲ့ လာပြီးရင်းနှီးမြှုပ်နှံမယ့်သူတွေ အမြန်ဆုံးလာဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးနိုင်ဖို့ ကြိုးစားသွားမယ်။တကယ့်ကို စနစ်ကျတဲ့ စက်မှုဇုန်ပုံစံမျိုး ဥပမာ သီလဝါ စက်မှုဇုန်လိုမျိုးပေါ့ဗျာ။ ဒါကြောင့်မို့ ရှေ့လျှောက်လုပ်မယ့် စီမံကိန်းတွေမှာ တကယ့်ကိုစနစ်တကျဆောင်ရွက်ဖို့ ပြင်ဆင်ထားတယ်။

လုပ်ငန်းရှင်တွေကလည်း နိုင်ငံတကာက ကုမ္ပဏီတွေနဲ့ ယှဉ်နိုင်ပါ့မလားလို့ကြောက်တယ်။ အမျိုးသားအကျိုးစီးပွား ကာကွယ်ပေးပါဆိုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကန့်သတ်ဖို့ စဉ်းစားတာမျိုးတွေရှိတယ်။ ဒီအခြေအနေတွေကို ချိန်ဆပြီး ဆောင်ရွက်ဖို့ကြိုးစားနေပါတယ်။

ကျွန်တော်တို့အစိုးရဘက်ကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ခေါ်သွင်းတဲ့အချိန်မှာ ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ ပေါင်းစပ်လုပ်နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

နောက်ပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေနဲ့လည်း တွေ့ဖို့ရှိပါတယ်။သူတို့ကိုလည်း နိုင်ငံတကာကုမ္ပဏီတွေလိုမျိုးဖြစ်အောင် တိုက်တွန်းမယ်။ အများပိုင်ကုမ္ပဏီတွေအဖြစ် ဆောင်ရွက်အောင် တိုက်တွန်းမယ်။ သူတို့မှာလည်း လုပ်ငန်းလုပ်ကွက်တွေရှိပါတယ်။ဒါပေမယ့် သူတို့ရဲ့ လုပ်ငန်းလုပ်ကွက်တွေဟာ အစိုးရဆီကနေ အခွင့်အလမ်းရလို့လုပ်တဲ့ အခြေအနေပုံစံမျိုးနဲ့တော့ လုပ်လို့မရဘူး။ ယှဉ်ပြိုင်မှုပုံစံတစ်ခုကို ပြောင်းပြီး လုပ်ရမယ်။ အဲဒီအခြေအနေကို သူတို့ကလည်း လိုက်ပါပြောင်းလဲဖို့လိုတယ်။

**မေး။ ။ဒီလိုဆောင်ရွက်ပေးလိုက်ခြင်းအားဖြင့် ရရှိလာမယ့် အကျိုးအမြတ်က ဘာတွေဖြစ်မယ်လို့ ဝန်ကြီးချုပ်အနေနဲ့ ထင်မြင်မိပါသလဲရှင့်။**

ဖြေ။ ။ကျွန်တော်တို့နိုင်ငံမှာ ပြဿနာအရပ်ရပ်တိုင်းဟာ ဆက်စပ်နေတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းကို မဖန်တီးနိုင်ဘဲ လမ်းဘေးဈေးသည်ကို ဖယ်လို့မရဘူး။ လမ်းဘေးဈေးသည်ကို မဖယ်နိုင်ရင် လမ်းပိတ်ဆို့လို့ ယာဉ်ကြောကျပ်တည်းမှုကိုလည်း မရှင်းနိုင်ဘူး။ ဒီအခြေအနေတွေကို ကျွန်တော်တို့ မြင်ဖို့လိုပါတယ်။နိုင်ငံခြားက လာရောက်ရင်းနှီးမြှုပ်နှံတဲ့ စက်ရုံတွေ၊ တကယ်ပြည်တွင်းမှာ စက်ရုံ၊အလုပ်ရုံတွေထူထောင်ဖို့လိုတယ်။ ဒီလို ထူထောင်မှလည်း ပြည်တွင်းမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ရလာမယ်။

အလုပ်အကိုင်အခွင့်အလမ်းတွေ များများဖန်တီးနိုင်ပါမှ ဒီပြဿနာတွေကို ရှင်းသွားမှာပါ။နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်လာလို့ ပြည်တွင်းလုပ်ငန်းရှင်တွေက ငါတို့မှာ အခက်အခဲရှိနိုင်တယ်ဆိုတဲ့ သဘောမျိုး မဖြစ်အောင် သူတို့ရဲ့ အရည်အချင်း၊ အရည်အသွေးနဲ့ ရင်းနှီးမြှုပ်နှံမှုရော နိုင်ငံခြားကုမ္ပဏီတွေနဲ့ပေါင်းစပ်ပြီး ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကအခန်းကဏ္ဍမြင့်မှ အလုပ်သမားတွေရဲ့ အလုပ်လက်မဲ့ပြဿနာကိုရှင်းနိုင်မှာပါ။

**မေး။ ။နောက်တစ်ခုက ဝန်ကြီးချုပ်က ရန်ကုန်မြို့ရဲ့ ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းမယ်လို့ဆိုတယ်ပေါ့နော်။ အရင်အစိုးရလက်ထက်ကတည်းက ထိရောက်တဲ့ဖြေရှင်းမှုကို လုပ်မပေးနိုင်ခဲ့ဘူး။ အခုအစိုးရသစ်ကရော ဘယ်လိုနည်းလမ်းတွေနဲ့ဖြေရှင်းဖို့ရှိတယ်ဆိုတာ သိပါရစေရှင်။**

ဖြေ။ ။ဒါနဲ့ပတ်သက်ပြီးကျွန်တော်တို့ ပြီးခဲ့တဲ့ရက်ပိုင်းကပဲ အစည်းအဝေးလုပ်ခဲ့တယ်။ အဲဒီမှာ ဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ အယူအဆတွေ အများကြီးတက်လာပါတယ်။ ဒီအပေါ်မှာ ကျွန်တော်တို့ Master Plan တစ်ခု လုပ်ရပါမယ်။အချိန်အနည်းငယ်တော့ ကျွန်တော်တို့ကိုပေးရပါမယ်။လမ်းပေါ်မှာ ကားပါကင်တွေ၊ လမ်းဘေးဈေးသည်တွေ၊ ကုန်ကားဝင်ထွက်နေတဲ့ အခြေအနေတွေ၊ နောက်ပြီး မီးပွိုင့်တွေရဲ့ အနေအထား၊ဘတ်စ်ကားယာဉ်လိုင်းတွေကို ဘယ်လိုပုံစံထားမယ်ဆိုတဲ့ အခြေအနေ၊ အားလုံးမှာမှ အချိန်ယူပြီး ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။

အဲလိုဆောင်ရွက်တဲ့နေရာမှာ တစ်ခုတည်းလုပ်လို့မရပါဘူး၊ဌာနပေါင်းစုံပူးပေါင်းပြီးလုပ်ရမယ်။ စည်ပင်သာယာက လုပ်ရမယ့်အပိုင်းရှိတယ်။ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအပိုင်းက လုပ်ရမှာရှိတယ်။လမ်းပန်းဆက်သွယ်ရေးအပိုင်းက လုပ်ရမှာ ရှိတယ်။ နောက်ပြီး လူထုကိုလည်းအသိပညာပေးရမယ့် ကိစ္စရပ်တွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှေ့မှာအလုပ်ရုံဆွေးနွေးပွဲတွေလုပ်ခဲ့တာရှိတယ်။နိုင်ငံခြားမှာလေ့လာထားတာတွေ ရှိတယ်။ နောက်ပြီး ပညာရှင်တွေရဲ့ အကြံဉာဏ်တွေလည်းယူသွားမယ်။

ယာဉ်ကြောကျပ်တည်းတယ်ဆိုတာက ရက်တွေတော်တော်များများကို ဖြေရှင်းပေးရမှာဖြစ်တဲ့အတွက် ဒီအခြေအနေမျိုးကို ဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့အဖွဲ့ တစ်ခုထူထောင်ပါမယ်။ဒီအဖွဲ့က ရန်ကုန်တစ်မြို့လုံးကို တိုက်ရိုက် ထိန်းချုပ်၊ ချိန်ညှိပြီး ဆောင်ရွက်ပေးဖို့ ကိစ္စရပ်တွေ လုပ်ပါမယ်။နောက်ပြီး မြို့နယ်တိုင်း မြို့နယ်တိုင်းမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို မြို့နယ်အုပ်ချုပ်ရေးယန္တရားကနေ ပူးပေါင်းပြီးတော့ ပါဝင်ဆောင်ရွက်ဖို့အတွက် ညှိနှိုင်းဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်။

**မေး။ ။မင်္ဂလာရှိတဲ့ နှစ်သစ်မှာ ဝန်ကြီးချုပ်အနေနဲ့ ကြေးမုံသတင်းစာက နေတစ်ဆင့်ပြည်သူတွေကို ဘာများပြောကြားချင်ပါသလဲရှင့်။**

ဖြေ။ ။ နှစ်သစ်ကာလမှာ နိုင်ငံသူနိုင်ငံသားတွေအတွက် ကောင်းမွန်တဲ့ အခွင့်အလမ်းကောင်းတွေ ရပြီး အဂတိတရားကင်းတဲ့၊ ပြည်သူလူထုတွေရဲ့လိုအပ်ချက်ကို ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်တဲ့ အစိုးရကောင်းတစ်ရပ်ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားသွားပါမယ်။ဒီအတွက်လည်း နိုင်ငံသူ နိုင်ငံသားတွေအားလုံးက ကျွန်တော်တို့နဲ့ ပူးပေါင်းပါ။ ဒီနှစ်သစ်မင်္ဂလာမှာ မင်္ဂလာရှိတဲ့ ဆောင်ရွက်ချက်တွေ အတူတကွ ဆောင်ရွက်ရင်းနိုင်ငံသစ်ကို ထူထောင်ကြပါစို့လို့ ပြောချင်ပါတယ်။

ဟုတ်ကဲ့ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ရှင့်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်္ကြန်ကာလတွင် မူးယစ်ရမ်းကားမှုအပြင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးသူဦးရေ ယခင်နှစ်များထက် လျော့နည်းလာ

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ သင်္ကြန်ကာလတွင် မူးယစ်ရမ်းကားမှုအပြင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးသူဦးရေမှာ ယခင်နှစ်များထက် လျော့နည်းလာကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှသိရသည်။

“အရင်နှစ်သင်္ကြန်က မူးယစ်ရမ်းကားမှု ခြောက်မှုရှိခဲ့တယ်။ ဒီနှစ်မှာတော့ ထူးခြားမှုအနေနဲ့ သင်္ကြန်အတက်နေ့ မွန်းလွဲပိုင်းအထိ မူးယစ်ရမ်းကားမှု တစ်မှုမှမရှိသေးပါဘူး။ဒါ့အပြင် ထိခိုက်ဒဏ်ရာရရှိမှုနဲ့ သေဆုံးသူအရေအတွက်လည်း လက်ရှိအချိန်အထိ နည်းသွားပါတယ်”ဟု တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲမှူး ပြည့်စုံက ပြောသည်။

ယခုနှစ်သင်္ကြန်ကာလတွင် သင်္ကြန်အကြိုနေ့မှ အတက်နေ့မွန်းလွဲပိုင်းအထိ ယာဉ်တိုက်မှု နှစ်မှု၊ ခိုက်ရန်ဖြစ်ပွားမှု ရှစ်မှု၊ ကာယိန္ဒြေပျက်မှုတစ်မှု၊ သေမှုသေခင်း တစ်မှုတို့ ဖြစ်ပွားခဲ့ပြီး ယင်းတို့အနက် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူခုနစ်ဦး၊ခိုက်ရန်ဖြစ်ပွားမှုကြောင့် ၁၂ ဦး စုစုပေါင်း ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့သည်။ ထို့ပြင် ခါးပိုက်နှိုက်မှု ၄၂ မှု၊ လက်နက်ကိုင်ဆောင်မှု တစ်မှု၊ ယစ်မျိုးမှု ၁၃ မှု ၊ ပို့ကုန်သွင်းကုန် နှစ်မှုတို့ကို အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှသိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် မှုခင်းဖြစ်ပွားမှု လျော့နည်းစေရန် သင်္ကြန်ကာလမတိုင်မီကစတင်၍ သက်ဆိုင်ရာခရိုင်၊ မြို့နယ်များအလိုက် မှုခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည့်အပြင် သင်္ကြန်ကာလအတွင်း၌ ပြည်သူများပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်မှုများကို အင်အားသုံး၍ ကြပ်မတ်ဆောင်ရွက်ခြင်း၊ မီးတန်းလှည့်ကင်းယာဉ်များဖြင့် မြို့တွင်းဧရိယာများအတွင်း လှည့်လည်ဆောင်ရွက်ခြင်းနှင့် မြို့နယ်အလိုက်စုဖွဲ့ထားသည့် အရန်အင်အားများဖြင့်လည်း လုံခြုံရေးစောင့်ကြပ်ဆောင်ရွက်ခဲ့ပြီး အရက်သေစာရောင်းချမှုများကို ကြိုတင်အသိပေးထိန်းချုပ်ခဲ့သဖြင့် မှုခင်းဖြစ်ပွားမှုလျော့နည်းလာခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ မော်တော်ယာဉ်ဖြင့် သင်္ကြန်ရေပက်ခံထွက်သူ မရမ်းကုန်းမြို့နယ်မှ ကိုလွင်က “ဒီနှစ်မှာ လုံခြုံရေးအပြည့်ချထားတာကို တွေ့ရတယ်။ မူးယစ်ရမ်းကားနေတဲ့သူတွေလည်းသိပ်မတွေ့ရတော့ ရန်ဖြစ်တာတွေလည်းနည်းသွားတယ်။ ရေပက်ခံထွက်တဲ့သူတွေအနေနဲ့ စိတ်ချမ်းချမ်းသာသာနဲ့ လည်ပတ်ခဲ့ရလို့ ပျော်ပါတယ်”ဟု သူ၏အမြင်ကို ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၁၅ ခုနှစ် သင်္ကြန်ကာလအတွင်း သင်္ကြန်နှင့် သက်ဆိုင်သော အမှုပေါင်း ၇၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ သုံးဦးနှင့် ဒဏ်ရာရသူ ၆၉ ဦးရှိခဲ့သည်။ ယင်းတို့အနက် ယာဉ်တိုက်မှု ခုနစ်မှုမှ သေဆုံးသူ နှစ်ဦး၊ဒဏ်ရာရသူ ၄၆ ဦး ၊ခိုက်ရန်ဖြစ်ပွားမှု ကိုးမှုမှ ဒဏ်ရာရသူ ၁၂ ဦး၊ ဝတ္ထုရားနှောင့်ယှက်မှု နှစ်မှုမှ ဒဏ်ရာရသူ နှစ်ဦး၊ သေမှုသေခင်း တစ်မှု၊ ကာယိန္ဒြေဖျက်စီးမှု တစ်မှု ၊ မူးယစ်ရမ်းကား ခြောက်မှု နှင့်အခြားအမှု ၄၄ မှုမှ ဒဏ်ရာရသူ ကိုးဦးအထိ ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

အနုပညာ

# “Avatar” ရုပ်ရှင်သစ်များ ဆက်လက်ဖန်တီးသွားမည်

ကနေဒါလူမျိုး ရုပ်ရှင်ဒါရိုက်တာ ဂျိန်းစ်ကမ်မရွန်က သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင် အမျိုးအစားဖြစ်တဲ့ “ Avatar ” ရုပ်ရှင်တွေရဲ့ နောက်ဆက်တွဲရုပ်ရှင်သစ် လေးကားကို ဆက်လက်ဖန်တီးလျက်ရှိကြောင်း ပြီးခဲ့တဲ့ ကြာသပတေးနေ့က ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ဂလိုဘယ်နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်သစ်တွေကို ခရစ္စမတ်ကာလတွေအတွင်း စတင်ရုံတင်သွားဖို့ စီစဉ်ထားကာ ပထမဦးဆုံးရုပ်ရှင်ကို လာမယ့် ၂၀၁၈ ခုနှစ်တွင်လည်းကောင်း၊ ကျန်ရုပ်ရှင်များကို ၂၀၂၀၊ ၂၀၂၂ နဲ့ ၂၀၂၃ ခုနှစ်တွေမှာလည်းကောင်း အသီးသီးရုံတင်သွားဖို့ စီစဉ်ထားကြောင်း သိရပါတယ်။

ယင်း “ Avatar ”ရုပ်ရှင်သစ်တွေကို စတင်ဖန်တီးစဉ်က ရုပ်ရှင်သစ်သုံးကား ရိုက်ကူးထုတ်လုပ်သွားဖို့ စီစဉ်ခဲ့တာဖြစ်ပေမယ့် ဇာတ်ညွှန်းရေးသားမှုအပြီးမှာ ရုပ်ရှင်သုံးကားစာထက် ပိုလွန်သွားခဲ့တာကြောင့် ရုပ်ရှင်သစ်လေးကား ဖြစ်လာနိုင်ဖွယ်ရှိကြောင်းလည်း ကမ်မရွန်က ပြောကြားခဲ့ပါတယ်။

ထုတ်လွှင့်ပြသခဲ့ပြီးတဲ့ “ Avatar ”ရုပ်ရှင်ဟာ သမိုင်းတစ်လျှောက် မြောက်အမေရိကမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တဲ့ အောင်မြင်တဲ့ ရုပ်ရှင်ကားတစ်ကားလည်း ဖြစ်ပါတယ်။






# “Deadpool 2” ကို လက်ခံရိုက်ကူးပေးဖို့ သဘောတူလိုက်ပြီဖြစ်တဲ့ ရှိုင်ယန်ရေးနိုးစ်

လူစွမ်းကောင်းရုပ်ရှင်အမျိုးအစားဖြစ်တဲ့ “Deadpool”ရုပ်ရှင်မှာ ဇာတ်လိုက်တစ်ဦး အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသား ရှိုင်ယန်ရေးနိုးစ်ဟာ ထပ်မံရိုက်ကူးသွားမယ့် ယင်းရုပ်ရှင်ရဲ့ နောက်ဆက်တွဲ ရုပ်ရှင်သစ် “ Deadpool 2”မှာ ပါဝင်သရုပ်ဆောင်ပေးဖို့ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီဖြစ်ကြောင်း နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်တွေကို ရိုက်ကူးထုတ်လုပ်တဲ့ တွမ်တီစန်ကျူရီဖောက်ဇ်ရုပ်ရှင်စတူဒီယို က ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ “ Deadpool” ဟာ ကမ္ဘာတစ်ဝန်းရုံတင်ပြသခဲ့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၅၅ သန်းရရှိခဲ့တဲ့ ဝင်ငွေကောင်းတဲ့ရုပ်ရှင်တစ်ခုဖြစ်ခဲ့ပြီး ထပ်မံ ရိုက်ကူးသွားမယ့်ရုပ်ရှင်သစ်အတွက် မင်းသား ရှိုင်ယန်ရေးနိုးစ်နဲ့ စာချုပ်ချုပ်ဆိုနိုင် ခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

“ Deadpool 2”ကို ရုံတင်ခဲ့ပြီးဖြစ်တဲ့ရုပ်ရှင်ကို ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာ တင်မ်မေလာကပင် တာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်ပြီး ယခင်ရုပ်ရှင်မှာ ပါဝင်ခဲ့တဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ မိုနာဘက်ကာရင်၊ တီဂျေမေလာနဲ့ အက်ဒ်စကာရင်တို့ကတော့ ရုပ်ရှင်သစ်မှာ ပါဝင်ရိုက်ကူးပေးဖို့ လတ်တလောအချိန်အထိ အတည်ပြုပြောကြားခြင်း မရှိသေးပါဘူး။

# စေ့စပ်လိုက်ပြီဆိုတာမဟုတ်ပါဘူးလို့ ဆိုလာတဲ့ လီယမ်ဟမ်းစ်ဝဲ့သ်



အသက် (၂၆)နှစ်အရွယ် “The Hunger Games” ရုပ်ရှင်သရုပ်ဆောင် မင်းသား လီယမ်ဟမ်းစ်ဝဲ့သ်က သူနဲ့ ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်တို့နှစ်ဦး ပြန်လည် စေ့စပ်ခဲ့တယ်ဆိုတဲ့သတင်းဟာ မမှန်ကန်ကြောင်း ဩစတြေးလျရုပ်သံလိုင်းတစ်ခုနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ကြောင်း ဖောက်ဇ်နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လီယမ်နဲ့ (၂၃)နှစ်အရွယ် မိုင်လီဆိုင်းရပ်စ်တို့နှစ်ဦးဟာ လွန်ခဲ့တဲ့ ၂၀၁၂ခုနှစ် မေလအတွင်းက တရားဝင်စေ့စပ်ခဲ့ကြတာ ဖြစ်ပြီး ၂၀၁၃ခုနှစ် စက်တင်ဘာလအတွင်းမှာတော့ စေ့စပ်ထားတာကို ဖျက်သိမ်းခဲ့ကာ နှစ်ဦးသားလမ်းခွဲခဲ့ပါတယ်။ ဒါပေမယ့် ယခုနှစ်အစောပိုင်းမှာ သူတို့နှစ်ဦး ပြန်လည်လက်တွဲ ခဲ့ကြတာဖြစ်ပြီး မိုင်လီဆိုင်းရပ်စ်က ၂၀၁၂ခုနှစ်က သူလက်ခံရရှိခဲ့တဲ့ စေ့စပ်လက်စွပ်ကို ပြန်လည်ဝတ်ဆင်ခဲ့တဲ့အချိန်ကစပြီး သူတို့နှစ်ဦးပြန်လည်စေ့စပ်လိုက်ပြီဆိုတဲ့ ကောလာ ဟလတွေ ပေါ်ထွက်လာခဲ့တာပဲ ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့နှစ်သစ်ကူးကာလတွေမှာ လီယမ်ရဲ့ဇာတိဖြစ်တဲ့ ဩစတြေးလျ မှာ အတူရှိခဲ့ပြီး ဇန်နဝါရီလအတွင်းမှာလည်း မိုင်လီဆိုင်းရပ်စ်ဟာ လီယမ်ရဲ့အိမ်ကို အလည် အပတ်ထွက်ခဲ့ပြီး လီယမ်ရဲ့မိဘတွေနဲ့ တွေ့ဆုံခဲ့ပါသေးတယ်။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက ပြုလုပ်ခဲ့တဲ့ “ The Huntsman: Winter’s War” ရုပ်ရှင်ရဲ့ စမ်းသပ်ပြသတဲ့ပွဲကိုလည်း နှစ်ဦးသား အတူတက်ရောက်ခဲ့တာမို့ သူတို့အကြားက ဆက်ဆံရေးကတော့ ကောင်းမွန်နေ ဆဲဖြစ်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

# InStyle အတွက် အလှအပတွေကို လှစ်ဟပြခဲ့တဲ့ ကင်မ်ဂျီဝန်

လတ်တလောမှာ အာရှပရိသတ်တွေအကြား ရေပန်းအစား ဆုံးဇာတ်လမ်းတွဲရုပ်ရှင်ဖြစ်တဲ့ “ Descendants of the Sun” မှာ ဒုတိယဇာတ်လိုက်အဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသမီး ကင်မ်ဂျီဝန်ဟာ ယင်းရုပ်ရှင်နဲ့ နာမည်ကျော်လာခဲ့ သူတစ်ဦးဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်မှာ ကင်မ်ဟာ ဆေးတပ် ဗိုလ်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တာကြောင့် ပရိသတ်တွေ အနေနဲ့ သူ့ကို စစ်ယူနီဖောင်းနဲ့သာ ရင်းနှီးခွင့်ရခဲ့ပါတယ်။ အဲဒီလိုယူနီဖောင်းကို အချိန်ပြည့်ဝတ်ဆင်ထားတဲ့ ကင်မ်က InStyle မဂ္ဂဇင်းအတွက် ဓာတ်ပုံတွေရိုက်ကူးပေးခဲ့ရာမှာ တော့ မိန်းကလေးဆန်ဆန်လှပတဲ့ဝတ်စုံလေးတွေဝတ်ဆင် ကာ သူ့ရဲ့မိန်းမပီသလှတဲ့ အလှအပတွေကို လှစ်ဟပြလိုက် ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

စစ်ယူနီဖောင်းနဲ့ အားမာန်အပြည့်ရှိနေခဲ့တဲ့ ကင်မ်ဟာ ပြီးခဲ့တဲ့ မေ ၁၅ရက်က ရိုက်ကူးဖော်ပြခဲ့တဲ့ InStyle ရဲ့ ဓာတ်ပုံတွေမှာတော့ ဆောင်းရာသီဝတ်စုံလေးတွေနဲ့ နုနု နယ်နယ်မိန်းကလေးတစ်ဦးအသွင် ဆောင်နေခဲ့တာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

“Descendants of the Sun” ဇာတ်လမ်းတွဲ ရုပ်ရှင်မှာ ကင်မ်ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်ဖြစ်တဲ့ ဆေးဗိုလ်ယွန်မြောင်ဂျူဟာ ယင်းရုပ်ရှင်အတွက် ဇာတ်ညွှန်း ရေးသားခဲ့ရာမှာ သေဆုံးသွားသူတစ်ဦးအဖြစ် ဖန်တီးရေးသား ခဲ့ပေမယ့် ယင်းရုပ်ရှင်ရဲ့ ဒါရိုက်တာ၊ ထုတ်လုပ်သူနဲ့ ကျန်အဖွဲ့ သားတွေက ယင်းရုပ်ရှင်အတွက် ပျော်စရာအဆုံးသတ်သာ ရှိလိုခဲ့တာကြောင့် မူလဇာတ်ညွှန်းကို ပြန်လည်ဆွေးနွေး ကာ ပျော်စရာအဆုံးသတ်အဖြစ် ပြောင်းလဲဖန်တီးခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။



# ရုပ်မြင်သံကြားအစီအစဉ်

[၁၇ - ၄ -၂၀၁၆ (တနင်္ဂနွေနေ့)]

## MRTV- 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် | ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏အကျိုး” [အကြွေး(အပိုင်း-၁)] |
| ၅း၂၀ | MRTV-4 သတင်း | ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရ ချစ်သူသည်သာ” (အပိုင်း-၃၄) |
| ၅း၄၀ | “နှစ်သစ်မင်္ဂလာကို မေတ္တာဖြင့်ကြိုဆိုခြင်းအကြောင်း” တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ) | ၃း၄၀ | ဇာတိအာဏာ တေးသီချင်း |
| | | ၅း၀၀ | အံ့မောဖွယ်ရာ ပြည်မြန်မာ |
| | | ၆း၁၀ | Health Fix |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၃၄) | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၃၅) |
| ၇း၅၀ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ(အကောက်တောင်ပေါ်ရှိ တန်ခိုးကြီးမားဘုရားစေတီ ပုထိုးများ) | ၇း၀၅ | Fashion Week |
| | | ၇း၃၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏အကျိုး” [အကြွေး(အပိုင်း-၂)] |
| ၈း၀၅ | Cartoon Series (Go Go Giggles) | ၈း၁၅ | နှစ်ဆန်း(၁)ရက်နေ့မြင်ကွင်း |
| ၉း၀၀ | Weekly Sports Diary | ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၈၃) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၈၂) | ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၆၅+၆၆) |
| ၁၀း၀၅ | ခေတ်သစ်ပျိုမေ | ၁၀း၃၅ | World of Knowledge (Live Like An Animal : Human Hummingbird) |
| ၁၁း၀၀ | Star တို့ရဲ့လက်ရာ | | |
| ၁၁း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၆၃+၆၄) | | |

# မုံရွာမြို့ကြက်မွေးမြူရေးဇုန်ရှိ ကြက်များ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ကြက်မွေးမြူရေးဇုန်ရှိ ကြက်များတွင် ဖြစ်ပွားကူးစက်လျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက် ၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ကြီး ဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်း ဦးဆောင်သော ရောဂါနှိမ်နင်းရေးအဖွဲ့သည် မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှ ရောဂါနှိမ်နင်းရေးအဖွဲ့များနှင့်အတူ ကြက်များတွင်ဖြစ်ပွားလျက်ရှိသော ရောဂါဖြစ်ပွားမှုအားထိန်းချုပ်ခြင်း၊ ရောဂါဖြစ်ပွားနေသောကြက်မှ လူသို့ ကူးစက်မှုမရှိစေရေးနှင့် လူတွင်ရောဂါဖြစ်ပွားလျှင်လည်း အချိန်မီထိန်းချုပ် ကုသနိုင်ရေးအတွက် မေ ၁၅ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းအဖွဲ့သည် ကြက်မွေးမြူရေးဇုန်တွင်နေထိုင်သော မိသားစုဝင် များ၊ ကြက်များအား သုတ်သင်ရှင်းလင်းရာတွင် ပါဝင်ဆောင်ရွက်သော လုပ်သားများ၊ ကြက်မွေးမြူရေးဇုန်အတွင်း ဝင်/ထွက်သွားလာ၍ တာဝန် ထမ်းဆောင်သော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများတွင် သံသယ ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာများ ဖြစ်ပွားမှုရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှု ခြင်း (Fever surveillance)၊ ကြက်မွေးမြူရေးဇုန်နှင့် ကျောက်စစ်ပုံ (တောင်)ရွာတို့တွင် ယာယီဆေးခန်းများ ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက် မှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါဖြစ်ပွားမှုအခြေအနေအား စောင့်ကြပ်ကြည့်ရှု၍ နေ့စဉ်သတင်းပေးပို့စေခြင်း၊ သံသယလူနာတွေ့ရှိပါက ထားရှိကုသရန် Isolation Ward အား မုံရွာအထွေထွေရောဂါကုဆေးရုံကြီး၌ ပြင်ဆင်ဆောင်ရွက်ခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကြက်များထပ်မံသေဆုံးမှု ရှိမရှိ စုံစမ်းထောက်လှမ်းခြင်းနှင့် ရောဂါကာကွယ် ထိန်းချုပ်ခြင်း (Infection Control) လုပ်ငန်းများအား ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း၊ ယနေ့အထိ ရောဂါဖြစ်ပွားနေသောကြက်မှ လူသို့ရောဂါ ကူးစက်ဖြစ်ပွားခြင်းမရှိကြောင်းနှင့် သံသယကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာ ရှိသူလူနာမတွေ့ရှိရပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖလမ်း၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် အမိုးသွပ်များ လေထဲလွင့်ပါ

**ဖလမ်း မေ ၁၆**

ချင်းပြည်နယ် ဖလမ်းမြို့ ဖာရ်ထောက်ရပ်ကွက် အိုးအိမ်ဦးစီးဌာနပိုင် အိုးအိမ် အမှတ် (၁၂) နှင့် (၁၃) လူနေအိမ်နှစ်လုံးတို့သည် မေ ၁၆ ရက် နံနက် ၉ နာရီ ၄၀ မိနစ်ခန့်က လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးသွပ်အချို့လန်ပြီး လေထဲလွင့်ပါပျက်စီးကြောင်းနှင့် လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# စပိန်နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုကို ရှောင်လွှဲနိုင်တဲ့ ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ပွဲစဉ် မဲခွဲဆုံးဖြတ်မှု







ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ ပွဲစဉ်မဲခွဲဆုံးဖြတ်မှုကို ဧပြီ၁၅ရက်၌ ပြုလုပ်ခဲ့ရာ စပိန်ကလပ်အသင်းနှစ်သင်းဖြစ်သည့် ဗီလာရီးယဲလ်နှင့် ဆီဗီလာအသင်းတို့ ထိပ်တိုက်တွေ့ဆုံမည်ကို ရှောင်လွှဲနိုင်ခဲ့ကြောင်း စကိုင်းစပို့စ် အားကစား ဝက်ဘ်ဆိုက်က ဖော်ပြသည်။ ဗီလာရီးယဲလ်နှင့် လီဗာပူး၊ လက်ရှိချန်ပီယံ ဆီဗီလာနှင့် ရှက်တာဒိုးနက်ခ်တို့ ထိပ်တိုက်တွေ့ဆုံနေပြီး ပထမအကျော့ပွဲစဉ်များကို ဧပြီ၂၈ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မေ ၅ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဒေါ့မွန်အား ခက်ခက်ခဲခဲကျော်ဖြတ်လာရခြင်းဖြစ်သော်လည်း ဗီလာရီးယဲလ်အသင်းသည် စပါတာပရပ်ဂ်အသင်းအား သက်သောင့်သက်သာ အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာရခြင်းဖြစ်သည်။ဗီလာရီးယဲလ်အသင်းနှင့် လီဗာပူးအသင်းတို့သည် ထိပ်တိုက်တွေ့ဆုံမှုမှတ်တမ်းမရှိသော်လည်း ဗီလာရီးယဲလ်မှာ အင်္ဂလန်အသင်းများနှင့် (၁၀) ကြိမ် တွေ့ဆုံမှုတွင် တစ်ကြိမ်တစ်ခါမျှ အနိုင်ရရှိမှုမရှိခဲ့ဘဲ ခြောက်ကြိမ် သရေ၊ လေးကြိမ် ရှုံးပွဲ ကြုံထားသည်။

ဆီဗီလာနှင့် ရှက်တာဒိုးနက်ခ် အသင်းတို့သည် ၂၀၀၆ခုနှစ် ယူရိုပါလိဂ် ၁၆ သင်းအဆင့် ရှုံး/ထွက်ပြိုင်ပွဲတွင် ထိပ်တိုက်တွေ့ဆုံခဲ့ကြပြီး ဆီဗီလာအသင်းက အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုဖလားကိုပါ ဆွတ်ခူးနိုင်ခဲ့သည်။ ဆီဗီလာအသင်းသည် ၂၀၁၄နှင့် ၂၀၁၅ခုနှစ်တို့တွင်လည်း နှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ထားရာ ယခုနှစ်တွင် လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဆိုလျှင် သုံးနှစ်ဆက်တိုက် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်သည့် အသင်းဖြစ်လာမည်ဖြစ်သည်။ ရှက်တာဒိုးနက်ခ် အသင်းသည် စပိန်ကလပ်အသင်းများနှင့် နောက်ဆုံး သုံးကြိမ် တွေ့ဆုံမှုတွင် အကြိမ်တိုင်းရှုံးပွဲကြုံတွေ့ခဲ့ရပြီး ယခုနှစ် ချန်ပီယံလိဂ်အုပ်စုအဆင့်မှာပင် ရီးယဲလ်မက်ဒရစ် အသင်းအား လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သေးသည်။ ဗိုလ်လုပွဲပွဲစဉ်ကို မေ ၁၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်လ်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

**အကြိုဗိုလ်လုပွဲရောက်အသင်းလေးသင်းရဲ့ ယူရိုပါလိဂ်ပြိုင်ပွဲထူးခြားမှတ်တမ်းများ**

**ဆီဗီလာ(စပိန်ကလပ်)**

နောက်ဆုံးအကြိမ် အကြိုဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့သည့် ခုနှစ်- ၂၀၁၄/၂၀၁၅ဘောလုံးရာသီ(ဖီအိုရင်တီးနားအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူ)

အကြိုဗိုလ်လုပွဲအနိုင်/အရှုံးမှတ်တမ်း - နိုင်ပွဲ -လေးကြိမ်၊ ရှုံးပွဲ-မရှိ

ယူရိုပါလိဂ်(ယခင်ယူအီးအက်ဖ်အေဖလား)ချန်ပီယံဖြစ်ခဲ့ဖူးသည့် အကြိမ်အရေအတွက်နှင့် ခုနှစ်- လေးကြိမ်(၂၀၀၆၊ ၂၀၀၇၊ ၂၀၁၄၊ ၂၀၁၅)

ထိပ်တန်းဂိုးသွင်းရှင်-ဂါမီရို(လေးဂိုး)

ဆီဗီလာအသင်းသည် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အကြိမ်တိုင်းတွင် ချန်ကပီယံဆုဖလားရရှိ

**ရှက်တာဒိုးနက်ခ်(ယူကရိန်းကလပ်)**

နောက်ဆုံးအကြိမ်အကြိုဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့သည့်နှစ်-၂၀၀၈-၂၀၀၉ ဘောလုံးရာသီ (ဒိုင်နမိုကိဗ်အား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူ)

အကြိုဗိုလ်လုပွဲအနိုင်/အရှုံးမှတ်တမ်း- နိုင်ပွဲ-တစ်ကြိမ်၊ရှုံးပွဲ-မရှိ

ယူရိုပါလိဂ်(ယခင်ယူအီးအက်ဖ်အေဖလား)ချန်ပီယံဖြစ်ခဲ့ဖူးသည့် အကြိမ်အရေအတွက်နှင့် ခုနှစ်- တစ်ကြိမ်(၂၀၀၉)

ထိပ်တန်းဂိုးသွင်းရှင်-ဆာနာ၊ ကိုဗန်လန်ကို၊ အကွာဒို(နှစ်ဂိုးစီ)

ရှက်တာဒိုးနက်ခ်အသင်းသည် ၁၆ သင်းအဆင့် ရှုံး/ထွက်အဆင့်သို့တက်ရောက်နိုင်သည့်အကြိမ်တိုင်း ချန်ပီယံဆုဖလားရရှိ

**ဗီလာရီးယဲလ်(စပိန်ကလပ်)**

နောက်ဆုံးအကြိမ်အကြိုဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့သည့်နှစ်-၂၀၁၀-၂၀၁၁ ဘောလုံးရာသီ( ပေါ်တိုအား ခုနစ်ဂိုး-ငါးဂိုးဖြင့်ရှုံးနိမ့်)

အကြိုဗိုလ်လုပွဲအနိုင်/အရှုံးမှတ်တမ်း- နိုင်ပွဲ-မရှိ၊ ၊ရှုံးပွဲ-နှစ်ကြိမ်

ယူရိုပါလိဂ်(ယခင်ယူအီးအက်ဖ်အေဖလား)ချန်ပီယံဖြစ်ခဲ့ဖူးသည့် အကြိမ်အရေအတွက်နှင့် ခုနှစ်- မရှိ

ထိပ်တန်းဂိုးသွင်းရှင် - ဘာကမ်ဘူ (ကိုးဂိုး)

**လီဗာပူး(အင်္ဂလန်ကလပ်)**

နောက်ဆုံးအကြိမ်အကြိုဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့သည့်နှစ်-၂၀၀၉-၂၀၁၀ ဘောလုံးရာသီ( အက်သလက်တီကိုအား နှစ်ဂိုးစီသရေကစားနိုင်ခဲ့သော်လည်း အဝေးဂိုးစည်းမျဉ်းအရ ပြိုင်ပွဲကို နှုတ်ဆက်ခဲ့ရ)

အကြိုဗိုလ်လုပွဲအနိုင်/အရှုံးမှတ်တမ်း- နိုင်ပွဲ-သုံးကြိမ်၊ ၊ရှုံးပွဲ-နှစ်ကြိမ်

ယူရိုပါလိဂ်(ယခင်ယူအီးအက်ဖ်အေဖလား)ချန်ပီယံဖြစ်ခဲ့ဖူးသည့် အကြိမ်အရေအတွက်နှင့် ခုနှစ်- သုံးကြိမ်( ၁၉၇၃၊ ၁၉၇၆၊ ၂၀၀၁)

ထိပ်တန်းဂိုးသွင်းရှင်- လယ်လာနာ၊ ကော်တင်ဟို၊ ဂျိမ်းစ်မီနာ( နှစ်ဂိုးစီ)

လီဗာပူးအသင်းသည် ၂၀၀၁ခုနှစ်က ချန်ပီယံဖြစ်ခဲ့ပြီးနောက် ယူရိုပါလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုနှင့် ဝေးကွာနေသည်မှာ ၁၅ နှစ်ရှိခဲ့ပြီဖြစ်။

မေလဲ့သင်း
စုစည်းရေးသားသည်

# ဘာစီလိုနာ ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရပြီးနောက် ဗိုလ်စွဲဖို့ ထိပ်ဆုံးနေရာရောက်ရှိလာတဲ့ ဘိုင်ယန်မြူးနစ်




ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်တွင် အက်သလက်တီကို အသင်းအား နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် ဘိုင်ယန်မြူးနစ် အသင်းမှာ ချန်ပီယံလိဂ်၌ ဗိုလ်စွဲရန် ရေပန်းစားမှုအဆင့်(၁)နေရာသို့ ရောက်ရှိလာခဲ့ကြောင်း ဂိုးလ်ဒေါ့ကွန်း၌ ဖော်ပြသည်။ ဘိုင်ယန်အသင်းသည် ၆/၄( ၂ ဒသမ၅၀)ဖြင့် ဗိုလ်စွဲရန် ရေပန်းစားမှုအဆင့်(၁)နေရာတွင် ရပ်တည်နေပြီး ဒုတိယနေရာတွင် လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းက ၅/၂(၃ ဒသမ ၅၀)ဖြင့်လည်းကောင်း၊ တတိယနေရာ၌ အက်သလက်တီကို အသင်းက ၃/၁ (၄ ဒသမ ၅၀)ဖြင့်လည်းကောင်း၊ မန်စီးတီးအသင်းက ၁၃/၂ (၇ ဒသမ ၅၀)ဖြင့်လည်ကောင်း အသီးသီးရပ်တည်နေသည်ကို တွေ့ရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပေါ်တူဂီကလပ် ဘင်ဖီကာအား နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာပြီးနောက် အင်အားကြီးပြိုင်ဘက်အဖြစ် ရီးယဲလ်မက်ဒရစ်အသင်းတစ်ခုသာလျှင်ရှိတော့ကြောင်း ယင်းဝက်ဘ်ဆိုက်ကပင် ဆက်လက်ဖော်ပြသည်။ရီးယဲလ်မက်ဒရစ်အသင်းသည် ဝုဖ်ဘတ်အား ပထမအကျော့တွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် တိုက်စစ်မှူး စီရိုနယ်လ်ဒို၏ သွင်းဂိုးသုံးဂိုးဖြင့် ပြန်လည်အနိုင်ယူခဲ့ကာ အကြိုဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့သည် ၂၀၁၀ ခုနှစ်ကတည်းက အကြိုဗိုလ်လုပွဲအဆင့်သို့နှစ်စဉ်တက်ရောက်နိုင်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းသည် ၂၀၁၃ခုနှစ်၊ ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၄ခုနှစ်တို့တွင် ချန်ပီယံအဖြစ် ဗိုလ်စွဲခဲ့ကြသည်။ အက်သလက်တီကိုနှင့် မန်စီးတီးအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဘာစီလိုနာနှင့် ပီအက်စ်ဂျီတို့ကဲ့သို့ ခက်ခဲသည့် ပြိုင်ဘက်များကို ကျော်ဖြတ်ကာ ယင်းအဆင့်သို့တက်ရောက်လာခြင်းဖြစ်သော်လည်း ဗိုလ်စွဲရန်ရေပန်းစားမှုအဆင့်တွင် ဘိုင်ယန်မြူးနစ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကဲ့သို့ အစဉ်အလာကြီးမားသော ကလပ်အသင်းကြီးများအောက် ရောက်ရှိနေခြင်းဖြစ်သည်။

**ဆောင်းပါး**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဇိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**တိမ်တဲ့ ကာလ**

ကနေ့ကာလ လူမှုမီဒီယာကြီး တွင်ကျယ်လာတဲ့အပြင် အင်တာနက်ဆက်သွယ်ရေးနဲ့တကွ အင်ထာနက်သုံးနိုင်တဲ့ ပါလေရာတယ်လီဖုန်းတွေကိုပါ လူအများ အလွယ်တကူ ရယူသုံးစွဲနိုင်နေကြပြီမို့ လူမှုမီဒီယာပေါ်မှာ မတရားသားတွေ ထင်ရာရေးကြ၊ ပြောကြ၊ ရိုင်းပျကြ၊ ဆဲဆိုနေကြတာတွေ အားလုံးလည်း မြင်နေ တွေ့နေကြမှာမို့ အထူး မပြောလိုတော့ပါဘူး။

သို့သော် အဲဒီလို ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ ထင်ရာပြော၊ ထင်ရာရေးရင်း သူတစ်ပါးကို တိုက်ခိုက်နေကြသူ တွေထဲမှာ ဘွဲ့လက်မှတ်ဆိုတဲ့ စက္ကူ တစ်ထပ်ကြီးကို ကိုင်ဆောင်ထားသူတွေကိုပါ တွေ့လာရတဲ့အခါ အံ့အားသင့်မိရတယ်။ နောက် တော့မှ တွေးတတ် ဆင်ခြင်တတ်တဲ့ ပညာရေးကို သတ်ပစ်ခဲ့လေတဲ့ ၁၉၆၄ ခုနှစ် နောက်ပိုင်း ဆိုရှယ်လစ်ပညာရေးရဲ့ သားကောင်တွေပါလားဆိုတာ ပြန်ဆင်ခြင်မိရပြီး သူတို့တွေကို အပြစ်မတင်ရက်တော့ဘူး။ ဝါးလုံးခေါင်းလေးထဲမှာပဲ ဆယ်စုနှစ်တွေနဲ့ချီပြီး အနေကြာလာတဲ့အခါ ဆရာမြို့မငြိမ်းရေးခဲ့သလို "ခေတ် မီမီ ကမ္ဘာကြည့် ကြည့်မြင်"နိုင်စွမ်းတွေ တိမ်ကောကုန်တာလည်း အင်မတန်မှ သဘာဝကျလှပါတယ်။

**တိမ်ချက် ဥပမာ**

ပြီးခဲ့တဲ့တနင်္လာ (မေ ၁၂ရက်) ညနေက ဆရာသာခုရဲ့ မြေး၊ ဆရာသုမောင်ရဲ့ သားကြီး ဩရသ အဆိုတော် "ဖိုးသောကြာ" စာအုပ်မျက်နှာစာမှာ ရင်ဖွင့်ထားတဲ့ စာရှည်ကြီး ဖတ်လိုက်ရတယ်။ သူရေးထားတာကို အနှစ်ချုပ် ရရင်တော့ သူ့ကို ကြံ့ဖွံ့လူလို့ သူ့နောက်ကွယ်မှာ ပြောနေကြတယ်၊ သူသည် ကြံ့ဖွံ့လူလည်း မဟုတ်၊ ဒီချုပ်လူလည်း မဟုတ်တဲ့ အနုပညာသည်။ ဘယ်အစိုးရလက်ထက်မှာမှ ဖုန်းတစ်လုံး၊ မြေတစ်ကွက် မတောင်းခဲ့ဖူး၊ အနုပညာသည် ဆိုတာ မင်း (အစိုးရ) နဲ့ လူထုရဲ့ အသုံးတော်ခံ။ အနုပညာသည်ဆိုတာ ဘယ်အစိုးရပဲဖြစ်ဖြစ်၊ အစိုးရကခိုင်းရင် လုပ်ရသူတွေ။ အရင် အစိုးရကို မုန်းပြ၊ အခု အာဏာရပါတီအမှတ်အသားပါတဲ့ အင်္ကျီဝတ်ပြမှ တိုင်းပြည်ချစ်တာ မဟုတ်ဘူး စသဖြင့် ဖြစ်ပါလိမ့်မယ်။

အဆုံးသတ်က သူ့စကားကိုတော့ အရင်းအတိုင်း ကူးပြလိုက်ချင်ပါတယ်။

"ရှင်းရှင်းပြောရရင် NLD ကပဲဖြစ်ဖြစ်၊ ကြံ့ခိုင်ရေးကပဲဖြစ်ဖြစ်၊ ဘယ်ပါတီကပဲဖြစ်ဖြစ်၊ စစ်သားပဲဖြစ်ဖြစ်၊ စီးပွားရေးသမားပဲဖြစ်ဖြစ် ကျနော့်စိတ်ထဲမှာ အားလုံး လူတွေချည်းပဲ။ ကျနော့်ကို ချစ်ရင် ကျနော် ပြန်ချစ်မှာပဲ။ ပုဂ္ဂိုလ်ရေးက ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေးက နိုင်ငံရေးပဲ။ ကြံ့ဖွံ့ ပါတီဝင်တစ်ဦးဦးက ကျနော့်ကို ချစ်ပါတယ်ဆိုတာကို ကျနော်က မုန်းလို့ ရပ့ါမလား။ အဲလိုပဲ NLD ပါတီဝင်တစ်ဦးဆိုရင်ရော ကျနော် မုန်းလို့ရပ့ါမလား။ ကျနော် ဘယ်သူ့ကိုမှ မမုန်း၊ ကျနော့်ကို မုန်းလည်း ကျနော်ပြုံးပြုံးပါပဲ။ မြန်မာတွေများ နိုင်ငံရေး အမြင်မတူလည်း ရန်ဖြစ်ကြတယ်။ မိတ်ဆွေတွေ စိတ်ဝမ်းကွဲ ကြတယ်။ အေး. . . ကိုယ်ရဲ့ မိတ်ဆွေတစ်ယောက် လျော့သွားတာပဲရှိမယ်။ သူရို့က အနေသာကြီး-

တစ်ခုခုကြောင့် သည်လူငယ်လေး စိတ်ပေါက်ပေါက်နဲ့ ရေးလိုက်တာဖြစ်မှာပါ။ ဒါပေသည့် သူ့စာက လက်ရှိ အခြေအနေကို ထင်ဟပ်နေတယ်။ ကျွန်တော်တို့ နိုင်ငံအတွက် ရင်လေးစရာလည်း သိပ်ကောင်းနေပါတယ်။

**နဖူးပေါ် လက်တင်ပြီး သေချာစဉ်းစား**

လက်ရှိအခြေအနေက သူ့စာထဲမှာပါသလို အများစုက "စိတ်ဝမ်းကွဲ" နေကြပါတယ်။ ဘာကြောင့်လဲဆိုတော့ "ဘက်" ပြဿနာပါ။ ကိုယ်နဲ့ ဘက်မတူရင် ရန်သူ လုပ်နေကြပါတယ်။ ထိုးနှက်တိုက်ခိုက်ဖို့လည်း ဝန်မလေးဘူး။ ဒါက သဘာဝ။ ဒါပေမယ့် ဘယ်ဘက်မှ မပါသူတွေကိုပါ ရန်ရှာကြတယ်။ ထိုးနှက်နေကြတယ်။ သူတို့ဘက်ကို ပါကို ပါရမယ်။ မပါရင် ဟိုဘက်ကပဲဆိုတဲ့ ခပ်တိမ်တိမ် အမြင်စရိုက်နဲ့ တိုက်ခိုက်နေကြတာတွေ မြင်မကောင်းဘူး။

တစ်ခုတော့ ပြောကြည့်ချင်တယ်ဗျာ။ လွန်ခဲ့တဲ့ ၅၄ နှစ်တာအတွင်း သည်နိုင်ငံထဲမှာ နေထိုင်ခဲ့ရသူ နိုင်ငံသားတွေအနက် အစိုးရနဲ့ ပေါင်းစား၊ ရိုက်စားသူတွေရယ်၊ ထိပ်ပိုင်းက အာဏာလက်ဝယ်ဆုပ်ကိုင်ခဲ့ဖူး သူတွေရယ် ပေါင်းထားတဲ့ လက်တစ်ဆုပ်စာက လွဲရင် ကျန်တဲ့သူ အားလုံးက အဆက်ဆက်သော အစိုးရမင်းများရဲ့ ဘက်ပေါင်းစုံကပေးတဲ့ ဒဏ်ကို ရင်စည်းခံခဲ့ရသူချည်းပါ။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဘက်ပေါင်းစုံမှာ ချာတူးလန်နေခဲ့တာမို့ အီစလံဝေနေရသူချည်းပါပဲ။ ဘယ်သူ့ဘယ်သူမှ သူသာတယ်၊ ကိုယ်နာတယ် ပြောနေလို့ မရပါဘူး။

**ပါတီတွေကို စိတ်မဝင်စားရင် ရန်သူလား**

သို့ပေမယ့် သည်လူတွေထဲမှာပဲ ကိုယ့်သန်ရာသန်ရာနဲ့ နေကြသူချည်းဖြစ်ပါတယ်။ ဥပမာ ဗမာဖြစ်ပေမယ့် ရှမ်းပါတီကို သဘောကျချင် ကျနေနိုင်တယ်။ ဒါမှမဟုတ်ဘဲ ဘယ်ပါတီကိုမှ စိတ်မဝင်စားသူရော မရှိနိုင်ဘူးတဲ့လား။ အများကြီးပေါ့ဗျာ။

ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးဖြစ်တဲ့ အမေရိကန်လိုနိုင်ငံမှာတောင် ဘယ်ပါတီမှ စိတ်မဝင်စားသူတွေက လူထုရဲ့ ထက်ဝက်မကဘူး။ သာဓကကတော့ ၂၀၁၄ ခုနှစ် သက်တမ်းလယ် ရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံးက မဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ ၃၆ ဒသမ ၃ ရာခိုင်နှုန်းကသာ မဲပေးခဲ့ပါတယ်။ လူတစ်ရာမှာ ၃၆ ယောက်လောက်ကပဲ ပါတီတွေကို စိတ်ဝင်စားတာပါ။

ပါတီတွေကို စိတ်မဝင်စားတာနဲ့ပဲ အဲဒီ့လူဟာ တိုင်းပြည်ကို မချစ်သူ၊ တိုင်းပြည်အပေါ် သစ္စာဖောက်သူ ဖြစ်သွားရောတဲ့ လားဗျာ။ တကယ့်ကို ရိုးစင်းတဲ့ ဆင်ခြင်မှုဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိမှာ တစ်ပြည်လုံးရဲ့ အများစု မဟုတ်ပေမယ့် လူမှုမီဒီယာပေါ်မှာ တွေ့နေရတဲ့ အများစု၊ မြို့ကြီးများနေ အများစုနဲ့ နိုင်ငံခြားမှာ အခြေချနေထိုင်နေတဲ့ ရွှေမြန်မာ အများစုရဲ့ စိတ်အခံမှာတော့ သူတို့စိတ်ဝင်စားတဲ့အတိုင်း လိုက်စိတ်မဝင်စားသူကို ဆဲရေးဖို့၊ ထိုးနှက်တိုက်ခိုက်ဖို့ တစက်ကလေးမှ ဝန်မလေးကြတာကို မြင်နေရပါတယ်။ တိုင်းပြည်အတွက် အင်မတန် ရင်လေး စရာ ကောင်းပါတယ်။

**ပြောလိုက်ပါပေရဲ့ဗျာ**

တိုင်းပြည်အတွက် ရင်လေးစရာ ကောင်းဆို ဖန်တစ်ရာတေနေတဲ့ ဆိုရိုးအတိုင်း "နွားကွဲရင် ကျားဆွဲ"ခံရမှာ မို့ပါပဲ။ နွားတွေမှာက ကျားနဲ့ယှဉ်ရင် အစွမ်းမရှိဘူး။ တစ်ကောင်ချင်းသာဆိုရင် ကျားနဲ့ အားချင်းမမျှပါဘူး။ အချင်းချင်း စည်းစည်းလုံးလုံး ရှိနေမှ ကျားဆွဲမခံရမှာပါ။ ကျွန်တော်တို့ သာမန်လူထုမှာလည်း တစ်ဦးချင်းဆိုရင် ဘာအစွမ်းမှ မရှိပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ ရာစုရှေ့ပိုင်းကာလများမှာ စည်းလုံးခဲ့ကြတဲ့အတွက် နယ်ချဲ့ကျားကြီးကို တွန်းလှန်နိုင်ခဲ့ ကြတာလည် အထင်အရှားပါပဲ။

နိုင်ငံတနိုင်ငံရဲ့ သမိုင်းမှာ ငါးနှစ်၊ ဆယ်နှစ်ဆိုတဲ့ ကာလဟာ ဘာမှ မပြောပလောက်ပါ ဘူး။ ရေတိုလေးကိုပဲ ကြည့်ပြီး စိတ်ဝမ်းကွဲနေကြမယ်ဆိုရင် ရေရှည်မှာ ဒိုင်စားသွားမယ့်အရေးကိုလည်း ကြိုမြင်တတ်ကြဖို့ လိုတယ်လို့ မြင်မိပါတယ်။

အချင်းချင်း ထိုးနှက်တိုက်ခိုက်နေတာ အားမစိုက်ရဘူးလား ခင်ဗျာ။ လူမှုမီဒီယာကနေ ထိုးနှက်တိုက်ခိုက်တယ်ပဲထားဦး။ အချိန်ပေးရတယ်၊ အင်တာနက်ဖိုး ပေးရတယ်၊ ဓာတ်အားခ ရှိတယ်။ အဲဒါတွေထက် အရေးကြီးတာက အာရုံစိုက်ရတာပါ။ ကိုယ့်အာရုံက ကိုယ်ထိုးနှက်လိုသူ၊ ကိုယ်ကြည့်မရသူ၊ ကိုယ်နဲ့ စိတ်ဝင်စားမှုကွဲပြားသူ အပေါ်ပဲ ရောက်နေပါတယ်။ ဘာအတွက် သူ့ကို အာရုံထားနေတာပါလဲ။ သူမှန်မှန်၊ သူမှားမှား သူ့လမ်း သူသွား၊ သူ့တရားက သူ့ကို စီရင်ပါလိမ့်မယ်။ ကိုယ်က တကယ့်ကို အနေသာကြီးပါ။ ဒါကိုမှ ကိုယ်က သူ့အပေါ် အာရုံထားလို့ ဟိုတစ်ဖက်သားက အလုံးအရပ် လျော့သွားမှာ မဟုတ်ပေမယ့် ကိုယ်ကတော့ အလုပ်ပျက်နေတာလေးကို မြင်သင့်ကြပါတယ်။ သူတစ်ပါးအပေါ် အာရုံများနေခဲ့တာမို့ ကိုယ့်အတွက် ဝမ်းစာဖြည့်ဆည်းရမယ့်ဘက်မှာ အများကြီး လစ်ဟာသွားမှာ မလွဲပါဘူး။

**ခါချဉ်ကောင်အဖြစ်နဲ့ အရိုးထုတ်ကြတော့မှာလား**

ကိုယ့်ဝမ်းစာ ကိုယ့်ဘာသာ ဖြည့်မထားရင်၊ ကိုယ့်အရည်အချင်း ကိုယ်တိုးတက်အောင် လုပ်မထားရင် အရေးကျ တိုင်းပြည်ကို ချစ်လှပါချည်ရဲ့လို့ အသံပြာအောင် အော်ခဲ့လေသမျှအလဟဿ ဖြစ်နေတော့မှာပါ။ မာန်ကြီးတဲ့ ခါချဉ်ကောင်ဘဝမှာသာ ဆက်နေသွားကြရမှာပါ။

"သွေးခွဲပြီး အုပ်ချုပ်တယ်"ဆိုတဲ့ နယ်ချဲ့တို့ရဲ့ ကျင့်ထုံးကို လူတိုင်းကြားဖူးမယ် ထင်ပါတယ်။ အဲဒီ့အစဉ်အလာကြီးက ရှေ့က နှစ်ပေါင်း ၅၀ ကျော်အတွင်းမှာလည်း တွင်ကျယ်နေခဲ့သေးတာကို မမေ့သင့်ပါဘူး။ ငါနဲ့မတူ ရန်သူဆိုတဲ့ စိတ်ဓာတ်ကြီးကို အခိုင်အမာ ကိုင်စွဲပြီး ဟိုလူ့ ရန်လုပ်လိုက်၊ သည်လူ့ ထဆဲလိုက် လုပ်နေခြင်းဟာ ဆရာကြိုက်အောင် မျက်ဖြူဆိုက်ပြနေမိတာပဲဆိုတာလောက်ကလေးကို အားလုံး တွေးမိကြစေချင်ပါတယ်။

ကိုယ်နဲ့ သဘောထားချင်း မတူ၊ စိတ်ဝင်စားမှုချင်း မတူ၊ အယူဝါဒချင်း မတူပေမယ့် သူသည်လည်း ကိုယ့်လိုပဲ အီစလံဝေနေအောင် ခံနေရသူ လူအများထဲက တယောက်ပါလားဆိုတာလောက်လေးကို မြင်နိုင်ပြီး သူ့အပေါ် ကိုယ့်အာရုံတွေ သိပ်မထားမိတော့တာနဲ့ တပြိုင်နက် ကိုယ့်အတွက်ကိုယ် အများကြီး ပိုလုပ်လာနိုင်တော့မှာပါ။ အများစုထဲက တစ်ဦးချင်းစီသာ အဲသလို အစဉ်တစိုက်လုပ်နိုင်သွားကြမယ်ဆိုရင်တော့ အနာဂတ်က လှနေတော့မှာ လည်း မလွဲပါဘူး။

အဲလိုမှ မဟုတ်ဘဲ သူတစ်ပါးကိုပဲ နင်းကန် မဲနေကြမယ်ဆိုလည်း သဘောတော်မြတ်များအတိုင်းပါပဲ။ အဲသလို အချင်းချင်းသာ မဲလို့ ကောင်းနေတာမို့ ကွဲစရာရှိရင် တစ်ပြည်လုံးကွဲမယ်ဆိုတာလည်း မေ့လျော့တော်မမူကြပါနဲ့လို့ ဇွတ်မှိတ် ပြောလိုက်မိရပြန်ပါပြီ။ အားလုံး တွေးဆ ဆင်ခြင်ကြည့်နိုင်ကြပါစေခင်ဗျား။

> ပါတီတွေကို စိတ်မဝင်စားတာနဲ့ပဲ အဲဒီ့လူဟာ တိုင်းပြည်ကို မချစ်သူ၊ တိုင်းပြည်အပေါ် သစ္စာဖောက်သူ ဖြစ်သွားရောတဲ့ လားဗျာ။ တကယ့်ကို ရိုးစင်းတဲ့ ဆင်ခြင်မှုဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိမှာ တစ်ပြည်လုံးရဲ့ အများစု မဟုတ်ပေမယ့် လူမှုမီဒီယာပေါ်မှာ တွေ့နေရတဲ့ အများစု၊ မြို့ကြီးများနေအများစုနဲ့ နိုင်ငံခြားမှာ အခြေချနေထိုင်နေတဲ့ ရွှေမြန်မာ အများစုရဲ့ စိတ်အခံမှာတော့ သူတို့စိတ်ဝင်စားတဲ့အတိုင်း လိုက်စိတ်မဝင်စားသူကို ဆဲရေးဖို့၊ ထိုးနှက်တိုက်ခိုက်ဖို့ တစက်ကလေးမှ ဝန်မလေးကြတာကို မြင်နေရပါတယ်။ တိုင်းပြည်အတွက် အင်မတန် ရင်လေးစရာကောင်းပါတယ်။



## တပ်ကုန်းမြို့၌ မဟာသင်္ကြန်ကာလ စတုဒိသာအဖြစ် ထမင်းကျွေးမွေး

**တပ်ကုန်း မေ ၁၅**

နေပြည်တော် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်၊ နယ်မြေ(၁၀)၊ အောင်မာဃလမ်းပေါ်တွင် သင်္ကြန်အကျ၊ ပထမအကြတ်၊ ဒုတိယအကြတ်၊ အတက်နေ့အထိ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ မြန်မာ့ ရိုးရာမဟာသင်္ကြန် ရေပက်ခံထွက်သူများ၊ ရေလောင်းသူများနှင့် ရပ်ကွက်အတွင်းအိမ်ထောင်စုများအား စေတနာရှင် ဦးဝင်းရွှေ-ဒေါ်မြင့်မြင့်သိန်းမိသားစုတို့မှ ငါးခြောက်နှပ်၊ ပဲဟင်း၊ အချဉ်သုပ်များဖြင့် စတုဒိသာအဖြစ် တစ်နေကုန်ကျွေးမွေးဧည့်ခံလျက်ရှိသည်။

"ကျွန်မတို့က တစ်နေ့ကို ဆန်၊ ငါးခြောက်၊ ပဲများကို ဘယ်လောက်ကုန် ကျွေးမွေးမယ်လို့ သတ်မှတ်ထားခြင်းမရှိပါဘူး။ ရေပက်ခံထွက်သူ၊ ရေလောင်းသူနှင့် ရပ်ကွက်အတွင်း အိမ်ထောင်စုများမှ ဧည့်ပရိသတ်တွေလာရင် လာသလောက်ကျွေးတာဖြစ်ပါတယ်။ သင်္ကြန်အကျနေ့ကထက် နောက်ရက်တွေက ပိုမို ချက်ပြုတ်ကျွေးမွေးရပါတယ်"ဟု သင်္ကြန်အတွင်း စတုဒိသာထမင်းကျွေးမွေးသည့် စေတနာရှင်မိသားစုဝင်တစ်ဦးက ပြောပြသည်။

**တင်စိုးလွင်**

# အနားယူ အပန်းဖြေနိုင်သော ကယားပြည်နယ်က ထီးစဲခါးရေတံခွန်



ကယားပြည်နယ်က ထီးစဲခါးရေတံခွန်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ချောင်းဖျားခံပြီး ကယားပြည်နယ် လွိုင်ကော်ခရိုင် ထီးစဲခါးကျေးရွာအနီးဖြတ်သန်းသော ဘီလူးချောင်းအတွင်းစီးဝင်သည်။ ထီးစဲခါး ရေတံခွန်တွင် ယခုနှစ်ခါသင်္ကြန်တွင် အကြိုနေ့မတိုင်မီကပင် လူများ စည်ကားနေသည်။

သဘာဝကျောက်စက်ရေများဖြင့် နိစ္စဓူဝစီးဆင်းနေသောရေထုက ဘီလူးချောင်းမှ သံလွင်မြစ်ထဲသို့စီးဆင်းသော ရေတံခွန်ဖြစ်၍ PH-7 အပြည့်အဝရှိပြီး ခါသင်္ကြန်မတိုင်မီ တစ်လကပင် စားသောက်ဆိုင်၊ အမှတ်တရဆိုင်နှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်ကြသည်။

ထီးစဲခါးရေတံခွန်မှာ လွိုင်ကော်-ဆီဆိုင်-တောင်ကြီး သွားကားလမ်း၏ ၁၇ မိုင်အကွာ ကားလမ်းမှ ရေတံခွန်သို့ နှစ်မိုင်ခန့်ဝေးသည်။ ထီးစဲခါးကျေးရွာအနီး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ် နယ်နိမိတ်ခွဲခြားရာ ချောင်းကလေး၏နံဘေး၌ တည်ရှိသည်။

ထီးစဲခါးရေတံခွန်သည် ပြင်ဦးလွင်ပွဲကောက်ရေတံခွန်ကဲ့သို့ အမြင့်ငါးပေကျော်ရှိပြီး ၁၂ လရာသီ ရေမပြတ်စီးဆင်းသောရေတံခွန်ဖြစ်ပြီး ပတ်ဝန်းကျင်တွင် အရိပ်အာဝါသကိုပေးနိုင်သော ကုက္ကို၊ သရက်၊ ပိန္နဲ၊ တမာပင်များအုံ့ဆိုင်းပြီး အလားတူ ရေတံခွန်ငါးခုက လာရောက်သောဧည့်သည်များကို အပန်းဖြေရေချိုး၊ ရေကစား၊ ရေကူး၊ ဘောကွင်းစီးသူများဖြင့် အမြဲစည်ကားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သဘာဝတောတောင်လျှိုမြောင်ကြားမှ သဘာဝတောင်ကျရေကြည်က အေးမြပြီး ကျောက်တုံး၊ ကျောက်ခဲများဖြင့်ဝန်းရံထားရာ ရေချိုးသူ၊ ရေငုပ်နေသူတို့ကိုပင် မြင်တွေ့ရအောင် ရှုံ့နှံ့များကင်းစင်နေသည်။

ခါသင်္ကြန်ရက် အကြို၊ အကျ၊ အကြတ်၊ အတက်နှင့် နှစ်ဆန်းတစ်ရက်များတွင်ပင် မြန်မာပြည်တစ်နံ တစ်လွှားမှ လာရောက်လည်ပတ်ကြသူများ၊ လွိုင်ကော်နှင့် ဖယ်ခုံမြို့နယ်များမှ အပန်းဖြေဧည့်သည်တော်များ၊ ကမ္ဘာလှည့်နိုင်ငံခြားသား ဧည့်သည်များဖြင့် ကြက်ပျံမကျ စည်ကားလှသည်။

ခါသင်္ကြန်ရက်မတိုင်မီကပင် လူတစ်ထောင်ကျော် လာရောက်အပန်းဖြေရေချိုးကြပြီး ရေတံခွန်အနီးရှိ စားသောက်ဆိုင်များတွင်စားသောက်ကြသည်။ အမှတ်တရပစ္စည်းလက်ဆောင်၊ အဝတ်အထည်များကို ဝယ်ယူအားပေးကြသည်။

ထီးစဲခါးရေတံခွန်အနီးဝဲယာမှ တောင်ယာလုပ်သားများက ခါသင်္ကြန်ပွဲမတိုင်မီကပင် မိမိတို့လယ်ယာမြေများကိုမစိုက်ပျိုးဘဲ ရှေ့မျက်နှာစာ ၁၀ ပေ၊ နောက် အကျယ် ၂၅ ပေခန့်တွင် ငွေကျပ်နှစ်သောင်း၊ သုံးသောင်း၊ လေးသောင်းထိ နေရာအမျိုးအစားအလိုက် ဆိုင်ခန်းနေရာပေးကြရသည်။ မြေအနေအထားအရ ဆိုင်ခန်းပေါင်း ၅၀ ကျော်သာရနိုင်သဖြင့် ဆိုင်ခန်းရလိုသူများက ခါသင်္ကြန်ပွဲရက်ပြီးလျှင် နောင်နှစ်ဆိုင်ဖွင့်နိုင်ရန် ကြိုတင်ငွေပေးဆောင်၍ ဆိုင်သိမ်းပြန်ကြရသည်။

ယခု ခါသင်္ကြန်ရက်တွင် ထီးစဲခါးရေတံခွန်ကို လူသိပိုမိုများပြားလာပြီး အဝေးမှအပန်းဖြေသူများ ပိုမိုလာကြသည်။ တောင်ကြီး၊ အင်းလေး၊ ညောင်ရွှေ၊ လွိုင်ကော်၊ ဖယ်ခုံ၊ ဒီးမော့ဆို၊ ဖရူးဆိုး၊ ရှားတော၊ ဘောလခဲ၊ ဖားဆောင်၊ မယ်စဲ၊ ရွာသစ်၊ မိုးဗြဲတို့မှဧည့်သည်များက ရန်ကုန်-မန္တလေး အပန်းဖြေစခန်းတွင် တစ်ထောက်နား၍ လည်ပတ်ကြသည်။ အပန်းဖြေကြသည်မှာ ခါသင်္ကြန်ရက်အတွင်း နေ့စဉ်လူတစ်သောင်းခန့်ရှိသည်။

ခါသင်္ကြန်ရက်အတွင်း ထီးစဲခါးရေတံခွန်သို့ လာရောက်၍ အယ်နီညိုအပူလှိုင်းကို ရှောင်တိမ်းကြသူများက ရေကူးပြီးဘောကွင်းစီးနိုင်ရန် ဘောကွင်းငှားရမ်းသူအုပ်စုသုံးစုက ဘောကွင်းတစ်ခုကို တစ်နာရီလျှင် တစ်ထောင်ကျပ်နှုန်းဖြင့်ငှားရမ်းကြရာ နေ့စဉ်ဝင်ငွေသုံးသောင်းကျော်ရသည်။ တစ်နာရီသတ်မှတ်ချိန်ထက်ပိုသွားပါက အပိုဆောင်းကြေးတစ်ထောင်ပေးဆောင်ကြရသည်။ ဘောကွင်းစီးသူများသော ခါသင်္ကြန်ရက်တွင် ဘောကွင်းကိုပင်စောင့်၍ အလှည့်ကျစီးနေကြရသည်။ ဘောကွင်းငှားရမ်းသူသုံးဦးမှာ လက်မလည်အောင် ငှားရမ်း နေရသည်။

ထီးစဲခါးရေတံခွန်ကိုဖြတ်ကျော်ရာ ချောင်းငါးခုတွင် ဖြတ်ကူးတံတားမှာ သစ်သားတံတားဖြစ်ပြီး ဖြစ်သလိုဆောက်၍ နှစ်စဉ်စည်ကားနေသော ခါသင်္ကြန်ပေါင်းများစွာကိုဖြတ်ကျော်ခဲ့ရာ သက်ဆိုင်ရာ လယ်ပိုင်ရှင်များက ခိုင်ခံ့ကြံ့ခိုင်သောအုတ်တံတားကိုတည်ဆောက်၍ အပန်းဖြေဧည့်သည်များအဆင်ပြေမှုကို ဆောင်ရွက်သင့်ပါကြောင်း အကြံပြုချင်ပါသည်။ သစ်သားတံတားမခိုင်ခံ့၍ လူအသွားအပြန် စောင့်နေကြရသည်။

ယခုနှစ် ခါသင်္ကြန် အကြတ်နေ့နှင့် အတက်နေ့များတွင် ရေချိုးသူ၊ ဘောကွင်းစီးသူ၊ အပန်းဖြေ စားသောက်လာကြသူ၊ မိသားစုပျော်ပွဲစားထွက်သူနှင့် မူလမင်းကွန်းဇေတဝန် သာသနာ့မာန်အောင်စေတီတော်မြတ်နှင့် ဓမ္မာရုံများတွင် တရားထိုင်သူ၊ တရားဘာဝနာပွားများ သူများဖြင့် အထူးစည်ကားနေသည်။

ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားဧည့်သည် အင်္ဂလန်၊ ဆွီဒင်၊ နော်ဝေနှင့် ထိုင်းနိုင်ငံတို့မှအပန်းဖြေသူများလည်း မြင်တွေ့ကြရသည်။ ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားသားဧည့်သည်များကို ရှမ်း-မြန်မာ-အင်္ဂလိပ် သုံးဘာသာကျွမ်းကျင်သော ပြည်တွင်းပြည်ပသာသနာပြုဆရာတော် ဘဒ္ဒန္တပဏ္ဍိတက အထူးဧည့်ခံပြီး ထမင်းဟင်းနှင့် အဖျော်ရည်များကိုတိုက်ကျွေးကာ ကုသိုလ်ရယူခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ ဆောင်ရွက်လျက်ရှိရာ အချိန်အခါမရွေး ထီးစဲခါးရေတံခွန်သို့ လာရောက်လည်ပတ်ကြခြင်းဖြင့် အပန်းဖြေကြရန် ဆရာတော်နှင့် ရှမ်း၊ ကယား၊ ကယန်းတိုင်းရင်းသားများက ‘အိမ်သာ၍ ဧည့်လာသည်’ ထုံးကိုနှလုံးမူလျက် စောင့်မျှော်နေကြကြောင်း သတင်းကောင်းပါးလိုက်ရပါပြီ။

ထီးစဲခါးရေတံခွန်သည် ကမ္ဘာလှည့်ဧည့်သည်များအတွက် စိတ်ကြိုက်ဖြစ်နိုင်သောနေရာအဖြစ် နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း ဒေသခံတိုင်းရင်းသားသွေးချင်းတို့က လိုလားတောင်းဆိုနေပါပြီ။

**မြန်ဂုဏ်ဆောင်**

**ထီးစဲခါးရေတံခွန်သည် ကမ္ဘာလှည့်ဧည့်သည်များအတွက် စိတ်ကြိုက်ဖြစ်နိုင်သောနေရာအဖြစ် နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်သွားရန် လိုအပ်နေပြီ...**



ပေါက်မြို့ပေါ်တွင် မြို့လယ်ဗဟိုရေကစားမဏ္ဍပ်မရှိသော်လည်း ရပ်ကွက်အလိုက်အိမ်ရှေ့ရေကစားမဏ္ဍပ်များတွင် ရေကစားခြင်း၊ စတုဒိသာကျွေးမွေးဧည့်ခံခြင်းများကို မဟာသင်္ကြန်အကြတ်(ဒုတိယ)နေ့ မေ ၁၅ ရက်တွင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့ ရေကစားမဏ္ဍပ်တွင် ရေလောင်းရေပက်ခံ ပရိသတ်များကိုရုံးဝန်ထမ်း များစုပေါင်း၍ မုန့်လုံးရေပေါ်များဖြင့် ကျွေးမွေးဧည့်ခံခြင်း၊ ရွှေမင်းသားစတိုးဆိုင်ရှေ့ ရေသဘင်မဏ္ဍပ်တွင် တပင်တိုင် မုန့်ဟင်းခါးများဖြင့်ကျွေးမွေးဧည့်ခံခြင်းနှင့် နယူးမုန့်တိုက်ရှေ့တွင်သာကူများဖြင့် ကျွေးမွေးဧည့်ခံလျက်ရှိကြောင်းသိရသည်။

**ညဏ်တိုး(ပေါက်)**

## မုံရွာတွင် နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ဘုရားဖူးကားအဝင်များ အိန္ဒိယကုန်ပစ္စည်းရောင်းချသူများ အဆင်ပြေ

**မုံရွာ မေ ၁၆**

မြန်မာတို့၏ နှစ်သစ်ကူးအခါသမယတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးကားများ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ လာရောက်လည်ပတ်မှုများပြားသဖြင့် အိန္ဒိယကုန်ပစ္စည်းရောင်းချသည့် အရောင်းဆိုင်များ ရောင်းချရမှု ကောင်းမွန်ပြီး လတ်တလောတွင် အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ကျွန်မတို့ မုံရွာကို အနယ်နယ်အရပ်ရပ်ကလာတဲ့ ဘုရားဖူးတွေ အပြန်မှာ အသုံးပြုဖို့နဲ့ လက်ဆောင်ပေးဖို့ အိန္ဒိယကုန်တွေဖြစ်တဲ့ အမျိုးသားနဲ့ အမျိုးသမီးဝတ် လုံချည်၊ စွပ်ကြယ်၊ စောင်၊ တစ်ဘက်၊ အင်္ကျီစ၊ အလှကုန်နှင့် စားသောက်ကုန်ပစ္စည်းတွေကို အဓိကဝယ်ကြတာများပါတယ်။ လူကြီးပိုင်းတွေဆိုရင် အမွှေးတိုင်ဘူး တစ်ချို့ကလည်း အိန္ဒိယကလာတဲ့ စတီးပစ္စည်းတွေကို မက်မက်မောမောနဲ့ ဝယ်ယူကြတာတွေရှိပါတယ်။ အောက်ပြည်အောက်ရွာနဲ့စာရင် ဒီမှာက ပစ္စည်းနဲ့ ဈေးနှုန်းမှန်ပါတယ်။ တစ်ချို့ပစ္စည်းတွေကျတော့လည်း အိန္ဒိယငွေကျပ် တန်ဖိုးကိုလိုက်ပြီး ဈေးအတက်အကျ ရှိပါတယ်။ ဆိုင်မှာရောင်းချတဲ့ ပစ္စည်းတွေကို အိန္ဒိယနယ်စပ် မိုးရေးတို့ တမူးမြို့တို့ကနေ ဒီအထိ တိုက်ရိုက်သယ်ယူရောင်းချပါတယ်။ လတ်တလောကာလမှာ နှစ်သစ်ကူးအားလပ်ရက်ရှည်များကြောင့် ဟိုင်းဝေးခရီးသည်ကားတွေ အဝင်များပြီး အရောင်းအဝယ် ကောင်းပါတယ်”ဟု မုံရွာမြို့မှ အိန္ဒိယကုန် ပစ္စည်းရောင်းချသူတစ်ဦးက ပြောကြားသည်။

အဆိုပါ အိန္ဒိယကုန်ပစ္စည်းများအဖြစ် အဝတ်အထည်နှင့် လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်ပစ္စည်းများ မုံရွာမြို့တွင် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးကားများ ညအိပ်ရပ်နားသည့် ညပိုင်းတွင် အိန္ဒိကုန်ပစ္စည်းမျိုးစုံ ပိုမို၍ ရောင်းအားကောင်းကြောင်း သိရှိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကမ္ဘာ့ငြိမ်းချမ်းရေး မြန်မာက ပေးမည်

ကိုရင်ဩ



ကုလသမဂ္ဂအဖွဲ့ကြီး၏ အတွင်းရေးမှူးချုပ်အသစ်ကို ရွေးချယ်တင်မြှောက်နိုင်ရန် အမည်စာရင်းတင်သွင်းမှု လုပ်ငန်းစဉ်စတင်ပြီဟု နိုင်ငံတကာ သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေရာ ကမ္ဘာ့မိသားစုအဖွဲ့အစည်းကြီး ခေါင်းဆောင်အပြောင်းအလဲ ပြုလုပ်ရန်အချိန်တန်လေပြီဟု ကျွန်ုပ်တွေးတောမိလေသည်။

ကုလသမဂ္ဂ၏ နှစ် ၇၀ သမိုင်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးနေရာအတွက် အမည်စာရင်း တင်သွင်းခံရသူများအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးက မေးမြန်းခွင့်ပြုမည်ဖြစ်ရာ အစဉ်အလာအရ လျှို့ဝှက်မှုရှိသော ရွေးချယ်ရေးလုပ်ငန်းစဉ်မှာ ပိုမို၍ ပွင့်လင်းမြင်သာမှုရှိလာပြီဟု ဆိုနိုင်ပေလိမ့်မည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ ရာထူးနေရာကို ဆက်ခံမည့်သူ ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် လွန်ခဲ့သည့် နှစ်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် နိုင်ငံအများအပြားက တောင်းဆိုခဲ့ကြခြင်း၏ အကျိုးရလဒ်ဖြစ်လေသည်။

**သမိုင်းကြောင်း**

ကုလသမဂ္ဂဟူသော အမည်သည် ၁၉၄၂ ခုနှစ် ကုလသမဂ္ဂ ကြေညာစာတမ်းတွင် ဝင်စတန်ချာချီနှင့် ရုစဗဲ့တို့က စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ၁၉၄၅ ခုနှစ် ဧပြီ ၂၅ ရက်တွင် ကုလသမဂ္ဂညီလာခံကို ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၅၀ တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂကြေညာစာတမ်းကို အတည်ပြုခဲ့ကြသည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကုလသမဂ္ဂအဖွဲ့ကြီး တရားဝင်ပေါ်ထွန်းခဲ့လေသည်။

ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်ထူထောင်ခဲ့စဉ်က ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် မကြုံစဖူးထူးကဲလှသည့် အပြောင်းအလဲ ကာလတစ်ရပ်ကို ဖြတ်သန်းနေရချိန်ဖြစ်သည်။

ထူးကဲလှသည့် အပြောင်းအလဲကာလဟူသည်ကား မငြိမ်းချမ်းသော ကမ္ဘာကြီးအဖြစ်မှ ငြိမ်းချမ်းသော ကမ္ဘာကြီးအဖြစ်သို့ တည်ဆောက်ရန်ဟူသည့် ကြီးမြတ်ထည်ဝါသော ရည်မှန်းချက်နှင့်အညီ ဖြစ်တည်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးလုနီးချိန် ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်တည်ထောင်ခဲ့ကြခြင်းသည် ငြိမ်းချမ်းသော ကမ္ဘာကြီးအဖြစ်သို့ ပြောင်းလဲရေးအတွက် ခြေလှမ်းအစဖြစ်ခဲ့လေသည်။

ဂျာမန်နာဇီများနှင့် ၎င်းတို့ မဟာမိတ်များ၏ နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာကြီးသည် စစ်၏ အနိဋ္ဌာရုံများကို ခါးစည်းကာခံစားခဲ့ရသည်။ ကြောက်မက်ဖွယ်ကောင်းလှသော ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ်ကို ခံစားခဲ့ကြရသူများတွင် မြန်မာပြည်သူတို့လည်း ပါဝင်ခဲ့ကြသည်။ စစ်ကိုအကြောင်းပြု၍ လက်နက်ဘေး၊ ရောဂါဘေးစသည့် ဘေးအမျိုးမျိုးကြုံတွေ့ခဲ့ကြရသည်။

တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိသော ကုလသမဂ္ဂအဖွဲ့ကြီးတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်လှုပ်ရှားလျက်ရှိပေသည်။

**ကမ္ဘာ့ငြိမ်းချမ်းရေး မြန်မာက ပေးမည်**

ကုလသမဂ္ဂအဖွဲ့ဝင် မြန်မာနိုင်ငံသည် နှစ်ကြိမ်တိုင် စစ်ဘေးစစ်ဒဏ်ခံခဲ့ရသော နိုင်ငံဖြစ်သည်။ စစ်ဒဏ်ခံစားခဲ့ရသော မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေး၏ တန်ဖိုးကို အထူးပင် ဦးထိပ်ပန်ဆင်လျက်ရှိသည်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ရာ မြန်မာနိုင်ငံမှ ရဟန်းတော်များသည် ကမ္ဘာအရပ်ရပ်သို့ ကြွကာ လူသားတို့၏ စိတ်ဓာတ်အသိဉာဏ်ယဉ်ကျေးမှု မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းနေကြပုံကို နှစ်သစ်ကူးကာလတွင် ထူးထူးခြားခြားကျွန်ုပ်ဂုဏ်ပြုလိုပါသဖြင့် အမေရိကန်၌ ဗုဒ္ဓအဆုံးအမများ ပျံ့နှံ့စေခြင်း အကြောင်းရပ်ကို တတ်စွမ်းသရွေ့လေ့လာတင်ပြအပ်ပါသည်။

ဗုဒ္ဓဝါဒ အမေရိကန်ပြည်ထောင်စုသို့ စတင်ရောက်ရှိခဲ့ချိန်မှာ ၁၉ ရာစုကုန်ပိုင်းတွင်ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု၌ ဗုဒ္ဓသာသနာစတင်ပြန့်ပွားစေရန် စတင်ကြိုးပမ်းအားထုတ်ခဲ့သူမှာ ဗိုလ်မှူးကြီး ဟင်နရီစတီးလ် အိုးလ်ကော့နှင့် မစ္စစ်ဟယ်လီနာပီထရိုဗာ ဗလာဗာစကီးတို့ဖြစ်သည်။ ဗိုလ်မှူးကြီး အိုးလ်ကော့သည် အမေရိကန်ငွေဝယ်ကျွန်စနစ်တိုက်ဖျက်ရေးစစ်ပွဲတွင် ပါဝင်ခဲ့သူဖြစ်ပြီး နောင်တွင် သီအိုဆိုဖီ (ခေါ်) တရားကျင့်စဉ်ဖြင့် အသိဉာဏ်မြှင့်တင်ရေးအဖွဲ့ကို ထူထောင်ခဲ့သူဖြစ်သည်ဟု ကင်တပ်ကီတက္ကသိုလ်မှ ပါမောက္ခရောဘတ်တော့မီလာ၏ လေ့လာချက်တစ်ရပ်အရ သိရသည်။

အမေရိကန်၌ ရုပ်ဝါဒ (materialism) လွှမ်းမိုးနေချိန်၌ စိတ်၏ စွမ်းပကားကို နားလည်သိရှိသူများက ဗုဒ္ဓဝါဒကို စတင်လေ့လာလိုက်စားလာကြခြင်းဖြစ်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံ၌ ၁၉၆၀ ပြည့်လွန်ကာလသို့ ရောက်ချိန်အထိ ဗုဒ္ဓဝါဒမှာ အခြေခိုင်မာမှုရှိသည်ဟု မဆိုသာပေ။ ယင်းနိုင်ငံ၌ ဗုဒ္ဓဝါဒမှာ ထိုအချိန်အထိ ကျယ်ကျယ်ပြန့်ပြန့် ရေပန်းစားခဲ့ခြင်း မရှိကြောင်း တွေ့ရှိရသည်။

အမေရိကန်နိုင်ငံ၌ ၁၉၆၀ ပြည့်လွန်နှစ်များမှစတင်ကာ စစ်ဆန့်ကျင်ရေး လှုပ်ရှားမှုအားကောင်းလာခဲ့သည်။ ငွေကြေးကြွယ်ဝချမ်းသာရေးနှင့် ရုပ်ဝတ္ထုပစ္စည်းများဖြင့် ပြည့်စုံရေးဟူသော ရုပ်ဝါဒသမားတို့၏ လောဘစိတ်သည် အမေရိကန် လူ့အဖွဲ့အစည်းကို ဖျက်ဆီးနေသည်ဟု စစ်ဆန့်ကျင်ရေး လှုပ်ရှားသူများက ယူဆလာကြပြီး ငြိမ်းချမ်းရေးကို လိုလားရာမှ ငြိမ်းချမ်းမှုကို ပေးစွမ်းသော ဗုဒ္ဓဝါဒကို လေ့လာလိုက်စားလာကြသည်။

ဗီယက်နမ်နိုင်ငံ၌ အမေရိကန်ဆင်နွှဲနေသော စစ်ပွဲသည် တရားသော စစ်ပွဲမဟုတ်ဟု စစ်ဆန့်ကျင်သူများက ယူဆလာကြပြီး ၎င်းတို့၏ အနောက်တိုင်း ဘာသာရေးထုံးဓလေ့များကို ပယ်စွန့်ကာ ဗုဒ္ဓဘာသာ အယူဝါဒ ဘက်သို့ ဦးလှည့်လာကြခြင်းဖြစ်သည်ဟု ပါမောက္ခ ရောဘတ်တော့မီလာက ပြောကြားသည်။

ရုပ်ဝတ္ထုပစ္စည်းများနှင့် ကာမဂုဏ်အာရုံတို့အပေါ် ခုံမင်တွယ်တာမှုသည် သောကဖြစ်စေသော အကြောင်း တရားဖြစ်ပုံကို သိရှိနားလည်လာကြသည်။

အမေရိကန်ပြည်ထောင်စု တွေ့ကြုံနေရသော ပြဿနာများကို ဖြေရှင်းရာ၌ ဗုဒ္ဓ၏ တရားဓမ္မနည်းလမ်းနှင့်အညီ ဆောင်ရွက်သင့်သည်ဟု စစ်ဆန့်ကျင်ရေးသမားများက ယူဆလာကြသည်။ အမေရိကန်ပြည်ထောင်စုရှိ ပညာရှင်အချို့နှင့် ခေတ်ပညာတတ်များက ဗီယက်နမ်စစ်ပွဲကို အကြောင်းပြု၍ အာရှယဉ်ကျေးမှုအပေါ် စိတ်ဝင်စားလာကြသည်။ ဗုဒ္ဓ၏ အဆုံးအမများအပေါ် တန်ဖိုးထားလေးစားလာကြသည်။ မိမိတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံများသည် ကံတရားအဖြစ် မိမိတို့၏ အနာဂတ်ဘဝကို ကျေးဇူးပြုသည်ဟူသော "ကမ္မနိယာမ" ကို နားလည်လက်ခံလာကြသည်။

အမေရိကန်ပြည်ထောင်စု၌ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်မှု အခြေခိုင်မာလာခဲ့ပြီး တစ်စစဖြင့်ဦးရေ ခြောက်သန်းခန့်အထိ ရောက်ရှိလာခဲ့သည်။ တစ်ချိန်တည်းမှာပင် ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံ ၅၀၀ ကျော်နှင့် ဗုဒ္ဓဘာသာဆိုင်ရာ အဖွဲ့အစည်းပေါင်း ၁၅၀၀ အထိ ရှိလာခဲ့သည်။

အမေရိကန်ပြည်ထောင်စုရှိ ဗုဒ္ဓဘာသာဝင်များအနက် အရေးပါသော အုပ်စုတစ်စုမှာ အာရှနွယ်ဖွား ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများဖြစ်ကြသည်။ အာရှနွယ်ဖွား အမေရိကန်နိုင်ငံသားများသည် ရပ်ဝေးမြေတွင် နေထိုင်ရသော်လည်း မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုတို့ကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကြိုးပမ်းကြသည်။ အာရှနွယ်ဖွားများသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ဘာသာရေးအရ ခိုလှုံစရာနေရာတစ်နေရာအဖြစ် စေတီပုထိုးများနှင့် ကျောင်းကန်ဘုရားများကို တည်ထားကိုးကွယ်ကြသည်။ ဥဒါဟရုဏ်အားဖြင့် ဆီယက်တယ်လ်မြို့တစ်မြို့တည်းမှာပင် အာရှနွယ်ဖွား ဗုဒ္ဓဘာသာဝင်များ၏ ဘုရားကျောင်းကန်များကို ၅၃ နေရာတွင် တွေ့မြင်နိုင်သည်။

အမေရိကန်ပြည်ထောင်စု၌ ဗုဒ္ဓသာသနာထွန်းကား ပြန့်ပွားလာနေပုံကို ထင်ဟပ်နိုင်သော ပြယုဂ်များမှာ ဗုဒ္ဓဘာသာအခြေခံသော စာအုပ်စာတမ်းများကို ရေးသားသူများ၊ ထုတ်ဝေသူများ ပိုမိုများပြားလာခြင်းဖြစ်သည်။

အနောက်တိုင်းသားများ ဗုဒ္ဓဘာသာကို လေ့လာလိုက်စားလာမှုကို ထင်ဟပ်သည့် သာဓကတစ်ရပ်ကို ဆောင်ရလျှင် အင်တာနက်ရှိ World Wide Web ၌ ဗုဒ္ဓဝါဒဆိုင်ရာ အတွေးအမြင်ဆောင်းပါးပေါင်း ၅၅၆ပုဒ်၊ စာအုပ်ပေါင်း ၃၇၄ အုပ်နှင့် အင်တာနက်မှတစ်ဆင့် လွှင့်တင်မှုပေါင်း ၁၅၅၇ မျိုးရှိခြင်း ဖြစ်၏။

၎င်းအပြင် အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်များ၌ ဗုဒ္ဓဘာသာဆိုင်ရာ လေ့လာမှုများကို သင်ကြားပို့ချပေးလျက်ရှိသည်။ အရှေ့တိုင်း အတွေးအခေါ်ဘာသာရပ် အထူးပြု သင်ရိုးညွှန်းတမ်းတွင်လည်းကောင်း၊ အာရှတိုက်၏ ဘာသာတရားများဆိုင်ရာ ဘာသာရပ်အထူးပြု သင်ရိုးညွှန်းတမ်းတွင် လည်းကောင်း ဗုဒ္ဓဘာသာ အယူဝါဒကို ထည့်သွင်းထားသည်။

အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ် ၁၅ ခု၌ ဗုဒ္ဓဘာသာဆိုင်ရာ လေ့လာမှုများကို ပြုလုပ်နိုင်ပြီး ဗုဒ္ဓဝါဒအထူးပြုဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ဆွတ်ခူးရယူသူများရှိလာသည်။

အမေရိကန်ပြည်ထောင်စု၌ ထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်းစသည့် အရှေ့တောင်အာရှနိုင်ငံများမှ ဓမ္မဒူတ ဘိက္ခုများက စွမ်းဆောင်လျက်ရှိကြသည်။

အမေရိကန်ပြည်ထောင်စု၌ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ၏ တရားကျင့်စဉ်များ ပြန့်ပွားအောင်ကြိုးပမ်းခဲ့သူများအနက်အထင်ကရ ပုဂ္ဂိုလ်တစ်ပါးမှာ တောင်ပုလုဆရာတော်ဖြစ်သည်။

တောင်ပုလုကမ္ဘာအေးဘုန်းတော်ကြီးကျောင်းသည် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့အနီးရှိ ဘူလ်ဒါခရိမြို့၌ တည်ရှိသည်။ ယင်းဘုန်းတော်ကြီးကျောင်းတွင် တရားရိပ်သာဖွင့်လှစ်ထားပြီး ဝိပဿနာတရား ကျင့်ကြံအားထုတ်နိုင်ကြသည်။

တောင်ပုလုကမ္ဘာအေးဓမ္မရိပ်သာကို ၁၉၇၈ ခုနှစ်တွင် ထူထောင်ဖွင့်လှစ်ခဲ့သည်။ ယင်းဓမ္မရိပ်သာကို ဖွင့်လှစ်နိုင်ရေးအတွက် ဆရာတော်ဘုရားကြီးအား အကူအညီပေးခဲ့သူမှာ မြန်မာနိုင်ငံမှ အိန္ဒိယနွယ်ဖွား မိသားစုတစ်ခုမှ ပေါက်ဖွားခဲ့သူ ဒေါက်တာရီနာဆာကာဆိုသူ ဒါယိကာမတစ်ဦးဖြစ်သည်။

ရီနာဆာကာသည် ဗုဒ္ဓဘာသာဆိုင်ရာ ဒဿနဗေဒပညာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့ပြီး ကာလီဖိုးနီးယားတက္ကသိုလ်ရှိ ဗုဒ္ဓဘာသာလေ့လာရေးဌာန၏ ညွှန်ကြားရေးမှူးဖြစ်လာခဲ့သည်။ သူမ၏ ပင့်ဖိတ်ချက်အရ တောင်ပုလုဆရာတော်ကြီးသည် အမေရိကန်၌ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်နိုင်ခဲ့သည်။

မရှေးမနှောင်းမှာပင် မဟာစည် ဆရာတော်ဘုရားကြီးသည် အမေရိကန်၌ သာသနာပြုနေသော ဆရာတော် ဦးသီလာနန္ဒ၊ ချမ်းမြေ့ရိပ်သာဆရာတော်တို့နှင့်အတူ အမေရိကန်နိုင်ငံသို့ ဓမ္မဒူတခရီးစဉ် ကြွချီခဲ့ကြသည်။ အမေရိကန် အနောက်ဘက်ကမ်းရိုးတန်းဒေသ၊ မြို့တော်ဝါရှင်တန်ဒီစီနှင့် မက်ဆာချူးဆက်ပြည်နယ်တို့၌ ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားစေရန် ယင်းဆရာတော်ကြီးများ၏ စွမ်းဆောင်ချက်များမှာ အလွန်ပင် အောင်မြင်ခဲ့သည်။

မြန်မာနိုင်ငံမှ ဆရာတော်ကြီးများ၏ ကြိုးပမ်းမှုဖြင့် ကာလီဖိုးနီးယားပြည်နယ်နှင့် မေရီလန်း ပြည်နယ်တို့တွင် ဓမ္မဝိဟာရများ ပေါ်ထွန်းလာခဲ့သည်။

မြန်မာနိုင်ငံမှ စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်၏ ကြိုးပမ်းချက်ဖြင့် ၁၉၉၂ ခုနှစ်တွင် တက္ကဆက်ပြည်နယ် အော်စတင်မြို့၌ ထေရဝါဒဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ထူထောင်နိုင်ခဲ့သည်။

ဆရာနှင့် ဒကာ လက်တွဲညီညီ ကြိုးပမ်းချက်အရ အမေရိကန်နိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာကို လူဖြူများ နားလည်လာစေရန် စွမ်းဆောင်ခဲ့သည်။

ဝိပဿနာကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးဂိုအင်ကာသည် အမေရိကန်ပြည်ထောင်စု အပါအဝင် ကမ္ဘာတစ်ဝန်းတွင် ဝိပဿနာ တရားရိပ်သာများ ထူထောင်နိုင်ရန် အားထုတ်ကြိုးပမ်းခဲ့သည်။

အိန္ဒိယ၊ အာရှ-ပစိဖိတ်ဒေသ၊ မြောက်အမေရိက၊ လက်တင်အမေရိက၊ ဥရောပ၊ ဩစတြေးလျနှင့် နယူးဇီလန်၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့တွင် တရားရိပ်သာများ ဖွင့်လှစ်နိုင်ရန် ဆရာကြီး ဦးဂိုအင်ကာက ကြိုးပမ်းခဲ့သည်။

ဆရာကြီး ဦးဂိုအင်ကာသည် ဝိပဿနာတရားပြ လက်ထောက်ဆရာ ၈၀၀ ကျော်ကို လေ့ကျင့်ပေးခဲ့ပြီး နှစ်စဉ် လူပေါင်း ၁၀၀၀၀၀ ကျော်သည် ဆရာကြီး ဦးဂိုအင်ကာ ကမကထပြုသော ဝိပဿနာ စခန်းပွဲများ၌ ပါဝင်အားထုတ်နိုင်ကြသည်။

ကမ္ဘာကျော်တရားပြ ဆရာကြီးဦးဂိုအင်ကာ၏ ဆရာမှာ ဆရာကြီး ဦးဘခင်ဖြစ်သည်။ ဦးဂိုအင်ကာသည် ကမ္ဘာအနှံ့လှည့်လည်ကုသခဲ့သော်လည်း မပျောက်ကင်းသည့် ပြင်းထန်ဆိုးရွားလှသော ခေါင်းခဲရောဂါ မိုက်ဂရင်းကို ခံစားခဲ့ရပြီး ဆရာကြီး ဦးဘခင်၏ ရိပ်သာ၌ တရားအားထုတ်သောအခါ ၎င်း၏ ရောဂါမှာ ယူပစ်သလိုပျောက်ကင်းသွားခဲ့သည်။

ငွေစာရင်းမင်းကြီး ဆရာကြီးဦးဘခင်သည် ၁၉၅၂ ခုနှစ်တွင် ရန်ကုန် အင်းလျားမြိုင်လမ်း၌ ဓမ္မရောင်ခြည်စေတီတော် တည်ထားကိုးကွယ်ကာ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနကို ထူထောင်ပြီး ဝိပဿနာ တရားရိပ်သာ ဖွင့်လှစ်ခဲ့သည်။

ဆရာကြီး ဦးဘခင်သည် ၁၉၃၇ ခုနှစ်တွင် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီးထံတွင် တရားအားထုတ်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဝေဘူဆရာတော်ဘုရားကြီးက မိမိရရှိထားသည့် တရားကို အခြားသူများအား ပြသပေးရန် ဦးဘခင်အား မိန့်တော်မူခဲ့သည်ဟု ကျွန်ုပ်လေ့လာမိသမျှ ကြိုးစားတင်ပြအပ်ပါသည်။ ။

# မျက်စိနာခြင်းအတွက် အိမ်တွင်းကုထုံးလေးများ



## တင်ထက်ထက်ဇော်

သင်္ကြန်လက်ဆေးမိုး ရုတ်တရက် ရွာချလိုက်၍လည်းကောင်း၊ နွေနေပူပူမှာ သင်္ကြန်ရေကစားပြီးနောက်မှာတော့ ခန္ဓာကိုယ်တွင်း အပူများသူများမှာ အပူရှပ်တတ်သလို၊ မျက်စိနာခြင်းလည်း ဖြစ်လာတတ်ပါတယ်။ မျက်စိနာတယ်လို့သာဆိုကြပေမယ့်၊ အမှန်ကတော့ မျက်လုံးရဲ့အဖြူရောင်အသား (Sclera) ကို ကာကွယ်ပေးထားတဲ့အမြှေးပါး အကြည် လေး (Conjunctiva) ရောင်ရမ်းခြင်းဖြစ်ပါတယ်။ ဆေးပညာအရ Conjunctivitis လို့ခေါ်ကာ အင်္ဂလိပ်လို Pink Eye လို့ ခေါ်ပါတယ်။

သုံးရက်ကနေ ငါးရက်ထက် ပိုမကြာပါဘူး။ သို့သော် ငါးရက်ကျော်သွားရင် ဗိုင်းရပ်စ်ကြောင့် မဟုတ်ဘဲ ပိုစိုးရိမ်စရာ အကြောင်းအရင်းတစ်ခုခု ဖြစ်လာနိုင်တာကြောင့် ဆရာဝန်နှင့် မဖြစ်မနေ ပြသင့်ပါတယ်။ မျက်စိနာတဲ့အခါ မျက်လုံးနီရဲရောင်ရမ်းခြင်း၊ မျက်ရည်ပူတွေ ပုံမှန်ထက်ပိုကျခြင်း၊ မျက်လုံးထဲမှာ ပြင်ပက ပစ္စည်းတစ်ခုခု ဝင်နေသလို ခိုးလိုးခုလု ခံစားရတတ်ခြင်း၊ အလင်း ရောင် မကြည့်နိုင်ခြင်း စတာတွေကြောင့် လူကို ကသိကအောက်ဖြစ်စေပါတယ်။

**မျက်စိနာတဲ့အခါ -**

(၁) မျက်ကပ်မှန် တပ်ဆင်ခြင်း၊ ရေကူးခြင်း၊ ခေါင်းလျှော်ခြင်း၊ စာကြာကြာဖတ်ခြင်း၊ တီဗီ၊ ကွန်ပျူတာ ကြည့်ခြင်း စတာတွေကို လုံးဝ ရှောင်ကြဉ်သင့်ပါတယ်။

(၂) မျက်စဉ်းတွေထဲမှာ Neomycin, Norfloxacin, Ofloxacin စတဲ့ ပဋိဇီဝ ပိုးသတ်ဆေးတွေ ပါဝင်တဲ့ အပြင် Dexamethasone ဆိုတဲ့ ရောင်ရမ်း ယားယံခြင်းကို သက်သာစေတဲ့ စတီးရွိုက်တစ်မျိုး ပါဝင်တာမို့ မျက်စဉ်းကို မဖြစ်မနေ ခတ်ပေးရပါမယ်။

(၃) မျက်စိကို ခဏခဏ ပွတ်ခြင်းမျိုး လုံးဝမပြုရ။

(၄) နာကျင် ရောင်ရမ်းယားယံခြင်း သက်သာအောင် သန့်စင်တဲ့ အဝတ်စ(သို့မဟုတ်) ပတ်တီးစ တစ်ခုကို ရေအေးအေးလေး မှာစိမ်ပြီး ကပ်နိုင်ပါတယ်။

(၅) ရောင်ရမ်း ယားယံခြင်းတွေ သက်သာအောင် Cetrizine (သို့မဟုတ်) Fenofexadine စတဲ့ ဆေးတွေ တစ်နေ့ နှစ်လုံးလောက် သောက်နိုင်ပါတယ်။

(၆) တတ်နိုင်သမျှ မျက်လုံးကို အနားပေးပါ။ အပြင်သွားရင် နေကာ မျက်မှန်တပ်ပေးပါ။

**မျက်စိနာခြင်းအတွက် အိမ်တွင်းကုထုံးလေးများ-**

(၁) သန့်စင်တဲ့ မိခင်နို့ရည်က ဘေးကင်း ထိရောက်တဲ့ ဆေးနည်းဖြစ်ပါတယ်။ ညစ်ယူမယ့် နို့သီးခေါင်းရဲ့ ပြင်ပ သန့်ရှင်းရေးနဲ့ ခံယူမယ့် ခွက်တို့၊ ဇွန်းတို့ကတော့ အထူး သန့်နေဖို့ လိုပါတယ်။

(၂) ကြိတ်မှန်ရွက် ကြိတ်ဖတ်နှင့် မန်ကျည်းသီးကိုနယ်၍ ညအိပ်ယာဝင် မျက်ခွံပေါ်အုံပေးပါ။

(၃) မန်ကျည်းပင်ခေါက်ကို ဆားနှင့်သွေး၍ ညအိပ်ယာဝင် မျက်ခွံပေါ် အပြည့်လိမ်း၍ အိပ်ပါ။

(၄) မန်ကျည်းရွက်ထောင်း၍ ရလာသောအရည်ဖြင့် မျက်စိကိုကွင်းပေးပါ။

(၅) အနီရောင်ပန်းပွင့်သော တောကြက်မောက်ပင်အမြစ်ကို ဆားနှင့် သွေး၍ ကွင်းပါ။

(၆) မြင်းခွာရွက်ကို ချင်းရည်နှင့်ဖျော်၍ သောက်ပေးပါ (သို့မဟုတ်) မြင်းခွာရွက်ကို ဂျင်းစိမ်းနှင့် ရောကျိတ်စားပါ။

(၇) အနီရောင် ဆေးမြင်းခွာကို ဂျင်းနှင့် သုပ်စားခြင်းက လက်တွေ့ ပျောက်ကင်း နိုင်ပါတယ်။

(၈) ဆီးဖြူသီးစားပါ။

(၉) မုန်လာဥအဖြူစားပါ။ မုန်လာဥ အဖြူကို ခပ်ပါးပါးလှီး၍ မျက်ခွံပေါ်ကပ်ပေးပါ။

(၁၀) အညာဒေသတွင် ပေါက်လေ့ရှိတဲ့ ကျည်းပင်(ကျည်နီးပင်)ရဲ့အစေ့ အဆံကိုသွေး၍ မျက်စိမှာကွင်းလိမ်းပေးပါ။

(၁၁) နံ့သာနီပင်(သို့မဟုတ်) နံ့သာနီ အမြစ် သွေးလိမ်းပါ။ ကရမက် လိမ်းပါ။ (နံ့သာဖြူ တောင်တံကြီး လုံးဝ မလိမ်းပါနှင့်)

(၁၂) မုလေးပန်းပင်ရဲ့ အသီးကို သွေးလိမ်းပါ။

**သန့်စင်တဲ့ မိခင်နို့ရည်က ဘေးကင်းထိရောက်တဲ့ ဆေးနည်းဖြစ်ပါတယ်။ ညှစ်ယူမယ့် နို့သီးခေါင်းရဲ့ ပြင်ပ သန့်ရှင်းရေးနဲ့ ခံယူမယ့် ခွက်တို့၊ ဇွန်းတို့ကတော့ အထူး သန့်နေဖို့ လိုပါတယ်**

(၁၃) ကွဲချို (သို့မဟုတ်) ဆိတ်ချို (သို့မဟုတ်) မြင်းသွား (သို့မဟုတ်) မိချောင်းစွယ် (သို့မဟုတ်) စပါးကြီးသည်းခြေတို့ကို သွေး၍ မျက်စိမှာ ကွင်းလိမ်းပေးပါ။

(၁၄) သစ္စာပန်းပွင့်ကို ချေ၍ မျက်ခွံပေါ် ကပ်ပေးပါ။

(၁၅) ဇီး(ဆီး)သီး၊ ဖရဲသီး၊ ငှက်ပျောသီး ဖီးကြမ်း အမှည့်၊ စပျစ်သီးအမှည့်၊ သင်္ဘောသီး၊ ခရမ်းချဉ်သီး၊ ဒန့်သလွန်သီး၊ ကြဲဇုသီး စားပေးပါ။

(၁၆) ပဒတ်သား၊ မြွေပွေး၊ မြွေဟောက်၊ မြွေငန်းသားတို့စားပေးပါ။

(၁၇) အုန်းရည်ချို၊ ထန်းရည်ချို၊ ကြံရည် သောက်ပါ။

(၁၈) အရက်သေစာများ၊ ဆေးရွက်ကြီး ပါသော ဆေးလိပ်၊ ကွမ်းယာတို့ မစားသင့်ပါဘူး။

(၁၉) မြင်းသား၊ ငါးသလောက်၊ ငါးဇင်ရိုင်း၊ ဝါးပိုးဝါးမျှစ်နှင့် မျှစ်ချဉ် အမျိုးမျိုး၊ ဒညင်းသီး(တညင်းသီး)၊ သရက်သီး မစားပါနှင့်။

**မှတ်ချက်။ အထက်ဖော်ပြပါ ဆေးမြီးတို လေးများက မျက်စိနာခြင်းကို ထိထိရောက်ရောက် သက်သာစေပါတယ်။ သို့သော် မျက်လုံးထဲသို့ တိုက်ရိုက်မထည့်ဘဲ၊ မျက်ခွံ (သို့မဟုတ်) မျက်စိတစ်ဝိုက်မှာ လိမ်းအုံပေးရမှာ ဖြစ်ပါတယ်။**



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မေ ၁၅ရက် သင်္ကြန်အကြတ်နေ့ (ဒုတိယနေ့)တွင် ရပ်ကွက်နှင့်ကျေးရွာအသီးသီး၌ နှစ်သစ်ကူးစတုဒိသာစုပေါင်း အလှူများ၊ ပုဂ္ဂလိကတစ်ဦးတည်းအလှူရှင်များ၏ အာဟာရဒါနစတုဒိသာ လှူဒါန်းသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မကွေးမြို့ မဟာသင်္ကြန် ဒုတိယအကြတ်နေ့ ပျော်ရွှင်စွာ ရေကစား

**မကွေး မေ ၁၆**

မကွေးမြို့၏ မဟာသင်္ကြန် ဒုတိယအကြတ်နေ့တွင် ပြည်သူများပျော်ရွှင်စွာ ရေကစားလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး ရည်ရွယ်ပြီး ဆိုင်ကယ်များ၊ ကားများအတွင်းမှ အရက်၊ ဘီယာဘူးများကို သိမ်းဆည်းခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်များအား ရှာဖွေခြင်းများကို မေ ၁၅ ရက် နံနက်ပိုင်းက ပြည်တော်သာလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်တွင် ဆောင်ရွက်ကြကြောင်းသိရသည်။

**ညီညီမောင်(မကွေး)**

## မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်(အကြတ်နေ့) ဆက်လက်ဆင်နွှဲ၊ စတုဒိသာကျွေးမွေးကုသိုလ်ပြုသူများပြား



**ငါ့သရောက် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် (အကြတ်နေ့) မေ ၁၅ ရက်တွင် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံများက အေးချမ်းစွာ ဆက်လက်ဆင်နွှဲနေကြပြီး ရေကစားမဏ္ဍပ်များတွင်လည်း စုပေါင်းကာ မုန့်ဟင်းခါး၊ ကြာဇံဟင်းခါးနှင့် မုန့်လုံးရေပေါ် စတုဒိသာများ ပြုလုပ်၍ လာသမျှသူအားလုံးကို ကုသိုလ်ပြု ကျွေးမွေးပေးလျက်ရှိကြောင်း သိရသည်။

ငါ့သရောက်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်သာရှိပြီး ရပ်ကွက်များအလိုက် ဒေသခံပြည်သူများက ရေကစားမဏ္ဍပ်များဆောက်လုပ်ထားရှိကာ ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း၊ ထိုသို့ ရေကစားရာတွင် ဒေသခံပြည်သူများ တစ်ဦးနှင့် တစ်ဦး ခိုက်ရန်မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ညောင်ဦးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များက ငါ့သရောက်မြို့ရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အလှည့်ကျ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

ငါ့သရောက်မြို့နယ်တွင် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ဒေသခံပြည်သူများ အနေဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနေကြပြီး ရေကစားမဏ္ဍပ်များတွင် စည်ကားလျက်ရှိနေကြောင်း၊ ယင်းအပြင် နှစ်သစ်ကိုကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် စတုဒိသာများ ကုသိုလ်ပြုကျွေးမွေးဧည့်ခံသူများဖြင့် ပျော်ရွှင်စွာဖြင့် ဆင်နွှဲလျက်ရှိနေကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မဆင်မခြင်မောင်းနှင်မှုအကြား ကြွေလွင့်သွားသောပန်းကလေး

**သရက်တန်းစိုးရွှေ(စိတ်ပညာ)**

သန့်ပြန့်စွာဝတ်စားရင်း သင်တန်းသွားတက်ရန်ပြောလာပေသည်။အလုပ်လုပ်ရင်း LCCIသင်တန်းတက်ခွင့်ပေးထားသည့်အတွက် မနက်ဆိုင်းတာဝန်ပြီးချိန်တွင်လာရောက်နှုတ်ဆက်ခြင်းပင်ဖြစ်သည်။ နာမည်က မိုးကို ဟုခေါ် တွင်သလို မကွေးမှလာရောက်လုပ်ကိုင်သည့်ကလေးငယ်ပင်ဖြစ်သည်။ ရည်ရွယ်ချက်ကြီးမားပြီး ပညာများကိုဆည်းပူးသည့် အားကိုးရသောလူငယ်ပင်ဖြစ်သည်။ အလုပ်မှစာရင်းပိုင်းများအားကိုးရသည့်အတွက် ဌာနအတွက်အရေးပါသူပင်ဖြစ်သည်။

ညနေပိုင်းတွင်ဖုန်းဝင်လာသည့်အတွက်ကိုင်လိုက်ရာ မိုးကိုဆိုင်ကယ်နဲ့ကားတိုက်မိလို့ဆေးရုံရောက်နေတယ်။ စိုးရိမ်ရတယ်ဆိုတဲ့ ဖုန်းဝင်လာခဲ့ပေသည်။ စိုးရိမ်မှုနှင့်အတူ လူလည်းပျာသွားပေသည်။ အလုပ်ထဲတွင်ရှိသောသူနှင့် ညီအစ်ကိုတော်သူပါခေါ်ပြီး မန္တလေးပြည်သူ့ဆေးရုံကြီး အရေးပေါ်လူနာဌာနကိုရောက်ရှိသွားပေသည်။ တွေ့လိုက်ပါပြီ အရေးပေါ်လူနာဌာနတွင် မိုးကိုရှိနေပေသည်။ ဆရာဝန်များမှအသက်ငယ်သေးတယ်ရအောင်ကုမည်ဆိုပြီး ကြိုးစားကုသနေပေသည်။ အခြေအနေတော့ သိပ်မကောင်းဘူး ဦးနှောက်အလုပ်မလုပ်တော့ဘူး အသည်းကိုထိထားတယ်။ လူငယ်မို့ ကြိုးစားကုမယ်ဆိုပြီး အစွမ်းကုန်ကြိုးစားနေသည်မှာကျေးဇူးတင်စရာပင်ဖြစ်သည်။လူနာအခြေနေမှန်ကိုရှင်းပြရင်း ဆရာဝန်များ ကြိုးစားကုသသည့်ကြား မိုးကိုမှာဆုံးပါးသွားခဲ့ပေသည်။

ဆို့နင့်မှုများနှင့်အတူ မိုးကိုအလောင်းကိုရေခဲတိုက်သို့ပို့ပြီး ငေါင်ငေါင်လေး ထိုင်နေမိလိုက်ပေသည်။ မကွေးရှိ သူတို့ရွာကို အကြောင်းကြားလိုက်သည့်အတွက်လိုက်လာပြီဆိုသည်ကိုအကြောင်းကြားလာပေသည်။ဖုန်းအဆက်အသွယ်အရ အလောင်းကိုရွာပြန်သယ်လိုပါတယ်တဲ့။ ကားဆရာကတော့ အချုပ်ထဲ ရောက်နေပေသည်။ မန္တလေး စက်မှုဇုန်(၁)တွင်တိုက်မိခြင်းဖြစ်တယ်တဲ့။ ဆို့နင့်ကြေကွဲမှုတို့နဲ့အတူစက်ရုံကိုပြန်လာခဲ့ပေသည်။ ကိုယ့်ဌာနက တပည့်တစ်ယောက်ကိုယ့်ရှေ့တွင်ပင်အသက်ဆုံးသွားသည့်မြင်ကွင်းက ရင်တွင်းမချိစရာပါ။ သူပြောဆိုလုပ်ကိုင်ခဲ့တဲ့ ကောင်းကွက်ကလေးတွေက ပြန်ပေါ်လာပြီး ဆုံးဖြတ်ချက်တစ်ခုချလိုက်မိပေသည်။ မင်းရဲ့ရွာပြန်ခရီးပြီးစီးအောင် လုပ်ပေးမယ်ဆိုပြီး ဆုံးဖြတ်မိလိုက်သည့်အဆုံးမျက်လုံးထဲမှမျက်ရည်တို့ အလိုလိုပါးပြင်ဆီ စီးကျသွားခဲ့ပေသည်။

နောက်မနက်ရွာမှမိုးကိုအဖေဖြစ်သူရောက်ရှိလာပေသည်။ ရေခဲတိုက်ကိုသွားကာအလောင်းထုတ်ယူနိုင်မည့်အချိန်ကိုစောင့်နေပေသည်။ ရွာအထိသယ်မည်မို့ ကြာကြာခံစေရန်ဆေးထိုးပေးရန်ကိုပင် အကူအညီတောင်းခံရင်း အေးချမ်းမြေနာမှုကူညီရေးအသင်းမှ ကားကလေးဖြင့် အခေါင်းထဲထည့်ကာ ကားပေါ်တင်လိုက်ပေသည်။ အယူအဆအမျိုးမျိုးအကြား အဆင်ပြေစေရန် အလောင်းမတင်ခင်ကပင် ဆီအပြည့်ဖြည့်ထားလိုက်ပေသည်။ မိုးကိုကတော့ မှန်ခေါင်းထဲတွင်ငြိမ်လျက်ပါလာပြီး မကွေးရှိ ရွာပြန်ခရီးကမလှပတော့ချေ။

တစ်ရွေ့ရွေ့မောင်းနှင်လာသော နာမှုကူညီရေးကားကလေး နားနားနေနေမောင်းနေရပေပြီ။ ပူပြင်းသော နွေရာသီတွင်ထမင်းစားချိန်များတွင်ဆိုင်နှင့်လွတ်ရာနေရာတွင်နာရေးကားကိုရပ်ကာစားသောက်ကြရပေသည်။ ဆို့နင့်မှုများဖြင့် ထမင်းကိုဟန်ပြသာစားနိုင်ပေသည်။ ရွာကိုအချိန်မီရောက်ရေးမောင်းပေးလာခဲ့ရပေသည်။ မကွေးမြို့နယ်အတွင်းရှိ မိုးကိုတို့ ရွာရောက်ခါနီးတွင်ရွာသူရွာသားများစွာ ကြိုနေကြသည်မှာ ဆို့နင့်ဖွယ်မြင်ကွင်းပင်ဖြစ်သည်။ ကားပေါ် အခေါင်းထဲကအလောင်းကိုထုတ်ယူကာ ထမ်းစင်ပေါ် ဖျာလိပ်နှင့်ပတ်တင်ကာကြိုးဖြင့်သိုင်းရင်းထမ်းလိုက်ကြပေသည်။

> **ဘွဲ့ရပညာတတ်ရှားသည့်ကျေးရွာကလေးတွင် ရွာကိုအကျိုးပြုမည့် ပညာတတ်ကလေးတစ်ယောက် ကြွေလွင့်ဆုံးရှုံးလိုက်ရပေသည်။ ကံတရားကို အပြစ်ပုံမချဘဲ လက်တွေ့ကျကျသုံးသပ်သမျှ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ မမောင်းနှင်သောယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ကို မဆောင်းသည့်သူများကြောင့်သာ**

ကားလမ်းမပေါက်ခြင်း၊ ကျေးရွာအယူအဆအရ အလောင်းကိုရွာထဲမှဖြတ်သန်းသယ်ဆောင်ခွင့်မရှိသည့်အတွက် ရွာသုံးရွာကို တောလမ်းမှပတ်ကာသယ်ဆောင်သွားကြပေသည်။ စို့နင့်ကြေကွဲမှုတို့နှင့်ဘာမျှမပြောနိုင်တော့ပေ။ မိုးကိုရဲ့ရွာပြန်ခရီးကမတင့်တယ် လှပေ။ သူ့ရွာအပြန်တွင် သူ့အလောင်းကို ဖျာလိပ်နှင့်ပတ်ကာထမ်းစင်ဖြင့်ရွာပြန်ရမည်ကို သူမသိနိုင်ပါချေ-။

ရွာပြန်အရောက်တွင် ရွာထဲအသွင်းမခံဘဲ ရွာအပြင်ယာတောထဲရှိသရက်ပင်အောက်တွင်အလောင်းကို ပြင်ဆင်လိုက်ကြပေသည်။မိဘများပြေးထွက်လာပြီး မိုးကိုအလောင်းရှိရာသူ့အဖေနဲ့အမေရောက်ရှိလာပေသည်။ ငိုချင်းချက်မဖြင့် သားအလောင်းကိုဖတ်ကာအော်ငိုနေပေသည်။ခံစားချက်အမှန်များတစ်လုံးချင်းရင်ထဲမှ လာသည့်အသံများကပတ်ဝန်းကျင်ရှိလူများကိုမျက်ရည်စို့ကာငိုစေရပေသည်။ အလောင်းဘေးတွင်အမေဖြစ်သူ့ အသံလေးပေါ်လာပေသည်။ အမလေးသားရေ. . . ပညာတတ်ကြီးကလည်းဖြစ်ချင်လိုက်တာ။ အမလေး ကွန်ပျူတာ ဆိုလည်းတက်မယ်. . တက်မယ်။ LCCIဆိုလည်းတက်မယ်. . တက်မယ်နဲ့ . . . ပညာတွေကိုလောဘကြီးလိုက်တာသားရယ် အခုတော့၊ မင်းရွာပြန်မလှတော့ပါလားသားရယ် . . .။ အမလေး-တောမှာနေရင်မတိုးတက်ဘူး မြို့ကိုသွားပြီးအလုပ်လုပ်ရင်းပညာသင်မယ်ဆို. . . ပညာတွေတတ်လာရင်အမေ့ကိုလုပ်ကျွေးမယ်ဆိုတဲ့သားလေး-အခုတော့ရွာပြန်မလှပါလားသားရေ . . .။ မန္တလေးမြို့ကြီးကို အမေဘုရားဖူးတောင်မသွားတော့ဘူးသားရေ ---။ မြို့ကို စိတ်နာလို့တော့မဟုတ်ပါဘူး. . အမေ့သားလေးအသေနဲ့ပြန်ခဲ့ရတဲ့မြို့ . . . အမေမသွားတော့ဘူးသားရေ. . .။

ပညာတတ်ဖြစ်ချင်တဲ့ကိုမိုးကိုရေ . . . အမေ့ကိုထကြည့်ပါအုံးသားရဲ့. . . အမလေး. . မင်းရဲ့ရွာပြန်ခရီးက မလှပါလားသားရေ . . .။ ရွာထိပ်ကနေ. . ဖျာလိပ်နဲ့ပတ်ပြီးယာတောထဲထားရတဲ့ဘဝ။အဖြစ်ဆိုးလိုက်တာသားရယ် . .။ ငါ့သားလေး အမေ့စကားကိုနားမထောင်ဘူး။ မန္တလေးမြို့မှာဆိုင်ကယ်မစီးပါနဲ့ဆိုတာကိုစီးတယ်။ အခုတော့ ဆိုင်ကယ်နဲ့ကားနဲ့တိုက်ပြီး ရွာပြန်တောင်မလှတော့ပါလားသားရေ။ ခံစားချက်များတစ်လုံးချင်းစီပြောကာ ငိုကြွေးနေတဲ့မြင်ကွင်းက ကြားသူတိုင်းကို မျက်ရည်ကျစေခဲ့ပေသည်။ ရွာဓလေ့အရအသုဘအိမ်တွင် ဖွင့်သောအသံချဲ့စက်မှလည်းငိုချင်းများနှင့်အတူ တရားခွေများကိုဖွင့်ပေးနေပေသည်။ ရွာနီးချုပ်ဆက်မှဆိုင်ကယ်နဲ့ကားနဲ့ တိုက်လို့ဆုံးသွားသည်ဆိုသော သတင်းဆိုးနှင့်မိုးကိုကိုလာရောက်ကြည့်ရှုရင်းငိုနေကြပေသည်။

ဘွဲ့ရပညာတတ်ရှားသည့်ကျေးရွာကလေးတွင်ရွာကိုအကျိုးပြုမည့်ပညာတတ်ကလေးတစ်ယောက်ကြွေလွင့်ဆုံးရှုံးလိုက်ရပေသည်။ကံတရားကိုအပြစ်ပုံမချဘဲလက်တွေ့ကျကျသုံးသပ်သမျှ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ မမောင်းနှင်သောယာဉ်မောင်းများနှင့်ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ကို မဆောင်းသည့်သူများကြောင့်သာလျှင်သေဆုံးရခြင်းပင်ဖြစ်ပေသည်။ ဆိုင်ကယ်စီးမည်ဆိုလျှင်ဆိုင်ကယ်စီးဦးထုပ်ဆောင်းဖို့၊ ကားမောင်းလျှင်လည်း ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီမောင်းရေးအဖြစ်ဆိုးနှင့်ရွာပြန်မလှသည့် မိုးကိုအဖြစ်ကိုသတိရဖို့လိုနေပါချေပြီ။ မဆင်မချင်မောင်းနှင်မှုအကြားပန်းကလေးများ မည်မျှကြွေနေသည်ကို သတိရရင်းဂရုစိုက်မောင်းနှင်ခြင်းဖြင့် ပတ်ဝန်းကျင်ကို အလှဆင်ပေးဖို့လိုအပ်လှပါပေသည်။ ။

# ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ)တည်ဆောက်ရေးလုပ်ငန်း (၇၃)ရာခိုင်နှုန်းကျော်ပြီးစီး

**ကလေးဝ မေ ၁၆**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဒေသကုန်စည်စီးဆင်းမှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ချင်းတွင်းမြစ်ကို ဖြတ်ကျော် တည်ဆောက်လျက်ရှိသော တတိယမြောက် ချင်းတွင်းမြစ်ကူးတံတား (ကလေးဝ)ကိုစစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ရေဦး-ကလေးဝလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၁၀၅/၄)တွင် တည်ဆောက်လျက်ရှိရာလက်ရှိအချိန်တွင် တံတားတစ်စင်းလုံး ၇၃ ရာနှုန်းကျော် ပြီးစီးပြီ ဖြစ်ကြောင်းသိရသည်။




"တမူး - ကျီကုန်း - ကလေးဝ လမ်းကနေ ချင်းတွင်းမြစ်ကူး (ကလေးဝ) တံတားကို ဖြတ်ကူးကာ တန့်ဆည်-ရေဦး - ခင်ဦး - ရွှေဘိုလမ်းကနေ တစ်ဆင့် မန္တလေးမြို့သို့လည်းကောင်း၊ တန့်ဆည် - ရေဦး- မုံရွာမြို့တွေအထိလည်းကောင်း၊ တန့်ဆည်-ရေဦး-ခင်ဦး - မြစ်ကြီးနားမြို့တွေအထိ တိုက်ရိုက်သွားလို့ရတယ်။ မုံရွာ-ယာကြီး - ကလေးဝ လမ်းနဲ့စာရင် ဒီချင်းတွင်းတံတား(ကလေးဝ)ကို ဖြတ်ကူးတဲ့လမ်းက ရာသီမရွေးသွားလို့ရမှာပါ။ ဒီတံတားကြီးပြီးသွားရင် မြန်မာပြည်အောက်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေက ကုန်စည်တွေကို နယ်စပ်ဒေသအထိအဆင်ပြေချောမွေ့စွာ တင်ပို့နိုင်သလို အိန္ဒိယနိုင်ငံက ကုန်ပစ္စည်းတွေကိုတမူးမြို့ကနေ မြန်မာပြည်အလယ်ပိုင်း မန္တလေးမြို့ အထိတိုက်ရိုက် သယ်ယူပို့ဆောင်နိုင်မှာဖြစ်ပါတယ်"ဟု တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါတံတားကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၁၉၂၅သန်းဖြင့် အကုန်အကျခံတည်ဆောက်ခြင်းဖြစ်ပြီး တံတားအရှည် ၈၅၄ ဒသမ ၈၈မီတာ၊ တံတားအကျယ် ၁၀ ဒသမ ၂ ရှိ သံမဏိသံဘောင်တပ်၊ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ၇၅ တန်ဝန်ခံအားရှိမည် ဖြစ်သည်။

လက်ရှိအချိန်တွင် တံတားအပေါ်ထည်လုပ်ငန်းများသာဆောင်ရွက်ရန်ကျန်ရှိပြီး ပင်မတံတားအတွက် တံတားသံဘောင် P-6 မှ P-5သံဘောင် တစ်ခန်းတပ်ဆင်ပြီး P-5 မှ P-4 သံဘောင် တစ်ခန်းဆက်လက် တပ်ဆင်လျက်ရှိကာ ချဉ်းကပ်တံတားအတွက် သံဘောင်ရက်မ Plate Girderများတင်ပြီး ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်အား ဖြတ်ကူးတည်ဆောက်ထားသည့် တံတားကြီးများအဖြစ် ချောင်းဦးမြို့နယ်ရှိ ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား၊ မုံရွာမြို့နယ်ရှိ ချင်းတွင်းတံတား(မုံရွာ)တို့ တည်ဆောက်ပြီးစီး၍ အသုံးပြုနေပြီး ချင်းတွင်းမြစ် ကူးတံတား(ကလေးဝ)မှာ တည်ဆောက်နေဆဲဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## မီးဘေးသင့် ပြည်သူများအား လှူဒါန်း

**တာချီလိတ် မေ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မီးဘေးသင့်ပြည်သူများအတွက် စံလင်းဖြိုးကုမ္ပဏီမှ ဦးအားတီနှင့်ဇနီး ဒေါ်ခင်ခင်ထွေး မိသားစုတို့က ငွေကျပ်၂၉သိန်းကို မေ ၁၅ ရက်က လာရောက် လှူဒါန်းရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်တို့က မီးဘေးသင့်ပြည်သူများကိုယ်စား လက်ခံရယူခဲ့ကြောင်း သိရသည်။

ထို့အတူ မေ ၁၂ ရက်တွင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလ (မိုင်းလင်းဆရာတော်ဘုရားကြီး)က ငွေကျပ်သိန်းနှစ်ဆယ်နှင့် ထိုင်းဘတ်ငွေ ၂၂၀၀၀ကိုလည်းကောင်း၊ မေ ၁၃ ရက် နံနက်က ရွှေတာချီလူမှုကူညီရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဘိုစံနှင့် အမှုဆောင်မိသားစုများက ငွေကျပ် ၁၄၂၅၀၀၀ ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# မုံရွာမြို့ပေါ်နှင့်မြို့နယ်အတွင်း အင်းအိုင်နှင့် ရေကန်များမပျောက်ရန်အထူးလိုအပ်နေ

**မုံရွာ မေ ၁၆**

မုံရွာမြို့ပေါ်နှင့်မြို့နယ်အတွင်းရှိအင်းအိုင်နှင့် ရေကန်ကြီးများမပျောက်ကွယ်ရန် အချိန်မီထိန်းသိမ်းပါမှသာ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်သုဉ်းတော့မည့်အ ရေးကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း မုံရွာဒေသခံသက်ကြီး မြို့မိမြို့ဖများထံမှသိရသည်။

"အခုလက်ရှိအခြေအနေက မုံရွာမြို့ပေါ်နဲ့ မြို့နယ်အတွင်း အင်းအိုင်နဲ့ရေကန်ရေတွင်း အဝီစိတွင်းတွေ ရေခမ်းတဲ့ဟာခမ်းနေပါပြီ။ ခေတ်အဆက်ဆက် မြို့ပြ ချဲ့ထွင်ကြတဲ့အတွက် အခုမှာ သမိုင်းဝင်မြို့အင်္ဂါရပ်တွေ ပျောက်ကုန်နေပါပြီ။ လုံးဝပျောက်ကွယ်တာရှိသလို တချို့ တစ်ပိုင်းတစ်စသာ ကျန်တာတွေရှိပါတယ်။ အထူးသဖြင့် အင်းလေးအင်း အိုင်လေးအိုင်တို့ဟာအချို့လုံးဝပျောက်ပြီး တချို့အစိတ်အပိုင်းလောက်ပဲကျန်တော့တယ်။ ခေတ်ရဲ့တောင်းဆိုချက် မဟုတ်ဘဲ လူအချို့ရဲ့ဝိသမလောဘကြောင့် ပျောက်ကွယ်တာဖြစ်တဲ့အတွက် စိတ်မချမ်းသာစရာဖြစ်ကြရပါတယ်။"ဟု မြို့မိမြို့ဖစာရေးဆရာကြီး ဦးသာဌေး(အောင်သာစံ)က ပြောပြသည်။

မုံရွာမြို့ ရေဝင်ရေလဲအဖြစ် အသုံးဝင်ခဲ့သောမြို့လည်မှကျီးအင်း(ကန်တော်ကြီး) မှာ တစ်ခုလုံးမြေဖို့၍ မြေကွက် ရိုက်ရောင်းစားခဲ့ကြသလိုလှေကူးအင်း(ကန်သာယာ) ထန်းတောအင်းတို့မှာအစိတ်အပိုင်းအတော်များများပျောက်ကွယ်ခဲ့ရပြီး မုံရွာမြို့တောင်ဖက်ရှိဆားကျင်းအင်းကြီးမှာလည်းသောက်သုံးမရ အောင်ရေညစ်ညမ်းစေသည့် ကျဲလူးဝက်လူးရွံ့ပုတ်အိုင်ဖြစ်နေသည်။

အဆိုပါ အင်းအိုင်များသည်မိုးရေ ချောင်းရေ မြစ်ရေများ သိုလှောင်ပြီး မြေအောက်ရေချိုအဖြစ် ပြောင်းလဲပေးသောသဘာဝ ရေစစ်ကန်များဖြစ်သလိုဝါဆိုဝါခေါင် မိုးရာသီချင်းတွင်း မြစ်၏ရေ ဘေးဒဏ်ကိုမုံရွာမြို့အနေဖြင့် သက် သာစေရန် ရေလှောင်ဆည်ကြီးများအဖြစ် အသုံးဝင်စေသည်။ ထို့ပြင် ကမ္ဘာ့ဆောင်းခိုငှက်များပင် အုပ်စုဖွဲ့နားခိုကျက်စားခဲ့သည့် အင်းအိုင်ကြီးများဖြစ်ခဲ့သလိုမီးရေးထင်း ရေးအတွက်ရေအလွယ်တကူရယူအသုံးဝင်ခဲ့သည်။ ယခုအခါ အင်းအိုင် များ နည်းသွားပြီးရေမသွင်းတော့သလို မြေသားချည်းသာ ကျန်တော့ရာအဆိုမြေပေါ်တွင် အကွက်ရိုက်ရောင်းစား နေခြင်းမျိုးရှိကြောင်းသိရသည်။

"အထူးပြောလိုတာကမုံရွာထန်းတောအင်း လှေကူးအင်း(ကန်သာယာ) ဆားကျင်းအင်း တို့ရဲ့ကျန်နေသေးတဲ့အပိုင်းတွေကို အမြန်ထိန်းသိမ်းပေးဖို့လိုပါမယ်။ ကျန်တဲ့အင်းနယ်နိမိတ်တွေကိုတိုင်းတာသတ်မှတ်ပြီးနှစ်စဉ်ရေသွင်း ရေလဲပြုလုပ် ရပါမယ်။ တစ်နှစ်လုံးလည်း ရေအမြဲရှိအောင် လုပ် ရပါမယ်"ဟု မုံရွာမြို့နေ စာရေးဆရာကြီး ဦးအုံ့မောင် က ပြောပြသည်။

ပုဂံခေတ်နှောင်းပိုင်း ကပင် မုံရွာသည် ချင်းတွင်းမြစ်ကူးတို့ဆိပ်(လှေကူးရွာစု)မှအစပြုဖြစ်တည်တိုးတက်လာခဲ့ပြီး ကိုလိုနီခေတ်ဦး ၁၈၈၈ခုနှစ် မေ ၂၅ ရက်တွင် အောက်ချင်းတွင်း ဒိစတြိတ်ခရိုင်မြို့ကြီးဖြစ်လာသည်။ ကျေးရွာအဆင့်ရှိစဉ်ကပင် နောင်မြို့ကြီးဖြစ်လာမည့်အကြောင်း 'မုန့်သည်မရွာ ခေါ်သညာ နောင် ခါမြို့ကြီးဖြစ်လတ္တံ့။ဘုရားလေးဆူ ဂူလည်းလေးဖြာ ကျစ်မှာလေးပါး သိမ်ကားလေးဆောင် ချောင်လေးချောင်ကုန်းယောင်လေးမည် အိုင်လေးလီအင်းသည် လေးအင်းရှိလတ္တံ့။ အင်းအိုင်ကုန်းချောင်ပေါ်ထွန်းဆောင်နောက်နောင်မြို့ကြီးဖြစ်လတ္တံ့ဟူ၍ သံပိုင်း လင်္ကာရေးဖွဲ့ဟောကိန်းထုတ်ခဲ့ကြောင်းမုံရွာသမိုင်းတွင်တွေ့ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သီပေါမြို့ နမ့်ပေါ့ချောင်းကူးတံတားသစ်ကြီးအား ဖွင့်လှစ်

**သီပေါ မေ ၁၆**

လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ကသီပေါစော်ဘွားကြီးများလက်ထက်နိုင်ငံခြား အင်ဂျင်နီယာများနှင့်တည်ဆောက်ခဲ့သည့် သီပေါမြို့နမ့်ပေါ့ချောင်းကူးကျောက်တံတားကြီးမှာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၅ ရက် မွန်းတည့် ၁၂ နာရီခန့်တွင်မိုးသည်းထန်စွာရွာသွန်းမှုနှင့်တောင်ကျရေများကျဆင်းလာမှုတို့ ကြောင့် ကျိုးကျပျက်စီးခဲ့ရသည်။ ယင်းကဲ့သို့ကျိုးကျပျက်စီးမှုကြောင့် ၎င်းတံ တားပေါ်တွင်ရောက်ရှိနေသောအမျိုးသားလေးဦးနှင့် ၁၇နှစ်အရွယ်မိန်းကလေး တစ်ဦးတို့ပွဲချင်းပြီးသေဆုံးခဲ့ရသည်။

ကျိုးကျသွားခဲ့သော အဆိုပါတံတားနေရာ၌ ယာယီဘေလီသံဘောင်ချောင်း ကူးတံတားတစ်စင်းကိုအမြန်အစားထိုးတည်ဆောက်ပြီး ဇူလိုင်လ၃၀ ရက် ညနေပိုင်းမှစတင်၍ခံနိုင်ဝန်တန်ချိန်၂၀ထက်မပိုသည့်စက်တပ်ယာဉ်များကို ဖြတ်သန်းသွားလာခွင့်ပြုခဲ့သည်။

ယင်းယာယီဘေလီသံဘောင်တံတားနှင့်အပြိုင် အရှည်ပေ ၁၈၀၊ နှစ်ဘက်လူသွားလမ်း သုံးပေစီပါလမ်း အကျယ်ပေ ၃၀၊ ခံနိုင်ဝန်တန်ချိန် ၆၀ အားရှိ သံကွန်ကရစ်ကိုယ်ထည်၊ သံဘောင်ယက်မကွန်ကရစ်ကြမ်းခင်းတံတား သစ်ကြီးကိုတည်ဆောက်ခဲ့ကြသည်။ ဆောက်လုပ်ပြီးစီးသွားခဲ့သောယင်းတံတားသစ်ကြီး၌ ဆရာတော်သံဃာတော်များက မေ ၆ ရက် ညနေပိုင်းတွင် အန္တရာယ်ကင်းပရိတ် ကမ္မဝါများကို ရွတ်ဖတ်သရဇ္ဈာယ်ပေးတော်မူ ခဲ့ကြသည်။

မေ ၁၀ ရက်နေ့တွင် တံတာဖွင့်လှစ်ခဲ့သည်။ ယခုအခါ အဆိုပါ နမ့်ပေါ့ချောင်းကူးတံတားသစ်ကြီးပေါ်မှနမ့်ဆန်၊ နမ္မတူ အစုန် အဆန်ကားများ၊ ဂေါ်တန်ကျောက်တင်ကားကြီးများနှင့် စက်တပ်ယာဉ်မျိုးစုံတို့သည်နေ့ရောညပါလွယ်ကူချောမောစွာဖြတ်သန်းမောင်းနှင်သွားလာလျက်ကြကြောင်း သိရသည်။

**သီပေါကိုလတ်**





# သင်္ကြန်ကာလအတွင်း ပွဲကောက်ရေတံခွန်၌ အပန်းဖြေသူများနှင့် စည်ကား

**ပြင်ဦးလွင် မေ ၁၆**

မန္တလေးသင်္ကြန်သည် တစ်နိုင်ငံလုံး၏ စိတ်ဝင် စားခြင်းခံရသောနှစ်သစ်ကူးပွဲတော်တစ်ခုဖြစ်သည်။ ရုပ်ရှင်အနုပညာသည် သက်ကြီးပိုင်းနှင့် ဝါရင့်အဆိုတော်ကြီးများ တကူးတကန့်လာ ရောက်ဖျော်ဖြေတင်ဆက်ကြသောပွဲတော်လည်းဖြစ်သည်။

မန္တလေးမြို့မ၏ ဖွားဖက်တော်လည်းဖြစ်သည်။ ဤကဲ့သို့ ထင်ရှားထူးခြားလှသည့် မန်းသင်္ကြန်ကို တစ်နိုင်ငံလုံးရှိဝါသနာရှင်များက လာရောက် ဆင်နွှဲကြသည်။

ယခုနှစ်မန်းသင်္ကြန်သည် မဏ္ဍာပ်ဦးရေနည်းပါးသောကြောင့်ရေပက်ခံထွက်သူများနှင့်အလှပြကြည့်သူများသည်။ မန္တလေးမှတစ်ဆင့် ပြင်ဦးလွင်သို့တက်၍ရေပက်ခံထွက်ရင်း အပန်းဖြေကြသည်။ အထူးသဖြင့် ပွဲကောက်ရေတံခွန်သည် အများပြည်သူ စိတ်အဝင်စားဆုံးနေရာဖြစ်သည်။

ရေတံခွန်မှရေကစားရင်းရေချိုးရင်းကျန်းမာရေးအတွက်အကောင်းဆုံးအနားယူအပန်းဖြေရာနေရာဖြစ်သည်။

ယခုနှစ်သင်္ကြန်တွင် ပွဲကောက်ရေတံခွန်၌ ရေချိုးအပန်းဖြေသူ များပြားသဖြင့်ဘောကွင်းငှားရမ်းသူများအဆင်ပြေနေကြသည်။

ထို့ကြောင့် အယ်နီညိုရာသီဥတုပြင်းထန်သည်ဆိုသော်လည်း ပြင်ဦးလွင်ရှိ ပွဲကောက်ရေတံခွန်၌ အပန်းဖြေသူများပြုံးပျော်ရွှင်မြူးလျက်ရှိသည်ကိုတွေ့ရသည်။

**(၆၂၄)**

# အထင်အမြင် လွဲမှားစေနိုင်သည့် အဝတ်အစား၊ အသုံးအဆောင်များ ဝတ်ဆင်သွားလာနေသူများကို ရဲတပ်ဖွဲ့ဝင်များက အသိပညာပေး

**နေပြည်တော် မေ ၁၆**

၂၀၁၆ ခုနှစ် မေ ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၈၀×၃၅ လမ်းထောင့်၌ ချမ်းအေးသာစံမြို့မရဲစခန်းမှူးနှင့်အဖွဲ့သည် သင်္ကြန်ရေကစားထွက်သည့် 8C/×××× လိုက်ထရပ်ယာဉ်ပေါ်တွင် အများပြည်သူများ အထင်အမြင်လွဲမှားစေနိုင်သည့်ပြောက်ကျားဝတ်စုံနှင့် အီကွေ့မင့်အနက်ရောင်ဝတ်ဆင်သွားလာနေသော လူငယ်ခြောက်ဦး၊ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်း ပြည်ကြီးတံခွန်မြို့မရဲစခန်းအရှေ့၌ ပြည်ကြီးတံခွန်မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးအဖွဲ့သည် သင်္ကြန်ရေကစားထွက်နေသည့် 8C/×××× JEEP ယာဉ်ပေါ်တွင် စစ်စိမ်းရောင်အင်္ကျီများဝတ်ဆင်၍ လှည့်လည်သွားလာနေသော လူငယ်ခြောက်ဦးနှင့် ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၇၁ လမ်း×၇၂ လမ်းကြားရှိ မြို့တော်မဏ္ဍာပ်ရှေ့တွင် မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးဦးစီးသည့်အဖွဲ့က သင်္ကြန်ရေကစားထွက်သည့် JEEP ယာဉ် သုံးစီးပေါ်၌ ပြောက်ကျား ဝတ်စုံနှင့် အနက်ရောင်ဝတ်စုံများ ဝတ်ဆင်သွားလာနေသည့် လူငယ် ၁၅ ဦးတို့အား တွေ့ရှိသဖြင့် အများပြည်သူများ အထင်အမြင်လွဲမှားစေနိုင်သည့် အဝတ်အစားများ၊ အသုံးအဆောင်များအား အသုံးမပြုရန် အသိပညာပေးဆွေးနွေးခဲ့ပြီး ပစ္စည်းများအား ခေတ္တထိန်းသိမ်းထားကာ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# လှိုင်ကော်မြို့တွင် မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၆**

မြန်မာ့ရိုးရာသင်္ကြန်ကာလတွင် အများပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးကိစ္စများ ဦးစားပေး ဆောင်ရွက်နေရသည်ကို အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နိုင်သဖြင့် တားဆီးနှိမ်နင်းရေးကို စီမံချက်များရေးဆွဲ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၀) လှိုင်ကော်မှ တပ်ဖွဲ့ဝင်များသည် လှိုင်ကော်မြို့နယ် လှိုင်လင်လေးကျေးရွာအုပ်စု ကျောက်ကြီးမြောက်ကျေးရွာ တောင်ဘက် ဆီဆိုင်-လှိုင်ကော်သွား ကားလမ်းမပေါ်တွင် မောင်လှ မောင်းနှင်ပြီး တမောင်း လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ မောင်လှ၏ ခါးတွင်ပတ်ထားသည့် ခါးပတ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၅ ပြား၊ 45 Auto ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်ခုနစ်တောင့်၊ ပြုပြင်ထားသော 45 Auto ကျည် ၁၂ တောင့်နှင့်လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ မှာယူသူ လှိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု စက်မှုဇုန်ရပ်ကွက်နေ မင်းမင်းအား ၎င်းနေအိမ်တွင် ဖမ်းဆီးရမိသဖြင့် မောင်လှ(ခ)ကိုလှ(၃၆) နှစ်၊ တမောင်း (၃၉)နှစ်နှင့် မင်းမင်း(ခ) မင်းမင်းဦး (၃၅)နှစ်တို့သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



တရားခံ မောင်လှ(ခ)ကိုလှ၊ တမောင်း နှင့် မင်းမင်း(ခ)မင်းမင်းဦးတို့ သုံးဦးအား ဖမ်းဆီးရမိမူးယစ် ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



# စပါးခွံအိတ်များနှင့် ဖုံးအုပ်သယ်ဆောင်လာသည့် တရားမဝင် ပိတောက်ခွဲသားရွေးတုံးများ သိမ်းဆည်းရမိ

**စစ်ကိုင်း ဧပြီ ၁၆**

စစ်ကိုင်းခရိုင်နှင့် မြို့နယ်သစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၂ ရက် နံနက်ပိုင်းက တရားမဝင်ပိတောက်ခွဲသားရွေးတုံးများ သယ်ဆောင်လာသည့် ၁၂ ဘီးယာဉ် တစ်စီးသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဇော်ဝင်းဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် နယ်မြေသတင်းအရ ဧပြီ ၁၂ ရက် နံနက်ပိုင်းက စစ်ကိုင်း-မုံရွာ-ရွှေဘိုကားလမ်းတစ်လျှောက် တရားမဝင်သစ်ရှာဖွေဖမ်းဆီးခြင်းဆောင်ရွက်စဉ် ချောင်းဦးမြို့နယ်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးကျော်သိန်းထွန်း၊ စာကလေးအင်းကျေးရွာ အမရပူရမြို့နယ်နှင့် လိပ်စာအတူ ယာဉ်နောက်လိုက် စိုင်းသူအောင်၊ ယာဉ်ပေါ်ပါ ဦးမြင့်ဆွေ စိုင်ရားကျေးရွာ ယင်းမာပင်မြို့နယ်နေသူတို့ လိုက်ပါလာသည့်ယာဉ်အမှတ် - KYH/ 9D-xxxx Nissan Disel Counter (၁၂)ဘီးယာဉ် ကိုယ်ထည်ခဲရောင်နှင့် ခေါင်းအဝါရောင်အား စစ်ကိုင်းမြို့အိုးဘိုအဝိုင်းပတ်အနီးတွင် ရပ်တန့်စစ်ဆေးရာ တရားမဝင် ပိတောက်ခွဲသားရွေးတုံးများအား စပါးခွံအိတ်များနှင့် ဖုံးအုပ်သယ်ဆောင်သည်ကို စစ်ဆေးတွေ့ရှိသဖြင့် ပိုးတန်းရပ်မြို့နယ် သစ်တောရုံးသို့မောင်းနှင်စေပြီး သက်သေများနှင့်အတူချတိုင်းစစ်ဆေးရာ တရားမဝင်ပိတောက်ခွဲသားရွေးတုံး ၇၉ တုံး ၁၀ဒသမ ၃၉၀၂ တန်အားသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်သစ်တောဦးစီးဌာနက သိမ်းဆည်းရမိ တရားမဝင် ပိတောက်ခွဲသားရွေးတုံးများအား ပိုးတန်းသစ်တောရုံးတွင်သိမ်းဆည်းထားပြီး ယာဉ်အားမြို့မရဲစခန်းတွင်အပ်နှံ၍တရားမဝင် ပိတောက်ခွဲသားရွေးတုံးများသယ်ဆောင်မောင်းနှင်လာသူ ယာဉ်မောင်းကျော်သိန်းထွန်းနှင့် ယာဉ်နောက်လိုက် စိုင်းသူအောင်၊ ယာဉ်ပေါ်ပါ မြင့်ဆွေတို့အား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**



# ရေကစားနေသူများထံမှ ဖုန်းများခိုးယူသူအား လုံခြုံရေးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များက ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၁၆**

ဧပြီ ၁၂ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၆ လမ်း ၇၈×၇၉ လမ်းကြားNinja မဏ္ဍပ်၌ လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များသည် မဏ္ဍပ်ရှေ့၌ မသင်္ကာဖွယ်သူတစ်ဦးအားတွေ့ရှိရ၍ သက်သေများနှင့်အတူ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်နေ ထွန်းထွန်း(၂၇)နှစ်ဖြစ်ပြီး ၎င်းထံမှတွေ့ရှိသည့် HUAWEI လက်ကိုင်ဖုန်း တစ်လုံး၊ Samsung လက်ကိုင်ဖုန်း နှစ်လုံးနှင့် Honor လက်ကိုင်ဖုန်း နှစ်လုံးတို့အား မဏ္ဍပ်ရှေ့တွင် ရေကစားနေသူများထံမှ ခိုးယူထားခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံဖုန်းများသိမ်းဆည်းပြီး ထွန်းထွန်းအား အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## အထူးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

## အကယ်ဒမီနေတိုး(ထပ်ဆင့်အကယ်ဒမီ)

၂၀၁၅-ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို "နက္ခတ်များတဲ့တိုက်ပွဲ"ဇာတ်ကားကြီးဖြင့် ထိုက်ထိုက်တန်တန် အကယ်ဒမီဆုကို ဆွတ်ခူးရရှိခဲ့သော နေတိုး(ထပ်ဆင့်အကယ်ဒမီ) အား မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)မှ အထူးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်လာမည့်နှစ်များမှာလည်း အကယ်ဒမီဆု ထပ်မံဆွတ်ခူးရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

